# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၂) ရက် ၊ သောကြာနေ့ ၊ (24-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၁၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ


**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် **Air Chief Marshal Punpakdee Pattanakul** ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်လေတပ်မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူး

**စာမျက်နှာ ၁၇ ကော်လံ ၁ ⇨**

ရတနာပုံ
၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# မွန်မြတ်သောကာလဒါန ကထိန်အလှူ

ကထိန်ပွဲသည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အတွင်းသာ ကျင်းပရသော ဗုဒ္ဓပူဇနိယပွဲဖြစ်သည်။ မိမိလှူဒါန်းလိုသည့်အချိန်တွင် လှူဒါန်းသည့် အလှူပွဲမျိုးမဟုတ်သောကြောင့် မွန်မြတ်သောကာလဒါနအလှူဖြစ်သည်။ ကထိန်သင်္ကန်းကပ်လှူရာ၌ အလှူခံပုဂ္ဂိုလ် သံဃာတော်များနှင့် အလှူရှင်များအတွက် စည်းကမ်းချက်များကို ဘုရားရှင်ကိုယ်တော်တိုင်ထားရှိခဲ့သည်။ ထိုစည်းကမ်းချက်များနှင့်အညီ လှူဒါန်းမှသာ ကထိန်အလှူမြောက်ကာ ကုသိုလ်ထူးကို ရရှိမည်ဖြစ်ပေသည်။

"ကထိန်"ဆိုသည်မှာ "ကထိန"ဟူသော ပါဠိမှ ဆင်းသက်လာသည်။ "ကထိန်"ဟူသည် အရောင်ဆိုးခြင်း၊ ဖြတ်ခြင်း၊ ချုပ်ခြင်း၊ လှူဒါန်းခြင်း၊ ခင်းကျင်းခြင်း စသောသင်္ကန်းနှင့်ပတ်သက်သမျှ အကြောင်းအရာအားလုံးကို ခြုံငုံ၍ခေါ် ဆိုခြင်းဖြစ်သည်။ "ရဟန်းတော်များတွင် သင်္ကန်းရှားပါးခြင်းမှကင်းကြပါစေ"ဆိုသည့် ရည်ရွယ်ချက်ဖြင့် ကထိန်သင်္ကန်းကပ်လှူခြင်းဖြစ်သည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားရှင်အား ဖူးမြော်ရန် ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့သည် ဝါကျွတ်သောအခါ ဝါဆိုဝါကပ်ရာဖြစ်သော သာကေတပြည်မှ ခြေကျင်ခရီးဖြင့် ကြွလာခဲ့ကြရသည်။ ထိုစဉ် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရဟန်းများ မိုးရေစိုစွတ်ကုန်ကြသည်။ မိုးရေစိုစွတ်သောသင်္ကန်းဖြင့်ပင် မြတ်စွာဘုရားအား ဖူးမြော်ကြရသည်ကို ဘုရားရှင် မြင်တွေ့ရသောအခါ ခရီးဝေးမှလာသည့် ရဟန်းတို့ကို အကြောင်းပြု၍ ပုရိမဝါကပ်ခြင်း၌ ပြည့်စုံသောရဟန်းတို့ကို ကထိန်ခင်းခွင့်ပြုကြောင်း ပညတ်တော်မူခဲ့ရာမှ ကထိန်သင်္ကန်းဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။

ကထိန်သင်္ကန်းသည် သံဃာများကိုသာရည်မှန်းလှူဒါန်းရသောကြောင့် သံဃိကဒါနမြောက်သည်။ ကထိန်သင်္ကန်းလှူဒါန်းရသဖြင့် ကာလဒါနမြောက်ခြင်း၊ သံဃာတော်များကို လာဘ်လာဘမြောက်ဖြစ်ထွန်းစေကာ ချမ်းသာခြင်း၊ လှူဒါန်းသူတို့ အကျိုးငါးပါးတို့ရရှိစေခြင်းနှင့် သံဃာတော်များကို ဝိနည်းသိက္ခာငါးပါး သင့်ရောက်နိုင်သော အာပတ်တို့ကိုပြယ်နိုင်ခြင်းတို့ကြောင့် ကထိန်သင်္ကန်း လှူဒါန်းရခြင်းသည် အမွန်မြတ်ဆုံး ဒါနတစ်ခုပင်ဖြစ်ပေသည်။

ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကြောင့် ၁။ မိမိသွားလိုရာခရီးကို အတားအဆီးအနှောင့်အယှက်မရှိ လွတ်လပ်ဘေးကင်းစွာ သွားလာနိုင်ခြင်း၊ ၂။ လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ခြင်း၊ ၃။ အစာအဆိပ်သင့်မှုဘေးအန္တရာယ်မှ ကင်းစေနိုင်ခြင်း၊ ၄။ မိမိပစ္စည်းဥစ္စာများကို အဖျက်အမှောင့်များရန်မှ ကာကွယ်နိုင်ခြင်း၊ ၅။ မိမိပစ္စည်းဥစ္စာများကို သူတစ်ပါးနိုင်ထက်စီးနင်းယူဆောင်ခြင်းမှ ကာကွယ်နိုင်ခြင်းဟူသော အကျိုးငါးပါးကို ရရှိကြမည်ဖြစ်ပေသည်။

ကထိန်အလှူသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့အတွက် များစွာကုသိုလ်ဖြစ်ထွန်းစေသော အလှူဒါနတစ်ခုပင်ဖြစ်သည်။ ထိုအလှူမျိုးကို တတ်အားသရွေ့ ပါဝင်လှူဒါန်းခြင်းသည် လောကီလောကုတ် နှစ်ဖြာသော အကျိုးတရားများကို ရရှိကြမည်ဖြစ်ပေရာ ကထိန်သင်္ကန်းကို မွန်မြတ်သောကာလဒါနအလှူအဖြစ် လှူဒါန်း၍ ကုသိုလ်ထူးကိုယူကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ပြည်ပကဝယ်ယူမှုများသဖြင့် မန္တလေးဈေးကွက်တွင် နှမ်းဝါ အရောင်းအဝယ် ကောင်းလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၃**

ပြည်ပက ဝယ်ယူမှုများသဖြင့် မန္တလေး ဈေးကွက်တွင် နှမ်းဝါ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် နှမ်းဝါကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများရှိလာကြောင်း၊ ယခင်က မန္တလေးဈေးကွက်အတွင်း နှမ်းဝါ အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် ပြည်တွင်း၌ နှမ်းဝါအရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာ နှမ်းဝါတွေကို ပြည်ပကကော ပြည်တွင်းကပါ ကုန်သည်တွေက ဝယ်ယူမှုပြန်များလာတယ်။ ဒါကြောင့် မန္တလေးဈေးကွက်ထဲမှာ အရင်ကထက်ပိုပြီး နှမ်းဝါ အရောင်းအဝယ် ကောင်းလာပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

ပြည်တွင်းဈေးကွက်အပြင် ပြည်ပနိုင်ငံများကပါ ဝယ်ယူမှုများ ရှိနေသဖြင့် မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းဝါ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ရှိပြီး အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

"အခုလောလောဆယ်တော့ နှမ်းဝါ အရောင်းအဝယ်ပြန်ပြီး ကောင်းလာတယ်။ တရုတ်နိုင်ငံဘက်ကလဲ အခုတစ်လော အဝယ်ပြန်များလာတယ်။ အခုတော့ နှမ်းဝါတွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းနေပါတယ်။ နှမ်းဝါအများဆုံးစိုက်ပျိုးတာကတော့ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတွေမှာ စိုက်ပျိုးကြပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမအသင်းသားများ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးနိုင်ရေး ငွေကျပ်သန်း ၁၂၀ ကျော်ထုတ်ချေးပေးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမအသင်းသားတောင်သူများ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းဆီထွက်သီးနှံစိုက်ပျိုးနိုင်ရေးအတွက် ငွေကျပ်သန်း ၁၂၀ ကျော် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းဆီထွက်သီးနှံစိုက်ပျိုးနိုင်ရန် တံတားဦးမြို့နယ်ရှိ သမဝါယမအသင်း သုံးသင်း၊ အသင်းသားတောင်သူ ၂၀၃ ဦး၊ ဆောင်းဆီထွက်သီးနှံစိုက်ဧက ၆၀၇ ဧကအတွက် ချေးငွေကျပ် ၁၂၇ ဒသမ ၆ သန်းကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးသွားမဲ့ တံတားဦးမြို့နယ်ကို ပံ့ပိုးပေးသွားမှာပါ။ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးမဲ့ သီးနှံအလိုက် မြေပဲတစ်ဧကကို ငွေကျပ် သုံးသိန်းနှုန်းပါ။ နေကြာ တစ်ဧကကို ငွေကျပ် နှစ်သိန်းနှုန်းပါ။ နှမ်းတစ်ဧကကို ငွေကျပ် တစ်သိန်းငါးသောင်းနှုန်း ထုတ်ချေးပေးမှာပါ" ဟု ဦးလှိုင်မိုးက ပြောပြသည်။

တံတားဦးမြို့နယ်၌ ထုတ်ချေးပေးမည့် ဆီထွက်သီးနှံဧကများမှာ မြေပဲ ၁၂၆ ဧက၊ နှမ်း ၁၂၈ ဧက၊ နေကြာ ၃၅၃ ဧက စုစုပေါင်း ၆၀၇ ဧကဖြစ်ကြောင်း၊ အဆိုပါချေးငွေများကို ပြန်ဆပ်ကာလအနေဖြင့် ခြောက်လတစ်ကြိမ် သတ်မှတ်ထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။ (၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် လျှပ်စစ်သုံးဆိုင်ကယ် (EV) ဘီးများ ဝယ်ယူမှုများနေပြီး တင်သွင်းသည့် ကုမ္ပဏီအမျိုးအစားပေါ်မူတည်၍ အနည်းဆုံး ငွေကျပ် ၁၆ သိန်း ၅ သောင်းမှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း မန္တလေးဆိုင်ကယ်ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ငွေကျပ် ၄ သိန်းခန့် ဆိုင်ကယ်များ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်းမှ ၁၃ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၉ သောင်းမှ ၁၅ သိန်းခန့် ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံထုတ် Click(ပုံပြောင်း) ဒလက်ဘီး ၂၀၁၉ မော်ဒယ်ဘီးများမှာ ငွေကျပ် ၂၈ သိန်း ၅ သောင်းမှ ၃၅ သိန်းခန့်၊ နောက်ဆုံး မော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်း မှ ၁၇ သိန်းခန့် ဈေးရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

မန္တလေး ကားဈေးကွက်တွင်လည်း ဈေးနှုန်းများ ပြန်လည်မြင့်တက်လာပြီး အရောင်းအဝယ် အနည်းငယ်ဖြစ်နေကာ လျှပ်စစ်သုံးကား(EV) များကို စိတ်ဝင်စားမှုမြင့်တက်နေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

လျှပ်စစ်သုံးကား (EV) များတွင် ယခင် ငွေကျပ်သိန်း ၁၇၅၀ ခန့်ထိ ရှိခဲ့ရာမှ ယခုအခါ ငွေကျပ်သိန်း ၁၅၀၀ ခန့်သို့ ရောက်ရှိနေကြောင်း၊ ပြည်တွင်းတပ်ဆင်ထုတ်လုပ်သော SKD ကားများတွင်လည်း ငွေကျပ်သိန်း ၁၀၀၀ ခန့်ထိ ရှိခဲ့ရာမှ ယခုအခါ ၂၀ ရာခိုင်နှုန်းခန့် ပြန်လည်ကျဆင်းလာကြောင်း သိရသည်။

ထို့ပြင် နံပါတ်ထွက်ပြီး တစ်ပတ်ရစ်ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများနှင့် ပွိုင့်သရီးကားလေးများ၊ ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ငွေကျပ်သိန်း ၃၅၀ မှ သိန်း ၅၀၀ ကြား ဈေးတန်းများ အရောင်းအဝယ်ရှိနေကြောင်း၊ ငွေကျပ်သိန်း ၁၀၀၀ နှင့်အထက် အမြင့်ကားများနှင့် ငွေကျပ်သိန်း ၅၀၀ အောက်ကားများ ဈေးနှုန်းအနည်းငယ်မြင့်တက်လာသော်လည်း ဘယ်မောင်းကားများ ပို၍အရောင်းအဝယ်ဖြစ်ကြောင်း၊ ကားဟောင်းများမှာ ငွေကျပ်သိန်း ၄၀၀ ခန့် ဈေးတန်းရှိ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်၊ ဆူဇူကီးဆွစ် စသည့် ကားများ အရောင်းအဝယ် ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်းအနှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရေဖြူမြို့နယ် ဖားချောင်းအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရေဖြူ နိုဝင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေ၊ပြည်သူထည့်ဝင်ငွေများဖြင့် ဖားချောင်းအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဦးအောင်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဖားချောင်းအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဦးစီးမှူး ဦးမြင့်ဦးအောင်က ဆောင်ရွက်ပြီးဖွံ့ဖြိုးရေး လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ရေဖြူမြို့နယ် ဖားချောင်းအင်းကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အရှည်ပေ ၅၂၈၀ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၆ သန်း စုစုပေါင်း ငွေကျပ် ၁၆ ဒသမ ၆ သန်းအသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားသဖြင့် ဖားချောင်းအင်းကျေးရွာရှိ အိမ်ခြေ ၈၂ အိမ်၊ လူ ၃၂၉ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေးသောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဦးအောင်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ မိဇ္ဇိမဒေသနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့ ဗားကရာကျောင်းနေ ဘဒ္ဒန္တကောဝိဋ္ဌညက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းနှင့် တာဝန်ကျ သူနာပြုတို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၁၀၅၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၁၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၂၃၃၂၀ လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၁၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် စိုက်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းဆီစားသုံးမှုမှာ သန့်ရှင်းပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ ဆီစားသုံးနိုင်ဖို့ပါ။ ဆီတွေကို ပြည်ပကသွင်းရတဲ့အခါ သွင်းကုန်အစားထိုးအနေနဲ့ ပြည်တွင်းမှာလဲ စိုက်ပျိုးထုတ်လုပ်ပြီး ထွက်ရှိလာတဲ့ဆီကို ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်အောင် စိုက်ပျိုးနေပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၂၃၃၂၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၅၀ စိုက်ပျိုးပြီးပါပြီ"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ ကုလားပဲနှင့် သီးညှပ်အဖြစ်လည်း စိုက်ပျိုးကြကြောင်း၊ ဆင်းရွှေကြာ(၂)နှင့် ရေဆင်း(၁) နေကြာနှစ်မျိုးကို အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။ (၁၈၅)

# တောင်တွင်းကြီးမြို့နယ် သိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိမ်ကုန်းကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က သိမ်ကုန်းကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သိမ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# ငါးကုန်းမြို့နယ် စပါယ်မျှောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားဆောင်ရွက်နေမှု စစ်ဆေး

**ငါးကုန်း နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ငါးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စပါယ်မျှောင်ကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေးလွင်စိုး၊ ငါးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးလက်ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ စပါယ်မျှောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ငါးကုန်းမြို့နယ် စပါယ်မျှောင်ကျေးရွာ၌ အရှည်ပေ ၁၄၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေရှိ ကျေးလက်ကုန်ထုတ်လမ်း မြေသားခင်းခြင်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်တွင် အရှည် ၁၅ ပေ၊ အကျယ် ငါးပေ၊ အမြင့် နှစ်ပေရှိ Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၉၅ ဒသမ ၄ သန်းဖြင့် Great Motion ကုမ္ပဏီမှတာဝန်ယူ၍ ဇွန် ၂၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၆ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပါက စပါယ်မျှောင်ကျေးရွာရှိ အိမ်ခြေ ၁၇၄ အိမ်မှ တောင်သူများ၏ လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ လွယ်ကူစွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုညို**



# လှူကထိန်သင်္ကန်းနဲ့ မင်္ဂလမ်းတဲ့ဆုပန်ရှယ် လတန်ဆောင်ဝယ်

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"သဒ္ဓါအားကြီး၊ မသိုးသင်္ကန်း၊ လှူရှင်လန်းသည်၊ ရဟန်းသံဃာ၊ အရိယာတို့၊ အောက်ထက်ကျော်ရှိန်၊ ပြည်ရာရှိန်သည်၊ ကထိန်လှူသင်္ကန်းတည့်လေ"**

**(အင်းဝဓော်စာဆိုတော်ဦးအောင်ကြီး)**

**"လှူကထိန်သင်္ကန်းနဲ့ မင်္ဂလမ်းတဲ့ဆုပန်ရှယ်၊ သည်ရှိန်ကိုဝတ်မှန်ကြလို့၊ စံဝဲရွှေညာရင်းမှာ၊သင်းရနံ့ကြွယ်။ ကောင်းကင်လယ်၊ ထက်ဝယ်ဘုံဦး။ ရွှေလစန္ဒာနဲ့၊ ကြတ္တိကာကြယ်ရောင်ရွှန်းတယ်၊ ထွန်းထိန်လို့မြူး"**

**(ဖိုးသူတော်ဦးမင်း)**

ဆီမီးမြိုင်မြိုင်လတန်ဆောင်တိုင်မှာ ကထိန်ပွဲ၊ မသိုးသင်္ကန်းကပ်လှူပွဲ၊ မီးထွန်းပွဲ၊ စတုဒိသာလှူဒါန်းပွဲ (နိဗ္ဗာန်ဈေးပွဲတော်)၊ ပုံသကူအလှူဒါနပွဲ၊ တန်ဆောင်မုန်းလပြည့်နေ့တိုင်း ကျင်းပပူဇော်လေ့ရှိကြသည့် **"သာမညဖလအစါတော်နေ့"** ပူဇော်လှူဒါန်းပွဲ၊ ဆေးပေါင်းခသောညနှင့် ကျီးမနိုးပွဲ(သူခိုးကြီးည) စသည့် ကုသိုလ်ဒါနသီလဆောက်တည်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများပါ ကျင်းပကြလေ့ရှိသည်။ အဓိက ပွဲများမှာ အလှူဒါနပွဲများဖြစ်ကြသောကြောင့် လောဘ၊ ဒေါသ၊ မောဟများ ကင်းစင်နေကြပြီး မေတ္တာစေတနာများဝေဖြာနေကြကာ ဥပုသ်သီလဆောက်တည်ကြရာ အခါသမယဖြစ်သည်။

**ကထိန်ပွဲ**

တန်ဆောင်တိုင်၏ အဓိကဘာသာရေးပွဲတော်မှာ **"ကထိန်ပွဲ"**ပင်ဖြစ်သည်။ ကထိန်ဟူသည်မှာ **"ကထိန"** ဟူသော ပါဠိဝေါဟာရမှဆင်းသက်လာပြီး **"မြဲမြံခိုင်ခံ့ခြင်း"**ဟု အဓိပ္ပာယ်ရသည်။ မြဲမြံခိုင်ခံ့ခြင်းအကျိုးတရားငါးပါးကိုရရှိနိုင်သောကြောင့် ကထိန်ဟု သတ်မှတ်ထားခြင်းဖြစ်သည်။

**"သင်္ကန်းလှူရ၊ ကျိုးရှစ်ဝ"**ဟု သတ်မှတ်ထားရာ **"ရွှေသို့အဆင်း၊ မြူကြေးကင်း၍၊ ရောင်ဝင်းနံ့ဝ၊ ထွန်းလင်းပ၏၊ မကသိန်းဖိုး၊ ပုဆိုးရလေ၊ ညို့ရွှေဖြူနီ၊ ဤရှစ်လီသည်၊ ကျမ်းညီသင်္ကန်းလှူကျိုးတည်း"**ဟူ၍ ဖြစ်သည်။ ထိုသို့ ရှိးရှိးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းထက် သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လအတွင်း တစ်ကျောင်းတွင် တစ်ကြိမ်သာလျှင် လှူဒါန်းခွင့်ရရှိသည့် ကထိန်သင်္ကန်းလှူဒါန်းရခြင်းက ပိုမို၍ထူးခြားသော ကောင်းကျိုးငါးမျိုး တစ်နည်းအားဖြင့် ကထိန်သင်္ကန်း၏ အကျိုးငါးပါးကို ရရှိနိုင်သည်။

ကထိန်သင်္ကန်းကို ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးမပျက်ဘဲ ပဝါရဏာပြုသော ရဟန်းသံဃာတော်များ၊ ခံယူခွင့်ရှိကြပြီး ကထိန်သင်္ကန်း၏ အကျိုးငါးပါးကိုလည်း ခံစားခွင့်ရသည်။ ထူးခြားသောအကျိုးငါးမျိုး (ဝါ) ကထိန်သင်္ကန်း၏အကျိုးငါးပါးမှာ အချုပ်အချယ် အတားအဆီးမရှိ မိမိလိုရာအရပ်သို့ လွတ်လပ်စွာသွားလာနိုင်ခြင်း၊ နိဗ္ဗာန်မရမီဘဝစပ်ကြား၌ ပြုလုပ်သော ကိစ္စအဝဝတို့တွင် လွယ်ကူစွာပြုလုပ်နိုင်ခြင်း၊ မိမိ၌ ဝတ်ဆင်၍ မကုန်နိုင်လောက်အောင် အဝတ်တန်ဆာ၊ စည်းစိမ်ဥစ္စာတို့ပေါများပြီး မိမိကိုယ်တိုင်ချမ်းသာစွာ သုံးစွဲနိုင်ခြင်း၊ မိမိစားသုံးသောအစားအစာများမှာ ပေါများ၍အဆိပ်အတောက်အန္တရာယ်မရှိခြင်း၊ မိမိ၏ စည်းစိမ်ဥစ္စာများ၊ ရန်သူမျိုးငါးပါးဘေးကြောင့်ပျက်စီးမှုမကြုံတွေ့ရခြင်းဟူ၍ ဖြစ်သည်။ အလွန်ပင်တန်ဖိုးရှိလှပါပေသည်။

ထို့ကြောင့် **"ဘုရားမှာစိန်၊ ကျောင်းမှာသိမ်၊ သင်္ကန်းမှာကထိန်၊ ဆွမ်းမှာပိဏ္ဍ"**ဟူ၍ ကထိန်သင်္ကန်းလှူဒါန်းရခြင်းသည် အမြတ်ဆုံးဖြစ်ကြောင်း ညွှန်းဆိုထားသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝါကျွတ်ချိန်တွင် ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားကို ဖူးမြော်ပူဇော်ကြရန်အတွက် ပါဝေယျမြို့မှ ကြွလာတော်မူခဲ့ကြရာ မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကြောင့် ရဟန်းတော်များကို မိုးရေများစိုရွှဲကုန်ကြသည်။ မိုးရေစိုရွှဲနေသောသင်္ကန်းများနှင့်ပင် ဘုရားရှင်ကို ဖူးမြော်ပူဇော်ခဲ့ကြရာ မြတ်စွာဘုရားက ထိုရဟန်းများကို အကြောင်းပြုပြီး ပုရိမဝါကပ်ခြင်းနှင့်ပြည့်စုံသော ရဟန်းတော်တို့အား ကထိန်ခင်း၍ သင်္ကန်းသုံးစွဲခွင့်ကို ပညတ်ပေးတော်မူခဲ့သည်။ ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးသော ရဟန်းသံဃာတော်များအား ကထိန်သင်္ကန်းကပ်လှူခွင့်နှင့် သုံးစွဲခွင့်ပြုခဲ့ခြင်းပင်ဖြစ်သည်။

**"ပဒုမမြတ်စွာဘုရားနှင့် ပဒုမုတ္တရမြတ်စွာဘုရားရှင်"**တို့၏ လက်ထက်ကတည်းက ကထိန်သင်္ကန်းကပ်လှူခွင့်ပြုခဲ့ကြောင်း၊ ပဒုမဘုရားရှင်ကိုယ်တော်တိုင် သင်္ကန်းချုပ်ရာတွင် အပ်နဖားထိုး၍ အကူအညီပေးခဲ့ကြောင်း ဗုဒ္ဓစာပေအဋ္ဌကထာများတွင် မှတ်တမ်းတင်ထားသည်။

ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းအစုံပါဝင်သော ပဒေသာပင်မျိုးစုံကို အလှူရှင်များက ကျောင်းတိုက်အသီးသီးသို့ ပို့ဆောင်လှူဒါန်းကြလေ့ရှိသည်။ အချို့အလှူရှင်များကတော့ ဒေသအတွင်းတွင် ချောင်ကျပြီး ကထိန်ပွဲခင်းခွင့်မရရှာသောကျောင်းများကိုသာ ရွေးကာ ကထိန်ပွဲကို ဆိတ်ငြိမ်အေးချမ်းစွာကျင်းပကြသည်။ ထိုကထိန်ကို **"အေးကထိန်"**ဟုခေါ်သည်။

**"ကထိန်စင်းရန်၊ ထုတ်မိန်ပြန်၊ သုံးတန်သင်္ကန်းမျိုး"**ဟု မြတ်ဗုဒ္ဓခွင့်ပြုတော်မူထားသော သင်္ကန်းသုံးမျိုးမှာ ဒုကုဋ် ခေါ် နှစ်ထပ်သင်္ကန်းကြီး၊ ဧကသီ ခေါ် ကိုယ်ဝတ်သင်္ကန်းနှင့် သင်းပိုင် ခေါ် ခါးဝတ်သင်္ကန်းတို့ဖြစ်ရာ ထိုသင်္ကန်းသုံးမျိုးစလုံး ဝိနည်းနှင့်ညီကြရသည်။

**မသိုးသင်္ကန်းကပ်လှူပွဲ**

**"ညတွင်းချင်းအပြီးရက်လုပ်လှူဒါန်းသောကထိန်လျာသင်္ကန်းကို မသိုးသင်္ကန်း"**ဟု ခေါ်သည်။ တန်ဆောင်မုန်းလဆန်း ၁၄ ရက် (အဖိတ်နေ့) ညမှစ၍ တစ်ညလုံးပြီးစီးသည်ထိ အသင်းလိုက်၊ အစုအဖွဲ့လိုက် ကုသိုလ်ဇောဖြင့် အပြိုင်အဆိုင်ရက်လုပ်ခဲ့ကြပြီး လပြည့်နေ့အရုဏ်တက်ချိန်တွင် မသိုးသင်္ကန်းကပ်လှူပွဲကို ကျင်းပကြလေ့ရှိသည်။ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲများကို ရန်ကုန်မြို့မှ တန်ခိုးကြီးရွှေတိဂုံစေတီတော်ကြီးနှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ စေတီဘုရားအနှံ့အပြားတွင် ကျင်းပခဲ့ကြကာ ကထိန်သင်္ကန်းများအဖြစ် ဆက်ကပ်လှူဒါန်းနေကြသည်။

**မီးထွန်းပွဲ**

**"ဆီးနှင်းတစ်သိုက် မိုးတစ်ပြိုက်"၊ "ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း"**အခါသမယတွင် မိုးရာသီ၏ အဆုံး လဝက်ထိ ၁၅ ရက်ပါဝင်ပြီး ဆောင်းရာသီ၏ အစ လဝက် ၁၅ ရက်ပါဝင်သည်။ ထို့ကြောင့် **"စာဆိုဦးပုည"** က **"မိုးဝဿန်ရှိန်ဆုံးလို့၊ တန်ဆောင်မုန်းဗြိတ္ထာ၊ ဖဝါးနစ်စွန်းဝါဝယ်၊ ကြတ္တိကာကြယ်မင်း၊ စံပွင့်မာလာငယ်၊ သည်ရှိန်ဝါမွှေးထုံပျံ့သင်း"**ဟု ဖွဲ့ဆိုခဲ့သည်။

**"ကဏ္ဍာသနိပါတ်၊ ဥမ္မာဒန္တီဇာတ်"**တွင် "သည်အချိန်ကာလ သူရိယနေမင်းကြီးဝင်ခဲ့သော် စန္ဒာလမင်းသည် ထွန်းလင်းတောက်ပစွာ ထွက်ပေါ်လာတတ်သည်။ ဤကာလတွင် မိမိ၏တိုင်းပြည်ကို နတ်ပြည်ကဲ့သို့တန်ဆာဆင်လျက် ခပ်သိမ်းသောအရပ်တို့၌ ဆီမီးများကိုထွန်းညှိကြကာ အရိဋ္ဌပြည့်ရှင် ဘုရားလောင်း သိဝိမင်းကြီးသည် ကြတ္တိကာနက္ခတ် ပွဲသဘင်ခံတော်မူ၍ ဆီမီးထွန်းညှိကြသည်"ဟု ဖော်ပြထားရာ မီးထွန်းပွဲတော်သည် မြတ်ဗုဒ္ဓလက်ထက်မတိုင်မီကတည်းကကျင်းပနေခဲ့ကြောင်း အခိုင်အမာသက်သေခံနေသည်။ တန်ဆောင်မုန်းလ ဗြိတ္ထာရာသီ၏နက္ခတ်မှာ ကင်းမလက်မည်းဖြစ်သည်။ ဒဟနီဆိုသော မီးနတ်က စောင့်ကြပ်နေသည့် ကြတ္တိကာနက္ခတ်နှင့်ယှဉ်၍ လပြည့်သည်ဟု အဆိုရှိခဲ့သည်။ ဒဟနီမီးနတ်ကိုမီးထွန်းပူဇော်ကြရာမှ တန်ဆောင်တိုင်မီးထွန်းပွဲတော် ပေါ်ပေါက်ခဲ့သည်ဟု ပြောစမှတ်ပြုခဲ့ကြသည်။

**❖ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝါကျွတ်ချိန်တွင် ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားကိုဖူးမြော်ပူဇော်ကြရန်အတွက် ပါဝေယျမြို့မှ ကြွလာတော်မူခဲ့ကြရာ မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကြောင့် ရဟန်းတော်များကို မိုးရေများ စိုရွှဲကုန်ကြသည်။ မိုးရေစိုရွှဲနေသောသင်္ကန်းများနှင့်ပင် ဘုရားရှင်ကို ဖူးမြော်ပူဇော်ခဲ့ကြရာ မြတ်ဗုဒ္ဓက ထိုရဟန်းများကိုအကြောင်းပြုပြီး ပုရိမဝါကပ်ခြင်းနှင့်ပြည့်စုံသော ရဟန်းတော်တို့အား ကထိန်ခင်း၍ သင်္ကန်းသုံးစွဲခွင့်ကို ပညတ်ပေးတော်မူခဲ့သည်။ ❖**

မီးထွန်းပွဲတော်နှင့်ဆက်စပ်၍ မီးပုံးပျံပွဲများ၊ အခြားအထိမ်းအမှတ်ပွဲများ ဥပမာ-ဇာတ်ပွဲ၊ စတိတ်ရှိုး၊ ပျော်ပွဲရွှင်ပွဲများနှင့် ဦးဘဂျမ်း ကာတွန်းပြိုင်ပွဲများ ဖြစ်ကြသည်။

**စတုဒိသာလှူဒါန်းပွဲ(နိဗ္ဗာန်ဈေးပွဲတော်)**

တန်ဆောင်တိုင်ပွဲတော်နှင့်ယှဉ်တွဲ၍ လမ်းထဲ၊ ရပ်ကွက်ထဲ လာသမျှ အမျိုးသား၊ အမျိုးသမီး၊ အယုတ်အလတ်၊ ကြီးငယ်မရွေးကို စေတနာထက်သန်စွာပေးကမ်းလှူဒါန်း ကျွေးမွေးဧည့်ခံကြခြင်းကို စတုဒိသာလှူဒါန်းပွဲ(နိဗ္ဗာန်ဈေးပွဲတော်)ဟု ခေါ်သည်။ ပျော်စရာ၊ ချစ်စရာကောင်းလှသော တန်ဆောင်တိုင်ပွဲတော်၏ အလှတစ်မျိုးပင်ဖြစ်သည်။

**ပုံသကူအလှူဒါနပွဲ**

တန်ဆောင်မုန်းလပြည့်နေ့ညတွင် မိမိတို့စွမ်းဆောင်နိုင်သမျှ ငွေ၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်း၊ စားသောက်ဖွယ်ရာများကို အထုပ်တစ်ထုပ်စီ သီးခြားထုပ်ပိုး၍ နေရာအနှံ့အပြားတွင် လျှို့ဝှက်စွာချထားခဲ့ရာ ကြုံတွေ့သူမည်သူမဆို ရယူနိုင်ကြပါစေ၊ ထိုက်သူခံစားနိုင်ကြပါစေဟူသော စေတနာဒါနဖြင့် လှူဒါန်းကြခြင်းပင်ဖြစ်သည်။ အချို့ သဒ္ဓါကြည်လင်စေတနာရှင်များက အဓိဋ္ဌာန်ဖြင့် နှစ်စဉ်လှူဒါန်းနေကြသည်။

**သာမညဖလအစါတော်နေ့**

ဆီမီးမြိုင်မြိုင်လတန်ဆောင်တိုင်ကို များသောအားဖြင့် ကထိန်ပွဲများနှင့် မီးထွန်းပွဲများကျင်းပကြသည့်လဟုသာ အသိများစိတ်ဝင်စားကြသည်။ သာမညဖလအခါတော်နေ့ပူဇော်ပွဲကိုကား အသိနည်းခဲ့ကြသည်။ တကယ်တော့ ကျေးဇူးရှင်ဖခင်ကိုသတ်ခဲ့သည့် အဇာတသတ်မင်းသည် တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်ဗုဒ္ဓနှင့် သံဃာတော်များကို ဖူးမြော်တွေ့ဆုံပြီး အမှားကိုမြင်အမှန်ပြင်ကာ ကျွတ်တမ်းဝင်ခဲ့သည့်နေ့ထူးနေ့မြတ်ဖြစ်သည်။

အဇာတသတ်မင်းသားသည် ဒေဝဒတ်နှင့်ပေါင်းပြီး ဖခင်ကိုသတ် မင်းလုပ်အုပ်ချုပ်နေရသော်လည်း အကုသိုလ်ကံ၏ရိုက်ခတ်မှုဒဏ်ကြောင့် စားမဝင်အိပ်မပျော်ဘဲ တုန်လှုပ်ချောက်ချားနေခဲ့သည်။ တစ်နေ့သော တန်ဆောင်မုန်းလပြည့်နေ့ညတွင် ထိုဝေဒနာဆိုးများ ပျောက်ကင်းစေရေးအတွက် အဘယ်မည်သောရဟန်းသံဃာ၊ ဗြာဟ္မဏတို့ထံချဉ်းကပ်ရပါမည်နည်းဟု မိတ္တာဒိဋ္ဌိဆရာကြီးခြောက်ဦးကို မေးမြန်းခဲ့ရာ လိုလားသော အဖြေကိုမရခဲ့ပေ။ ထို့ကြောင့် နောက်ဆုံးတွင် ဆရာဇီဝက၏ အကြံပြုလျှောက်တင်ချက်အရ ဇီဝက၏ သရက်ဥယျာဉ်တွင် ရဟန်းသံဃာ တစ်ထောင့်နှစ်ရာငါးကျိပ်နှင့် သီတင်းသုံးနေတော်မူသော မြတ်ဗုဒ္ဓထံမှောက်သို့ ရောက်ရှိဖူးမြော်တွေ့ဆုံမေးမြန်းလျှောက်တင်ခဲ့ရာ ဘုရားရှင်က ရဟန်းဖြစ်ရခြင်းအကျိုးအဆင့်ဆင့်ပါသော **"သာမညဖလသုတ်တော်"**ကို သာဓကဥပမာများဆောင်ပြီး အဇာတသတ်မင်း နားလည်လက်ခံလာအောင် ဟောကြားတော်မူခဲ့သည်။

ထိုအခါ အဇာတသတ်မင်းသည် မြတ်ဗုဒ္ဓကို အလွန်ပင်ကြည်ညိုသွားကာ ရတနာသုံးပါးကို အသက်ထက်ဆုံးကိုးကွယ်ဆည်းကပ်သော ဥပါသကာအဖြစ် သတ်မှတ်ပေးပါရန်နှင့် အဖကိုသတ်ခဲ့မိသော အပြစ်ရှိသည့်သား၊ ထိုအပြစ်ကိုနောင်အခါ စောင့်စည်းခြင်းငှာ အပြစ်ဟု လက်ခံပေးတော်မူပါရန်လျှောက်ထားခဲ့ရာ မြတ်ဗုဒ္ဓက လက်ခံတော်မူခဲ့သည်။ ဆရာအတင်မှားပြီး ဖခင်ကိုသတ်ခဲ့သည့် အယူလွဲကံကြီးထိုက်နေသူကို အမြင်မှန်ရအောင်စွမ်းဆောင်လမ်းပြနိုင်သော သာမညဖလသုတ်တော်ကို တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည်ကို ကြည်ညိုမြတ်နိုး၊ တန်ဖိုးထားပူဇော်သောအားဖြင့် **"သာမညဖလအစါတော်နေ့"**အဖြစ် နှစ်စဉ်ပူဇော်ပွဲကျင်းပခဲ့ကြသည်။

**ဆေးပေါင်းခသောည**

တန်ဆောင်မုန်းလတွင် ကောင်းကင်၌ နက္ခတ်တာရာများစုံလင်လှသည့်အပြင် လပြည့်နေ့တွင် ဆေးပင်မျိုးစုံကိုစောင့်သော နတ်များသည် မဲဇလီပင်စောင့်နတ်သားကို လာရောက်ခစားကြသည်။ ထို့ကြောင့် လပြည့်နေ့တွင် မဲဇလီဖူးသုပ်စားပါက ဆေးဖက်ဝင်သဖြင့် ရောဂါမျိုးစုံပျောက်ကင်းသည်ဟု ယူဆယုံကြည်ခဲ့ကြသည်။ တစ်မိသားစုချင်း မဲဇလီဖူးသုပ်စားရုံမျှသာမက မဲဇလီဖူးများများသုပ်ကြပြီး ပတ်ဝန်းကျင်ကိုလည်း ဝေငှလှူဒါန်းလာခဲ့ကြသည်။ လပြည့်နေ့ညကိုလည်း **"ဆေးပေါင်းခသောည"**ဟု သတ်မှတ်ခဲ့ကြသည်။

**ကျီးမနိုးပွဲ(သူခိုးကြီးည)**

တန်ဆောင်မုန်းလပြည့်နေ့ည အချို့အရပ်မှာက လပြည့်ကျော် ၁ ရက်နေ့ညကို လူငယ်လူရွယ်များက ပျော်ပွဲရွှင်ပွဲညအဖြစ်သတ်မှတ်ကာ ပိုင်ရှင်နှင့်အိမ်ရှင်များ၏ ပစ္စည်းအမျိုးမျိုးကို ကမောက်ကမဖြစ်အောင် ကျီးမနိုးမီ နေရာအမျိုးမျိုး၌ ရွှေ့ပြောင်းထားကြပြီး ရယ်မောကြသည့် လှုပ်ရှားမှုဖြစ်သည်။ မူလအစက အပျော်သဘောမျိုး ရိုးရိုးသားသား လှုပ်ရှားခဲ့ကြသော်လည်း နောက်ပိုင်းတွင် ရိုးသားမှုမရှိကြတော့ဘဲ တစ်ဖက်သားကိုချောက်ချ၊ အရှက်ရ၊ ပစ္စည်းများပျက်သုဉ်းပျောက်ဆုံး၊ အချင်းချင်း အမုန်းပွားရန်များလာခဲ့ကြသည်။ ကျီစားသန်၍ ရန်ဖြစ်ခြင်း၊ သူခိုးအစစ်က အပျော်သမားနှင့် ရောင်တော်ပြန်လွတ်ကာ အမှန်တကယ်ခိုးခြင်း စသည့် မလိုလားအပ်သော ပြဿနာများဖြစ်ပွားနေကြသဖြင့် လတန်ဆောင်တိုင်၏ဂုဏ်ရောင်ကို ထိခိုက်အကျည်းတန်နေသည့် ထိုကျီးမနိုးပွဲကို တားဆီးအရေးယူပေးကြစေလိုသည်။

**ဒါနကုသိုလ်အစဉ်အလာ**

သာယာကြည်နူးဖွယ်ကောင်းလှသော လတန်ဆောင်တိုင်၏ ထူးခြားသောဝိသေသများကိုကြည့်ပါက ဆွမ်းဆန်ထဲက ကြွက်ချေးရောဖြစ်နေသော ကျီးမနိုးပွဲကလွဲ၍ အားလုံးသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ ကောင်းမှုကုသိုလ်အထိုထိုနှင့် ချစ်စရာကောင်းလှသည့် မြန်မာ့ယဉ်ကျေးမှုများကို မြင်တွေ့ကြရပေလိမ့်မည်။ ထိုအစဉ်အလာကောင်းများကို သားအစဉ်၊ မြေးအဆက်၊ မြစ်အညွန့်၊ အဖွန့်ရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်နေကြစေချင်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းကြက်သွန်နီ ၁၀၀၂၃ ဧက စိုက်ပျိုးမည်

**ရွှေဘို နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းကြက်သွန်နီ ၁၀၀၂၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။



ယခင်နှစ်က ဆောင်းကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ဆောင်းကြက်သွန်နီ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ဧက ၂၂၁၀၊ ခင်ဦးမြို့နယ်တွင် ဧက ၂၉၈၀၊ ဝက်လက်မြို့နယ်တွင် ၄၅၀၃ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဧက ၃၃၀ စုစုပေါင်း ၁၀၀၂၃ ဧကဖြစ်ကြောင်း၊ အဆိုပါစိုက်ဧကများကို နိုဝင်ဘာလနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုခရိုင်မှာ ဆောင်းကြက်သွန်နီဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ နိုဝင်ဘာလ နောက်ဆုံးပတ်လောက်က စပြီး စိုက်ပျိုးသွားကြမှာပါ။ ကြက်သွန်နီ စိုက်ပျိုးမှုအနေနဲ့ကတော့ ဆောင်းမှာပဲ စိုက်တာများပါတယ်" ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ကြက်သွန်နီစိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့်ကုန်ကျပြီး ထွက်ရှိချိန်တွင် တစ်ဧကလျှင် ပိဿာချိန် ၅၀၀၀ ထွက်ရှိကြောင်း၊ ယခုနှစ် ကြက်သွန်နီစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန်၊ GAP နည်းဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီရရှိရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီအများဆုံး စိုက်ပျိုးသည့် မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်တို့ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းထံမှ သိရသည်။ (၂၀၆)

# သရက်မြို့နယ် သဲဖြူကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သရက် နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် သဲဖြူကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးနှင့် အဖွဲ့ဝင်များ၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သဲဖြူကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးနှင့်အဖွဲ့ဝင်များက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သရက်မြို့နယ် သဲဖြူကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၅၃၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

**ငင်မာ**

## ကျေးဇူးကြီးတာ မြန်မာစာ

\- ကမ္ဘာမှာ မြန်မာအမျိုးတို့
ဘုန်းတန်ခိုး ကြီးထွားရန်၊
ရှေးကျောက်စာ ပေစာများ
ပေါက်ဖွားခဲ့ပြန်၊
ဘိုးဘွားတို့ တီထွင်ကြံ
မြန်မာဟန် မြန်မာစကား၊
ကမ္ဘာ့အလယ် ခိုင်မာခံ့
တည်တံ့ဝံ့ကြွား။

\- ရွှတ်ဖတ်သော် မြတ်တရား
နှုတ်စကား ချိုသာသံ၊
ဌာန်ကရိုဏ်းကို ပီပြင်လှ
ကြားရတစ်ဖန်၊
နိဗ္ဗာန်တံခါး ဖွင့်လှစ်ရန်
နားဝင်ပီယံ မင်္ဂလာစကား၊
ရှစ်မျက်နှာ နေရာမလပ်
နေ့ညမပြတ်ကြား။

\- မြန်မာတွေ ကိုယ်ကျင့်တရားနဲ့
နှလုံးသား လှဖို့ရာ၊
ဗုဒ္ဓဝင် ပန်းချီလှ
လမ်းပြပေးရှာ၊
ဖတ်လွယ်မှတ် မြန်မာစာ
ရေးဖွဲ့ကာ မော်ကွန်းထိုး၊
မျိုးဆက်တွေ မှတ်သားထိုက်
ပုရပိုက်အမျိုးမျိုး။

\- ဘိုးဘေးတွေ ဘုန်းတန်ခိုးနဲ့
မျိုးရိုးတို့ ဂုဏ်သရေ၊
မြန်မာစာ အရေးအသားနဲ့
မှတ်သားခဲ့ပေ၊
ချီးမွမ်းထိုက် စကားပြေ
လင်္ကာတွေ ခေတ်မီလှ၊
မြန်မာစာ ကျေးဇူးတရား
ကြီးမားပေစွ။ ။

**ချစ်သက်(မြန်မာစာ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းစစ်ပွဲ အနိဋ္ဌာရုံများပြီးဆုံးရေးအတွက် စဉ်းစားရန်လိုကြောင်း ရုရှားသမ္မတပူတင် ပြောကြား




**မော်စကို နိုဝင်ဘာ ၂၃**

ယူကရိန်းစစ်ပွဲ အနိဋ္ဌာရုံများကို ရပ်တန့်ရေးအတွက် နည်းလမ်းများစဉ်းစားရန် မဖြစ်မနေလိုအပ်ကြောင်း ရုရှားသမ္မတပူတင်က နိုဝင်ဘာ ၂၂ ရက်တွင် ထုတ်ဖော် ပြောကြားခဲ့ကြောင်း သိရသည်။

ဗီဒီယိုကွန်ဖရင့်နည်းဖြင့် ကျင်းပခဲ့သည့် ဂျီ-၂၀ အုပ်စုခေါင်းဆောင်များထိပ်သီးညီလာခံတွင် ရုရှားသမ္မတပူတင်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

စစ်ပွဲတိုင်းတွင် အနိဋ္ဌာရုံများရှိတတ်သည်ဖြစ်ရာ ယူကရိန်းစစ်ပွဲအနိဋ္ဌာရုံများ မည်သို့ရပ်တန့်မည်ဟူသောအချက်ကို စဉ်းစားရန်လိုအပ်သည်ဟု ရုရှားသမ္မတပူတင်က ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတ ပူတင်သည် ယူကရိန်းစစ်ပွဲစတင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဂျီ-၂၀ ထိပ်သီးညီလာခံ၌ ပါဝင်မိန့်ခွန်း ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂျီ-၂၀ အုပ်စု ဗီဒီယိုကွန်ဖရင့်ထိပ်သီးညီလာခံကိုအိန္ဒိယဝန်ကြီးချုပ် မိုဒီက လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းစစ်ပွဲ စတင်ခဲ့ပြီးနောက်ပိုင်း ရုရှားနှင့်အနောက်အုပ်စုနိုင်ငံများကြားဆက်ဆံရေးမှာ စစ်အေးတိုက်ပွဲကာလနောက်ပိုင်း အဆိုးရွားဆုံးအဆင့်သို့ ရောက်ခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ် ရေရှည်လုပ်ဆောင်မည်ဟု ငုယင်ဖူထရွန်း ပြောကြား

**ဟနွိုင်း နိုဝင်ဘာ ၂၃**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို ရေရှည်ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲ ငုယင်ဖူထရွန်းက ယနေ့တွင် ကတိပြုပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို ပိုမိုထိရောက်မြန်ဆန်သည့် လုပ်နည်းလုပ်ဟန်များဖြင့် ပြုလုပ်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို ရပ်တန့်မည်မဟုတ်ဘဲ ရေရှည်ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ငုယင်ဖူထရွန်းက ပြောကြားခဲ့သည်။

ဗီယက်နမ် အိမ်ခြံမြေလုပ်ငန်းနယ်ပယ်ငွေကြေးအရှုပ်တော်ပုံများ၏တန်ဖိုးမှာဗီယက်နမ်၏စုစုပေါင်းနှစ်စဉ်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ သုံးရာခိုင်နှုန်းကျော်နှင့်ညီမျှကြောင်း ရဲတပ်ဖွဲ့ကဖော်ထုတ်ခဲ့ပြီးနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို ရေရှည်ဆက်လုပ်မည်ဖြစ်ကြောင်း ဗီယက်နမ်အကြီးအကဲငုယင်ဖူထရွန်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်ရဲတပ်ဖွဲ့၏အဆိုအရ ဗီယက်နမ် အိမ်ခြံမြေလုပ်ငန်း ငွေကြေးအရှုပ်တော်ပုံ နှစ်ရပ်၏ ငွေကြေးပမာဏစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅၄ ဘီလီယံထိရှိခဲ့ကြောင်း သိရသည်။

အဆိုပါငွေကြေးပမာဏသည် ဗီယက်နမ်ဂျီဒီပီ၏ ၃ ဒသမ ၂ ရာခိုင်နှုန်းနှင့်ညီမျှသည်။

ဗီယက်နမ်အစိုးရသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို ၂၀၁၆ ခုနှစ်ကပင်စတင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်အတွင်းမှသာလုပ်ငန်းအရှိန်ရရှိခဲ့ပြီး အစိုးရအဆင့်မြင့်တာဝန်ရှိသူများ၊ထိပ်တန်းစီးပွားရေးသမားများ ပါဝင်ပတ်သက်နေသည့် အဂတိလိုက်စားမှုများကို ဖော်ထုတ်အရေးယူခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဂါဇာ၌ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသူများ နိုဝင်ဘာ ၂၄ ရက်ထိ ပြန်လွှတ်ဖွယ်မရှိကြောင်း အစ္စရေးနှင့် အမေရိကန်တာဝန်ရှိသူများပြောကြား

**ဂျေရုဆလင် နိုဝင်ဘာ ၂၃**

တိုက်ပွဲများ အနည်းဆုံး လေးရက်ကြာ ရပ်ဆိုင်းထားရေးသဘောတူညီချက်ကို ဟားမတ်စ်အုပ်စုနှင့်ရယူထားပြီး ဖြစ်သော်လည်း နိုဝင်ဘာ ၂၄ ရက်ထိတိုင် ဓားစာခံများ ပြန်လွှတ်လာဦးမည်မဟုတ်ကြောင်း အစ္စရေးနှင့်အမေရိကန်တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့သည် အနည်းဆုံးလေးရက်ကြာ တိုက်ပွဲများ ရပ်ဆိုင်းထားရေးသဘောတူညီချက်ကို နိုဝင်ဘာ ၁၂ ရက်တွင် ရယူခဲ့သည်။

အဆိုပါသဘောတူညီချက်အရ ဂါဇာကမ်းမြောင်ဒေသ၌ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသူဦးရေ ၅၀ ပြန်လွှတ်လာမည်ဖြစ်ပြီး အစ္စရေးနိုင်ငံ၌ ဖမ်းဆီးခံထားရသော ပါလက်စတိုင်းလူမျိုး ဦးရေ ၁၅၀ တို့လည်း ပြန်လည်လွှတ်မြောက်လာမည်ဖြစ်သည်။

သို့သော် တိုက်ပွဲများ ယာယီရပ်ဆိုင်းထားရေးသဘောတူညီချက်ရယူထားသည့်တိုင် ဟားမတ်စ်အုပ်စုလက်၌ ဖမ်းဆီးခံထားရသည့် ဓားစာခံ ဦးရေ ၅၀ တို့မှာ နိုဝင်ဘာ ၂၄ ရက်မတိုင်မီ ပြန်လွှတ်ဦးမည်မဟုတ်ကြောင်း အစ္စရေးတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့သည် တိုက်ပွဲများစတင်ရပ်နားမည့်နေ့နှင့် ဓားစာခံများပြန်လွှတ်မည့်အချိန်ကာလတို့ကို တရားဝင်ကြေညာခြင်းမရှိသေးခြင်းဖြစ်သည်။

ဟားမတ်စ်အုပ်စုသည် အောက်တိုဘာ ၇ရက်က အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက်တိုက်ခိုက်ခဲ့စဉ်က လူပေါင်း ၂၀၀ ကျော်ကို ဓားစာခံအဖြစ် ဖမ်းဆီးသွားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အမေရိကန်နှင့် ကနေဒါနှစ်နိုင်ငံနယ်စပ် ရိန်းဘိုးတံတားပေါ်၌ ယာဉ်မတော်တဆမှုဖြစ်ပွား

**နယူးယောက် နိုဝင်ဘာ ၂၃**

အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်နှင့် ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ် နီရာဂါရာရေတံခွန်တို့ကို ချိတ်ဆက်ပေးထားသော လမ်းပေါ်ရှိ တံတားတစ်စင်းပေါ်၌ နိုဝင်ဘာ ၂၂ ရက်က အရှိန်ပြင်းစွာမောင်းနှင်လာသည့် ကားတစ်စီး တိမ်းမှောက်မီးလောင်ခဲ့ရာ လူနှစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် အမေရိကန်နှင့် ကနေဒါနိုင်ငံတို့ကြား နယ်စပ်ဝင်ပေါက်များကို လုံခြုံရေးတာဝန်ရှိသူများက ယာယီပိတ်ထားခဲ့ရသည်။

သို့သော် အမေရိကန်စုံစမ်းစစ်ဆေးရေးမှူးများ၏ အဆိုအရ ရိန်းဘိုးအမည်ရှိ တံတားပေါ်၌ ဖြစ်ပွားခဲ့သောအဆိုပါဖြစ်စဉ်သည် အကြမ်းဖက်ဝါဒ တိုက်ခိုက်မှု၏ လက္ခဏာမျိုးမတွေ့ရသေးကြောင်း သိရသည်။

ရိန်းဘိုးတံတား ယာဉ်မတော်တဆမှုသည် အရှေ့အလယ်ပိုင်းဒေသ စစ်ရေးပဋိပက္ခများကြောင့် ကမ္ဘာတစ်ဝန်းလုံး၌ လုံခြုံရေးအရ စိုးရိမ်မှုများ မြင့်တက်နေစဉ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ရိန်းဘိုးတံတား ယာဉ်မတော်တဆမှုဖြစ်စဉ်ကြောင့် အမေရိကန်အစိုးရတာဝန်ရှိသူများက ဘတ်ဖလိုးနီရာဂါရာ နိုင်ငံတကာလေဆိပ်ကိုလည်း ယာယီပိတ်ခဲ့ရသည်။

ရိန်းဘိုးတံတားနှင့် အခြားနယ်စပ်ဝင်ပေါက် သုံးခုတို့သည် နယူးယောက်ပြည်နယ်နှင့် အွန်တေရီယိုပြည်နယ်တို့ကြား နီရာဂါရာမြစ်ကြောင်းတစ်လျှောက်၌ တည်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ကိုရီးယားနှစ်နိုင်ငံနယ်စပ်တစ်လျှောက်၌ လက်နက်သစ်များ ထပ်မံဖြန့်ကြက်မည်ဟု မြောက်ကိုရီးယားအစိုးရ ပြောကြား

**ပြုံယမ်း နိုဝင်ဘာ ၂၃**

တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်၌ လက်နက်သစ်များထပ်မံဖြန့်ကြက်၍ စစ်အင်အားမြှင့်တင်ထားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရက ယနေ့တွင် ပြောကြားခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံကြား ၂၀၁၈ ခုနှစ်အတွင်း ရယူထားသည့် နှစ်နိုင်ငံ စစ်ဘက်ဆက်ဆံရေးသဘောတူညီချက်၌ ပါဝင်မှုကို တောင်ကိုရီးယားနိုင်ငံက ရပ်ဆိုင်းခဲ့ပြီးနောက် မြောက်ကိုရီးယားအစိုးရ၏ အဆိုပါတုံ့ပြန်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

စစ်ဘက်သူလျှိုဂြိုဟ်တုတစ်စင်းကို မြောက်ကိုရီးယားနိုင်ငံက နိုဝင်ဘာ ၂၁ ရက်တွင် လွှတ်တင်ခဲ့ပြီးနောက် နှစ်နိုင်ငံစစ်ဘက်ဆက်ဆံရေးသဘောတူညီချက်၌ ပါဝင်မှုကို တောင်ကိုရီးယားနိုင်ငံက ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

သို့သော် မြောက်ကိုရီးယား အနေဖြင့်လည်း ၂၀၁၈ ခုနှစ် သဘောတူညီချက်အရ ရပ်ဆိုင်းပေးထားသည့် စစ်ရေးလှုပ်ရှားမှုများကိုပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း မြောက်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ယခုအချိန်မှစ၍ မြောက်ကိုရီးယား လက်နက်ကိုင်တပ်များအနေဖြင့် ၂၀၁၈ ခုနှစ် နှစ်နိုင်ငံစစ်ရေးသဘောတူညီချက်၏ မူဘောင်အောက်တွင် မရှိတော့ကြောင်း မြောက်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ရယူခဲ့သည့် အဆိုပါသဘောတူညီချက်သည် ကိုရီးယားနှစ်နိုင်ငံ နယ်စပ်တစ်လျှောက်တင်းမာမှုများကိုလျှော့ချရန် ရည်ရွယ်ရယူခဲ့သောသဘောတူညီချက်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

STOP AIDS

# SCIENCE AND TECHNOLOGY

## နာဆာက ESCAPADE မစ်ရှင်အတွက် ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ နယူးဂလန်းဒုံးပျံကို ရွေးချယ်ထား



**ဝါရှင်တန် နိုဝင်ဘာ ၂၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ESCAPADE အမည်ရှိ မစ်ရှင်အတွက် ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ နယူးဂလန်းဒုံးပျံကို ရွေးချယ်ထားကြောင်း နိုဝင်ဘာ ၂၂ ရက်သတင်းများအရ သိရသည်။

ESCAPADE မစ်ရှင်အရ အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်နှစ်စင်းကို ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ နယူးဂလန်းဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း နာဆာအဖွဲ့က ကြေညာထားသည်။

နာဆာအဖွဲ့သည် ESCAPADE မစ်ရှင်ကို ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

မူလက နာဆာအဖွဲ့သည် ESCAPADE မစ်ရှင်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် ယခုနှစ် အောက်တိုဘာလအတွင်း လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း နောက်ပိုင်းတွင် အစီအစဉ်ပျက်ခဲ့ရကြောင်း သိရသည်။

ESCAPADE မစ်ရှင်တွင် အာကာသယာဉ်နှစ်စင်း ပါဝင်မည်ဖြစ်ပြီး အင်္ဂါဂြိုဟ်၏ သံလိုက်စက်ကွင်းလွှာကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာသန်း ၂၀ တန်ဖိုးရှိ ကန်ထရိုက်စာချုပ်ဖြင့် ESCAPADE မစ်ရှင်ကို လွှတ်တင်ရန် ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ နယူးဂလန်းဒုံးပျံကို နာဆာက ရွေးချယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တရုတ်အမျိုးသားအာကာသအေဂျင်စီက တီယန်ကောင်းအာကာသစခန်းသို့ အာကာသကုန်တင်ယာဉ်တစ်စင်းလွှတ်တင်ရန် ပြင်ဆင်နေ

**ပေကျင်း နိုဝင်ဘာ ၂၃**

တရုတ် အမျိုးသားအာကာသအေဂျင်စီသည် တီယန်ကောင်းအာကာသစခန်းသို့ အာကာသကုန်တင်ယာဉ်တစ်စင်း လွှတ်တင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

တီယန်ကောင်း အာကာသစခန်း ထောက်ပံ့မစ်ရှင်သစ်အတွက် တီယန်ကျိုး-၇ အမည်ရှိ အာကာသကုန်တင်ယာဉ်ကို ဟိုင်နန်ကျွန်းရှိ ဝန်ချန်အာကာသစခန်းသို့ တရုတ်အမျိုးသား အာကာသအေဂျင်စီက ပို့ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။

ဝန်ချန် အာကာသစခန်းတွင် တရုတ် ကျွမ်းကျင်သူများသည် တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်ကို အပြီးသတ်တပ်ဆင်မှုများ ပြုလုပ်ရန် စီစဉ်ထားသည်။



တရုတ် အမျိုးသားအာကာသအေဂျင်စီသည် တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်ကို ၂၀၂၄ ခုနှစ် နှစ်စပိုင်းတွင် လောင်းမတ်ချ်-၇ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်သည် တီယန်ကောင်းအာကာသစခန်းပေါ်ရှိ အာကာသယာဉ်မှူးသုံးဦးအတွက် စားနပ်ရိက္ခာများ၊ အာကာသအသုံးအဆောင်ပစ္စည်းများနှင့် လောင်စာရည်များ သယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် တီယန်ကျိုး-၈ အာကာသစခန်း ထောက်ပံ့မစ်ရှင်ကိုလည်း ၂၀၂၄ ခုနှစ်အတွင်းမှာပင် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Space-X အာကာသနည်းပညာကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို လွှတ်တင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို နိုဝင်ဘာ ၂၂ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ်များ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Space-X ကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၅၀၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

ဖက်ဒရယ်ဆက်သွယ်ရေးကော်မရှင်၏ သဘောတူညီချက်အရ Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၁၂၀၀၀ ထိ လွှတ်တင်ခွင့်ရထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## အာခံတွင်းခြောက်ကပ်မှုပြဿနာအတွက် တံတွေးအစားထိုးပစ္စည်းတစ်မျိုး ဖန်တီးထား

**လန်ဒန် နိုဝင်ဘာ ၂၃**

အာခံတွင်း ခြောက်ကပ်မှုပြဿနာ(Dry Mouth) ဖြင့်ရင်ဆိုင်နေရသူများအတွက် တံတွေးအစားထိုးပစ္စည်းတစ်မျိုးကို ဗြိတိန်နိုင်ငံ လိဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ဖန်တီးထားကြောင်း နိုဝင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

အာခံတွင်း ခြောက်ကပ်မှုပြဿနာ သို့မဟုတ် Xerostomia သည် အာခံတွင်းအတွင်းရှိ တံတွေးဂလင်းအိတ်များ တံတွေးအလုံအလောက် မထုတ်နိုင်တော့သည့်အချိန်တွင် ဖြစ်ပွားတတ်သည်။

အာခံတွင်း ခြောက်ကပ်မှုပြဿနာကို သက်ကြီးပိုင်းများ၊ ကင်ဆာကုထုံးခံယူထားသူများနှင့် ဆေးအမျိုးမျိုး ပေါင်းစပ်သုံးစွဲရန်လိုအပ်သူများကြားတွင် အတွေ့ရများကြောင်း သိရသည်။

ခံတွင်းခြောက်ကပ်မှုပြဿနာအတွက် လျှာပေါ်သုတ်လိမ်းရသည့် ဆေးဆီကဲ့သို့ ဆေးဝါးထုတ်ကုန်များလည်း ရှိထားပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လိဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ ဖန်တီးထားသော ရေဓာတ်အခြေခံချောဆီတစ်မျိုးသည် ခံတွင်းခြောက်ကပ်မှုပြဿနာအတွက် လက်ရှိသုံးစွဲနေသော ဆေးဆီများထက် ငါးဆပို၍ အာနိသင် ထိရောက်မှုရှိကြောင်း ဓာတ်ခွဲခန်း စမ်းသပ်မှုရလဒ်များအရ သိရသည်။

မိမိတို့၏ တံတွေးအစားထိုးချောဆီသည် ခံတွင်းကိုအစိုဓာတ်ပေးရာတွင် သဘာဝတံတွေးနည်းတူ ထိရောက်မှုရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## သက်ကြီးပိုင်းများ အကြားအာရုံဆုံးရှုံးမှုက ဦးနှောက်ပြောင်းလဲမှုတချို့နှင့် ဆက်စပ်နေ

**လန်ဒန် နိုဝင်ဘာ ၂၃**

သက်ကြီးပိုင်းများ၌ အကြားအာရုံဆုံးရှုံးမှုသည် ဦးနှောက်ပြောင်းလဲမှုတချို့နှင့် ဆက်စပ်နေကြောင်း နိုဝင်ဘာ ၂၂ ရက်သတင်းများအရ သိရသည်။

သက်ကြီးပိုင်းများ၌ အကြားအာရုံဆုံးရှုံးမှုပြဿနာမှာ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေမြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း ရှေးယခင်ကပင် သိထားခဲ့ကြပြီးဖြစ်သည်။

သို့ရာတွင် သက်ကြီးပိုင်းများ အကြားအာရုံဆုံးရှုံးမှုနှင့် Dementia ဖြစ်နိုင်ခြေ မြင့်တက်လာမှုတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို ရှင်းပြနိုင်မှုမရှိခဲ့ကြောင်း သိရသည်။

သို့သော် ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်းများ အကြားအာရုံဆုံးရှုံးမှုပြဿနာသည် Dementia ဖြစ်စေနိုင်သည့် ဦးနှောက်အပြောင်းအလဲများနှင့် ဆက်စပ်နေကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အကြားအာရုံဆုံးရှုံးမှုပြဿနာကြောင့် အသံကို စိစစ်ပေးသော ဦးနှောက်နယ်မြေများ၊ စိတ်စူးစိုက်မှုနှင့် သက်ဆိုင်သော ဦးနှောက်နယ်မြေများ၌ အပြောင်းအလဲများ ပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များက သက်ကြီးပိုင်းဦးရေ ၁၃၀ တို့ကို အကြားအာရုံစစ်ဆေးစမ်းသပ်မှု၊ ဦးနှောက်ဓာတ်မှန်ရိုက်ကူးလေ့လာမှုများ ပြုလုပ်ခဲ့ပြီး ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**






## ပရီးမီးယားလိဂ် ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်များ

ML

**ဘန်လေ Vs ဝက်စ်ဟမ်း**

**ကစားမည့်ရက်/အချိန် ၂၅-၁၁-၂၀၂၃ (ည ၀၉:၃၀ နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝက်စ်ဟမ်း ၁ - ၁ ဘန်လေ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘန်လေ | – | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ဝက်စ်ဟမ်း | – | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

ဘန်လေအသင်းဟာ အိမ်ကွင်းခြောက်ပွဲလုံး နိုင်ပွဲမရသေးတဲ့အပြင် ခံစစ်ပိုင်းကလဲပွဲတိုင်းဂိုးပေးနေရတာကြောင့် အခုပွဲစဉ်မှာလဲပေးဂိုးများနေဦးမှာပါ။ဝက်စ်ဟမ်းအသင်းကတော့ တိုက်စစ်ပိုင်းနဲ့ကစားသမားစုဖွဲ့မှုက ဘန်လေထက်သာလွန်နေလို့ ကစားပုံနဲ့ တိုက်စစ်ပိုင်းထက်မြက်မှုရှိတဲ့ ဝက်စ်ဟမ်းအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘန်လေ ၁ – ၃ ဝက်စ်ဟမ်း**

**နယူးကာဆယ် Vs ချဲလ်ဆီး**

**ကစားမည့်ရက်/အချိန် ၂၅-၁၁-၂၀၂၃ (ည ၀၉:၃၀ နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ချဲလ်ဆီး ၁ – ၁ နယူးကာဆယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | – | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| ချဲလ်ဆီး | – | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |

နယူးကာဆယ်အသင်းဟာ ဒဏ်ရာရကစားသမားများနေပေမဲ့ အိမ်ကွင်းကစားအားနဲ့နည်းစနစ်ပိုင်းကောင်းမွန်တာကြောင့် အခုပွဲစဉ်မှာရမှတ်ရှာဖွေနိုင်မှာပါ။ ချဲလ်ဆီးအသင်းကတော့ နှစ်ပွဲဆက် ရလဒ်ကောင်းခဲ့ပေမဲ့အသင်းလိုက်ကစားပုံကမကောင်းပါဘူး။ဒါကြောင့် အိမ်ကွင်းအားသာချက်ရှိတဲ့ နယူးကာဆယ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – နယူးကာဆယ် ၁ – ၀ ချဲလ်ဆီး**

## အီတလီစီးရီးအေ ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်

ML

**အတ္တလန်တာ Vs နာပိုလီ**

**ကစားမည့်ရက်/အချိန် ၂၅-၁၁-၂၀၂၃ (ည ၁၁:၃၀ နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နာပိုလီ ၂ – ၀ အတ္တလန်တာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | – | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(သရေ) |
| နာပိုလီ | – | ဝေး(နိုင်) | အိမ်(သရေ) | အိမ်(ရှုံး) |

အတ္တလန်တာအသင်းဟာ အဓိက ကစားသမားတွေဒဏ်ရာရရှိနေတာကြောင့် အခုပွဲစဉ်မှာရလဒ်ကောင်းဖို့ရှုန်းကန်ရပါလိမ့်မယ်။နာပိုလီအသင်းကတော့ နည်းပြအပြောင်းအလဲလုပ်ထားသလို အခုပွဲစဉ်မှာ နည်းပြသစ်အနေနဲ့အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဒါကြောင့် ကစားသမားစုဖွဲ့မှုအားကောင်းတဲ့ နာပိုလီအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အတ္တလန်တာ ၁ – ၁ နာပိုလီ**

## အားကစားသတင်း အတိုအထွာများ

- ဘရာဇီးအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အာဂျင်တီးနား တိုက်စစ်မှူး မက်ဆီသည် ကြွက်သားဒဏ်ရာရရှိခဲ့သဖြင့် ပွဲချိန် ၇၈ မိနစ်တွင် လူစားလဲထွက်ခွာခဲ့ရပြီးနောက် ယခုနှစ်ကုန်ထိ အနားယူရမည်ဖြစ်ကြောင်း မက်ဆီက ထုတ်ဖော်ပြောကြားခဲ့သည်။
- ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်းက ဒဏ်ရာကြောင့်အနားယူနေရသည့် နေမာ၏နေရာတွင် အစားထိုးရန်အတွက် ဘာစီလိုနာအသင်းတောင်ပံကစားသမား ရာဖင်ဟာကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။ ML

# Davis Cup ကွာတားဖိုင်နယ်အဆင့်တွင် ဩစတြေးလျအသင်းက ချက်အသင်းကို အနိုင်ယူ၍ ဆီမီးဖိုင်နယ်သို့တက်ရောက်




**မာလာဂါ နိုဝင်ဘာ ၂၃**

စပိန်နိုင်ငံ မာလာဂါမြို့တွင် ကျင်းပနေသည့် Davis Cup တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဩစတြေးလျအသင်းနှင့် ချက်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဩစတြေးလျအသင်းက(၂-၁)ရလဒ်ဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဩစတြေးလျအသင်းသည် နောက်မှလိုက်ကစားခဲ့ရပြီးမှ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ပြီး ပွဲစဉ်(၁) တစ်ဦးချင်းပွဲစဉ်အနေဖြင့် ဩစတြေးလျအသင်းမှ ဂျော်ဒန်တွမ်ဆင်နှင့် ချက်အသင်းမှ သောမတ်စ်မာချက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ သောမတ်စ်မာချက်က (၆-၄၊ ၇-၅)ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ချက်အသင်းက (၁-၀) ရလဒ်ဖြင့် ဦးဆောင်ခွင့်ရခဲ့ပြီး ပွဲစဉ်(၂)တစ်ဦးချင်းပွဲစဉ်အနေဖြင့် ဩစတြေးလျအသင်းမှအဲလက်စ်ဒီမီနောနှင့် ချက်အသင်းမှလီဟက်ကာတို့ယှဉ်ပြိုင်ကစားခဲ့ရာ အဲလက်စ်ဒီမီနောက (၄-၆၊ ၇-၆၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် (၁-၁)ရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့နောက် အဆုံးအဖြတ်ပွဲစဉ်အဖြစ် နှစ်ယောက်တွဲပွဲစဉ်ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဩစတြေးလျအသင်းမှ မက်သရူးအက်ဗ်ဒင်နှင့် မက်ပါဆယ်တို့အတွဲက ချက်အသင်းမှ လီဟက်ကာနှင့် ပက်လာဆက်တို့အတွဲကို (၆-၄ ၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် (၂-၁) ရလဒ်ဖြင့် ဩစတြေးလျအသင်းက ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဩစတြေးလျအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဖင်လန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဖင်လန်အသင်းက ကနေဒါအသင်းကို (၂-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ပရိသတ်များကို ထိန်းသိမ်းရန်ပျက်ကွက်ခဲ့သည့်ဆဲလ်တစ်အသင်းကို ယူအီးအက်ဖ်အေ ပြစ်ဒဏ်ချမှတ်

**အီဒင်ဘာ့ဂ် နိုဝင်ဘာ ၂၃**

စကော့တလန်ကလပ် ဆဲလ်တစ်အသင်းသည် အေတီကိုအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်၌ ပရိသတ်များကို ထိန်းသိမ်းရန်ပျက်ကွက်ခဲ့သည့်အတွက် ဒဏ်ငွေစတာလင်ပေါင် ၁၀၀၀၀ ပြစ်ဒဏ်ချမှတ်ခံခဲ့ကြောင်း သိရသည်။

ယူအီးအက်ဖ်အေက အဆိုပါပွဲစဉ်ယှဉ်ပြိုင်မည့် အောက်တိုဘာ ၂၅ ရက် မတိုင်မီကတည်းက အစ္စရေး-ဟားမတ်စ် စစ်ပွဲနှင့် ပတ်သက်သည့် လှုပ်ရှားမှုများမပြုလုပ်ရန် ဆဲလ်တစ်အသင်းကို ညွှန်ကြားခဲ့သော်လည်း ပွဲကစားချိန်တွင် ဆဲလ်တစ်ပရိသတ် ရာပေါင်းများစွာက ပါလက်စတိုင်းအလံများ ကိုင်ဆောင် အားပေးခဲ့သည့်အပြင် အဆိုပါလှုပ်ရှားမှုကို လူမှုကွန်ယက်ပေါ်တွင် ဖော်ပြခဲ့မှုကြောင့် ဆဲလ်တစ်အသင်းကို ပရိသတ်များအား ထိန်းသိမ်းရန်ပျက်ကွက်ခဲ့မှုကြောင့် ဒဏ်ငွေစတာလင်ပေါင် ၁၀၀၀၀ ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဆဲလ်တစ်အသင်းက အေတီကိုအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့်ကစားနိုင်ခဲ့ကာ ပွဲချိန် လေးမိနစ်၊ ပွဲချိန် ၂၈ မိနစ်တို့တွင် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၂၅ မိနစ်နှင့် ပွဲချိန် ၅၃ မိနစ်တို့တွင် ချေပဂိုး ပြန်လည်ခွင့်ပြုခဲ့ရသောကြောင့် နှစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

လက်ရှိတွင် ဆဲလ်တစ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(E) တွင် အေတီကို၊ လာဇီယို၊ ဖီရင်နိုအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲစဉ်လေးပွဲတွင် သုံးပွဲရှုံး၊ တစ်ပွဲသရေရလဒ်ဖြင့် ရမှတ်တစ်မှတ်သာ ရရှိထားသောကြောင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေသကဲ့သို့ နိုဝင်ဘာ ၂၉ ရက်တွင် လာဇီယိုအသင်းကို အဝေးကွင်းတွင် လည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက်တွင် ဖီရင်နိုအသင်းကို အိမ်ကွင်းတွင်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# တိုက်စစ်မှူး ဒီဖိုး၏ အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး စပါးအသင်းကို အက်ဖ်အေက စုံစမ်းစစ်ဆေးမှုများပြုလုပ်

**လန်ဒန် နိုဝင်ဘာ ၂၃**

စပါးအသင်းသည် ၂၀၀၈ ခုနှစ်က တိုက်စစ်မှူး ဒီဖိုးကို ပို့မောက်စ်အသင်းမှခေါ်ယူခဲ့ရာတွင် အပြောင်းအရွှေ့စည်းမျဉ်းများ ချိုးဖောက်ခဲ့သည့်အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

စပါးအသင်းသည် တိုက်စစ်မှူး ဒီဖိုးကို ပို့မောက်စ်အသင်းမှပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇ ဒသမ ၅ သန်းဖြင့်ခေါ်ယူနိုင်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် တရားဝင်လိုင်စင်မရသေးသည့် အေးဂျင့်ဖြင့်သဘောတူစာချုပ် ချုပ်ဆိုခဲ့သည့်အတွက် အဆိုပါဖြစ်စဉ်ကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က စစ်ဆေးမှုပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အက်ဖ်အေက ချမှတ်ထားသည့် စည်းမျဉ်းဥပဒေတွင်ကလပ်အသင်းတစ်သင်းအနေဖြင့် အေးဂျင့်စည်းမျဉ်းဖောက်ဖျက်ပါက ရမှတ်လျှော့ပြစ်ဒဏ်၊ အသင်းတာဝန်ရှိသူများကို ရာထူးဆိုင်းငံ့ပြစ်ဒဏ်နှင့် အပြောင်းအရွှေ့ ပိတ်ပင်ခြင်း ပြစ်ဒဏ်များ ချမှတ်နိုင်ပြီး ယခင်က စပါးအသင်းကို အက်ဖ်အေက အရေးယူမှု မပြုလုပ်ခဲ့သော်လည်း ၂၀၀၈ ခုနှစ်က အေးဂျင့်စည်းမျဉ်းချိုးဖောက်ခဲ့သည့် လူတန်အသင်းအနေဖြင့် ရမှတ် ၁၀ မှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။




စပါးအသင်းသည် တိုက်စစ်မှူးဒီဖိုးကိုခေါ်ယူခဲ့စဉ်က အသင်း၏ကစားသမားဟောင်းတစ်ဦးဖြစ်သည့် သောမတ်က ကြားဝင်ကူညီခဲ့ခြင်းသာဖြစ်ကြောင်းကို တရားဝင်စာရွက်စာတမ်းဖြင့် တင်ပြနိုင်ခြင်းမရှိသော်လည်း အသံဖိုင်မှတ်တမ်းဖြင့် အက်ဖ်အေ၏စစ်ဆေးမှုကို ဖြေရှင်းတင်ပြခဲ့ရာ အက်ဖ်အေက လက်ခံခဲ့သဖြင့် ၂၀၁၀ ပြည့်နှစ်တွင်အရေးယူမှုမပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အက်ဖ်အေအနေဖြင့် ယခင်က စည်းမျဉ်းချိုးဖောက်ခဲ့သည့်ဖြစ်စဉ်များကို ပြန်လည်စစ်ဆေးမှုများပြုလုပ်နေပြီး အဲဗာတန်အသင်းကို ရမှတ်လျှော့ပြစ်ဒဏ်ချမှတ်ခဲ့ပြီးနောက် ချဲလ်ဆီးအသင်း၊ မန်စီးတီးအသင်းတို့ အပါအဝင် စပါးအသင်းကိုလည်း စည်းမျဉ်းချိုးဖောက်ခဲ့မှုကြောင့် အရေးယူမှုပြုလုပ်ရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



**နေပြည်တော် နိုဝင်ဘာ ၂၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၉နာရီမှစတင်ပြီး နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(စီ)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အမျိုးသား နှစ်ယောက်တွဲ အုပ်စုပွဲစဉ်များ ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းကတနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် လည်းကောင်းအသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကိုနှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြသည်။

ထို့နောက် အမျိုးသမီးနှစ်ယောက်တွဲကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ကစားခဲ့ရာ မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းကဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။STA

# Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မိုစ်ကာတယ်လ် ဦးဆောင်

**ဘရစ္စဘိန်း နိုဝင်ဘာ ၂၃**

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင်ကျင်းပနေသည့် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲပထမနေ့အပြီးတွင် စပိန်ဂေါက်သီးရိုက်ကစားသမားမိုစ်ကာတယ်လ်က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက် လျော့ရိုက်ကာအမှတ်ပေးဇယားကို ဦးဆောင်နေသည်ဟု ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား မင်ဂူလီက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး ဩစတြေးလျဂေါက်သီးရိုက်ကစားသမားတစ်ဦးပင်ဖြစ်သည့် ဂျွန်လိုင်ရက်စ်က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

မိုစ်ကာတယ်လ်အနေဖြင့် ပထမနေ့တွင် ရှစ်ချက်ထိလျော့ရိုက်နိုင်ခဲ့ခြင်းကြောင့် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲသက်တမ်းတစ်လျှောက် ပထမနေ့အပြီး သတ်မှတ်ရိုက်ချက်ထက် အများဆုံး လျော့ရိုက်နိုင်ခဲ့သည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ယခုနှစ်အတွင်း စွမ်းဆောင်ရည်ပိုင်းတိုးတက်လာခဲ့သည့် မင်ဂူလီသည် SJM Macao Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးထားပြီး ဩစတြေးလျဂေါက်သီးရိုက်လောက၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုအတွက် အစ်မဖြစ်သူ မင်ဂျီလီနှင့်အတူဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သူလည်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# Globe Soccer Best Men's Player ဆုအတွက်မဲပေးမှုတွင် တိုက်စစ်မှူးစီရော်နယ်ဒိုက ထိပ်ဆုံး၌ဦးဆောင်နေ



**ရီယာ့ဒ် နိုဝင်ဘာ ၂၃**

Globe Soccer Award ဆုပေးပွဲအခမ်းအနားတွင် ပေးအပ်ချီးမြှင့်မည့် Globe Soccer Best Men's Player ဆုအတွက် ပရိသတ်များ၏မဲပေးရွေးချယ်မှုတွင် အယ်နာဆာ အသင်းတိုက်စစ်မှူး စီရော်နယ်ဒိုက ထိပ်ဆုံးတွင် မဲအရေအတွက်အသာဖြင့် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

Dubai Sports Council က Globe Soccer Award ဆုပေးပွဲအခမ်းအနားကို ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်က စတင်ကျင်းပခဲ့သော်လည်း Globe Soccer Best Men's Player ဆုကို ၂၀၁၁ခုနှစ်မှသာ စတင်ထည့်သွင်းချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ပထမဆုံးအကြိမ်ပေးအပ်သည့်ဆုကို ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ စီရော်နယ်ဒိုက ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် Globe Soccer Best Men's Player ဆုအတွက် ဆန်ခါတင်ကစားသမားဦးရေ ၃၀ စာရင်းကို ရွေးချယ်ထားပြီး ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူကာ ရွေးချယ်ပေးအပ်မည်ဖြစ်သည်။

လက်ရှိတွင် Globe Soccer Best Men's Player ဆုအတွက် ပရိသတ်များ၏ မဲပေးရွေးချယ်မှုတွင် စီရော်နယ်ဒိုက ၄၀ဒသမ၆ ရာခိုင်နှုန်းထိရရှိထားပြီး ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေကာ ᑊင်း၏နောက်တွင် လီဗာပူးအသင်းမှ ဆာလာဟ်က ၁၄ ဒသမ ၉ရာခိုင်နှုန်းဖြင့်ရပ်တည်နေပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားဆု ရရှိခဲ့သည့် မက်ဆီက ၁၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းက ၉ ဒသမ ၅ ရာခိုင်နှုန်း ရရှိထားသည်။

Globe Soccer Best Men's Player ဆုကို အကြိမ်ရေအများဆုံး ကစားသမားအဖြစ် အယ်နာဆာအသင်းမှ စီရော်နယ်ဒိုက ခြောက်ကြိမ်ဖြင့် ရပ်တည်နေပြီး ပြီးခဲ့သည့် ၂၀၂၂ခုနှစ်က လက်ရှိအယ်အီတီဟတ်အသင်းတွင် ကစားနေသည့် ဘင်ဇီမားက ရရှိထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

## စပိန်လာလီဂါ ပွဲစဉ် (၁၄) ပွဲကြိုသုံးသပ်ချက်

STA

**ဂီတာဖေး Vs အယ်မာရီယာ**

**ကစားမည့်ရက်/အချိန် ၂၅-၁၁-၂၀၂၃ (ည ၁၂:၀၀ နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂီတာဖေး ၁ - ၂ အယ်မာရီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| အယ်မာရီယာ | - | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(ရှုံး) |

နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေတဲ့ ဂီတာဖေးအသင်းဟာ အယ်မာရီယာအသင်းကိုအကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ အယ်မာရီယာအသင်းကလဲ အမှတ်ပေးပြိုင်ပွဲမှာ နိုင်ပွဲပျောက်ဆုံးနေပြီးရှုန်းကန်နေရပါတယ်။ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ ဂီတာဖေးအသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဂီတာဖေး ၂ - ၀ အယ်မာရီယာ**

## ပြင်သစ်လီဂူး ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်

STA

**ကလဲယားမောင့် Vs လန်း**

**ကစားမည့်ရက်/အချိန် ၂၅-၁၁-၂၀၂၃ (ည ၁၀:၃၀ နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကလဲယားမောင့် ၀ - ၄ လန်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ကလဲယားမောင့် | - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |
| လန်း | - | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

နောက်ပိုင်းပွဲစဉ်တွေမှာခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာတဲ့လန်းအသင်းဟာ ကလဲယားမောင့်အသင်းနဲ့တွေ့ဆုံတိုင်းရလဒ်ကောင်းလေ့ရှိပါတယ်။ ကလဲယားမောင့်အသင်းကလဲ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ အဝေးကွင်းဆိုပေမဲ့တိုက်စစ်ပိုင်း ပိုမိုထက်မြက်တဲ့ လန်းအသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - ကလဲယားမောင့် ၁ - ၂ လန်း**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်များ

STA

**ဒေါ့မွန် Vs ဂလာဘတ်**

**ကစားမည့်ရက်/အချိန် ၂၅-၁၁-၂၀၂၃ (ည ၀၉:၀၀ နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒေါ့မွန် ၅ - ၂ ဂလာဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | - | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဂလာဘတ် | - | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |

ဂလာဘတ်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းပြန်လည်ကောင်းမွန်နေတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒေါ့မွန်အသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့သုံးပွဲမှာ နှစ်ပွဲထိရှုံးနိမ့်ထားလို့အခုပွဲမှာတော့နိုင်ပွဲပြန်လည်ရှာဖွေမှာပါ။ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ ဒေါ့မွန်အသင်းပဲရလဒ်ကောင်းမှာပါ။

**အင်တာနက်ခန့်မှန်း - ဒေါ့မွန် ၃ - ၁ ဂလာဘတ်**

**ဝုဖ်ဘတ် Vs လိုက်ပ်ဇစ်**

**ကစားမည့်ရက်/အချိန် ၂၅-၁၁-၂၀၂၃ (ည ၀၉:၀၀ နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝုဖ်ဘတ် ၁ - ၀ လိုက်ပ်ဇစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | - | အိမ်(နိုင်) | အိမ်(သရေ) | ဝေး(ရှုံး) |
| လိုက်ပ်ဇစ် | - | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |

နှစ်ပွဲဆက်နိုင်ပွဲပြန်လည်ရရှိထားတဲ့ လိုက်ပ်ဇစ်အသင်းဟာခြေစွမ်းပိုင်းပြန်လည်တည်ငြိမ်နေလို့ အခုပွဲကိုခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးနိုင်မှာပါ။လက်ရှိဝုဖ်ဘတ်အသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိဘဲ ခံစစ်ပိုင်းကလဲ အမှားအယွင်းများနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ လိုက်ပ်ဇစ်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - ဝုဖ်ဘတ် ၀ - ၂ လိုက်ပ်ဇစ်**

ခရီးသွားဆောင်းပါး

# သထုံ၊ ဘားအံ၊ သာမည လှပသာလေစွ

သက်နိုင်(ပြင်ဦးလွင်)

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ကနေ ထွက်ခွာလာကြတဲ့ခရီးစဉ်မှာ မွန်ပြည်နယ် သထုံမြို့ အနီးမှာရှိတဲ့ အလံတစ်ရာဘုရားကို ရောက်ရှိနေကြပါပြီ။ ရွှေတိဂုံပုံစံတူ အလံတစ်ရာဘုရားက အလုံးစုံတည်ဆောက်မှုမပြီးသေးပါဘူး။ ဒါပေမဲ့ ထီးတော်ကြီးကို တင်လှူပြီးစီးနေပါပြီ။ စေတီတော်ကြီးရဲ့ ပတ်လည်မှာ စေတီရံတွေနဲ့အတူ အဖြူရောင်နောက်ခံမှာ နေနဲ့လရုပ်ပုံတွေပါတဲ့ အလံတွေကိုလဲ မြိုင်မြိုင်ဆိုင်ဆိုင် စိုက်ထူထားတာကို တွေ့မြင်နေရတယ်။ စေတီတော်ကြီးရဲ့အရှေ့ဘက်အရပ် မလှမ်းမကမ်းမှာ ကကြိုးတောင်ရှိနေတယ်။ ကကြိုးတောင်ပေါ်မှာလဲ ထုံးဖြူဖြူစေတီငယ်လေးတွေ စီတန်းပြီး အများအပြားတည်ထားတာကို လှမ်းမျှော်ဖူးတွေ့နေရတယ်။ စေတီတော်ကြီးတည်ဆောက်မှုအလုံးစုံ ပြီးစီးသွားတဲ့အချိန်မှာ ဘုရားဖူးညီ့သည်တွေ စည်စည်ကားကားနဲ့ အလွန်နာမည်ကျော်ကြားလာနိုင်ပါတယ်။ အခုအချိန်မှာတော့ ဘုရားဖူးညီ့သည်တွေ နည်းပါးနေသေးတယ်။ ဒါကြောင့် ဘုရားဈေးဆိုင်တန်းကလဲ တိတ်ဆိတ်ခြောက်ကပ်နေတယ်။

ဘုရားပေါ်ကနေပြန်ဆင်းလာခဲ့ကြပြီး မွန်ပြည်နယ်မှာ ကျော်ကြားတဲ့ ကျွဲကောသီးဝယ်တော့ တစ်လုံးကို ငွေကျပ် ၁၀၀၀ ပဲရှိနေတယ်။ ပြင်ဦးလွင်မြို့နဲ့ နှိုင်းယှဉ်ရင် အလွန်သက်သာတဲ့ဈေးနှုန်းပါ။ ကျွဲကောသီးရောင်းချနေတဲ့ ပအိုဝ်းတိုင်းရင်းသူတွေက မဝယ်ခင်ကတည်းက အမြည်းအစမ်းသဘောမျိုးနဲ့ ပထမတစ်လုံးကို ခွဲကျွေးတယ်။ အသီးတွေက အရသာရှိပြီးချိုနေလို့ ခရီးစဉ်တစ်လျှောက်လုံး စားလို့ရအောင် ကျွဲကောသီးငါးလုံးကို ဝယ်ယူလာခဲ့လိုက်တယ်။ မော်လမြိုင်မြို့ကိုမရောက်ခင် နာမည်ကျော် မော်လမြိုင် ကျွဲကောသီးကို စားနေကြရပါပြီ။

ခရီးစဉ်အရ သထုံမြို့နဲ့ ကရင်ပြည်နယ်ရဲ့မြို့တော် ဘားအံမြို့တွေကို ဖြတ်သန်းသွားပြီး သာမညမှာ ညအိပ်ရပ်နားကြမှာပါ။ အလံတစ်ရာဘုရားနဲ့ သထုံမြို့က မိုင်အနည်းငယ်၊ ဘားအံမြို့နဲ့ ၂၄ မိုင်၊ သာမညနဲ့ မိုင် ၂၀ လောက် ကွာဝေးနေပါသေးတယ်။ အလံတစ်ရာဘုရားကနေ ထွက်လာပြီးကတည်းက မွန်ပြည်နယ်ရဲ့ တွေ့မြင်နေကျမြင်ကွင်းတွေအတိုင်း ရော်ဘာခြံတွေကို အဆက်မပြတ် တွေ့မြင်နေရတယ်။ သထုံမြို့နဲ့ အလံတစ်ရာဘုရားက မိုင်အနည်းငယ်သာ ကွာဝေးတော့တယ်ဆိုတဲ့အတိုင်း မကြာခင်ညနေ ၃ နာရီလောက်မှာ သထုံမြို့ကို ရောက်ရှိလာတယ်။

သထုံမြို့ကိုရောက်ရင် ဘားအံလမ်းနဲ့ မော်လမြိုင်လမ်း မှားနိုင်တယ်။ သထုံကနေ ဘားအံကိုလမ်းခွဲရမှာ။ လမ်းညွှန်ဆိုင်းဘုတ်တွေကိုကြည့်ပြီး သတိထားမောင်းနှင်ပါလို့ ဖုန်းနဲ့ဆက်သွယ်သတိပေးနေတဲ့ သာမညကမိတ်ဆွေ ပြောဆိုမှာကြားထားတဲ့အတိုင်း သတိထားမောင်းနှင်နေရင်း သထုံမြို့ရဲ့ နာမည်ကျော် ရွှေစာရံစေတီရှိရာကို ရောက်လာခဲ့ကြတယ်။ ခရီးဖော်တွေကို ဝင်ရောက်ဖူးမြော်ကြအုံးမလားလို့ မေးမြန်းကြည့်တဲ့အခါ မဝင်တော့ပါဘူးဆိုတာနဲ့ စေတီတော်ရှေ့ လမ်းဘေးတစ်နေရာကနေ မှတ်တမ်းဓာတ်ပုံတချို့ ရိုက်ကူးခဲ့ပြီး ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ တကယ်တော့ ဘုရားစေတီတွေဆိုတာ ဖူးသင့်ဖူးထိုက်မှ ဖူးမြော်ခွင့်ရကြတာပါ။ မိမိတို့အနေနဲ့ ဖူးမြော်ကြည်ညိုခွင့်ရရှိအောင် ဘယ်လောက်ကြိုးစားကြိုးစား မဖူးသင့်၊ မဖူးထိုက်သေးရင် ဖူးမြော်ခွင့်ရမှာ မဟုတ်ပါဘူး။ မန္တလေးမြို့ကို တရုတ်နိုင်ငံက ဗုဒ္ဓမြတ်စွယ်တော်ကြွချီတော်မူလာစဉ်အချိန်တုန်းက မိမိကိုယ်တိုင် မန္တလေးမြို့ကိုလာရောက်ပြီး ဖူးမြော်ခွင့်ရအောင် ကြိုးစားခဲ့ပါတယ်။ မန္တလေးမြို့ကိုလဲရောက်၊ စွယ်တော်မြတ်ကြီးရှိရာ ယာယီစံကျောင်းတော်ရှေ့ကိုလဲ ရောက်ရှိလာခဲ့ပြီးမှ အထဲကိုဝင်ပြီးဖူးမြော်ဖို့ ဝင်ပေါက်ရောက်တဲ့အခါ အတူတူလိုက်ပါလာတဲ့ တူမတစ်ယောက်က ဘောင်းဘီတိုဝတ်ဆင်လာတာကြောင့် ဝင်ခွင့်မရတော့ဘဲ သူနဲ့အတူအပြင်မှာစောင့်ကျန်ရစ်ခဲ့ရတော့တယ်။ ဖူးမြော်ပြီးပြန်ထွက်လာကြတဲ့ မောင်နှမတွေရှိနေပေမဲ့လဲ နောက်တစ်ခေါက်ထပ်မံတန်းစီစောင့်ဆိုင်းဖို့အတွက် ဘုရားဖူးညီ့သည်လူအုပ်ကြီးက အလွန်များပြားလွန်းပြီး ကျုံးဘေးနားထိရောက်ရှိနေပြီဖြစ်လို့ ဖူးမြော်ခွင့်ကိုလက်လျှော့လိုက်ရတယ်။ အဲဒီအချိန်တုန်းက ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးမြော်ရဖို့အတွက် မနက် ၄ နာရီ၊ ၅ နာရီလောက်ကတည်းက စတင်တန်းစီစောင့်ဆိုင်းနေခဲ့ရပြီး ၇ နာရီ၊ ၈ နာရီလောက်ရောက်မှ ဖူးမြော်ခွင့်ရရှိကြတာပါ။ မိမိကိုယ်တိုင်ကတော့ ယာယီစံကျောင်းရွှေဝင်ပေါက်



သထုံမြို့ရှိ ရွှေစာရံစေတီကို တွေ့ရစဉ်။

ရောက်ပြီးမှ ဖူးမြော်ခွင့်မရခဲ့ပါဘူး။

သထုံမြို့ကနေ ဘားအံလမ်းခွဲအတိုင်း ဆက်လက်မောင်းနှင်လာခဲ့ပြီး မြိုင်ကလေးရောက်မှ ခဏတာနားကြရင်း လက်ဖက်ရည်သောက်ကြရတယ်။ မြိုင်ကလေးကလဲ ဈေးဆိုင်တန်းတွေအများအပြားနဲ့ စည်ကားနေပါပြီ။ မြိုင်ကလေးနဲ့ဘားအံက ၁၀ မိုင်လောက်သာ ကွာဝေးပါတော့တယ်။ ခရီးစဉ်အရ ဘားအံမြို့ကနေ သာမညကို ထပ်မံသွားကြရအုံးမှာကြောင့် လက်ဖက်ရည်သောက်နေကြရင်းနဲ့ ဘားအံရောက်ရင် မြို့အတွင်းကနေ ဖြတ်သန်းသွားကြမလား၊ မြို့ပြင်ကနေ သွားကြမလားဆိုပြီး ခရီးဖော်တွေကို မေးမြန်းကြည့်တဲ့အခါ အားလုံးက ဘားအံမြို့ ရှုခင်းတွေကို ကြည့်ရှု မြင်ရအောင် မြို့တွင်းကသာ ဖြတ်သန်းသွားလိုကြကြောင်း ပြောကြတယ်။ ဒါကြောင့် လက်ဖက်ရည်သောက်ပြီးကြတာနဲ့ ဘားအံမြို့ရှိရာကို ခရီးဆက်ခဲ့ကြတာ မကြာခင်မှာရောက်ရှိလာခဲ့ကြတယ်။

ဘားအံဆိုတာ မွန်ဘာသာအမည် ဘာအင်၊ အသံထွက် ဖယ်အန်းကနေဆင်းသက်လာပြီး ဖယ်ဆိုတာ ကျောင်း၊ အန်းဆိုတာ အင်ပင်ဖြစ်လို့ အင်ပင်ကျောင်းဆိုပြီး အဓိပ္ပာယ်ရနေတယ်။ ဒါပေမဲ့ အခြားသမိုင်းမှတ်တမ်းတစ်စောင်ကလဲ ဘားအံဆိုတာ ရှမ်းဘာသာဖားအမ်းကနေ ဆင်းသက်လာတာဖြစ်ပြီး ဖားဆိုတာ ကျောက်၊ အမ်းဆိုတာ အစွန်းဖြစ်လို့ ကျောက်ဆောင်အစွန်းလို့ အဓိပ္ပာယ်ရကြောင်း ဖော်ပြထားပြန်တယ်။ သမိုင်းမှတ်တမ်းတွေနဲ့ပတ်သက်ပြီး ဘယ်ဟာကအမှန်ဆိုတာကို သေသေချာချာမသိပေမဲ့ ဘားအံကိုရောက်ရှိလာတဲ့အခါတိုင်း ငယ်စဉ်တုန်းက ကျောင်းသင်ခန်းစာထဲမှာ သင်ကြားကျက်မှတ်ခဲ့ရတဲ့ မျိုးချစ်စိတ်ဓာတ်ပြင်းထန်သူကြီး ဦးနာအောက်ကို သတိရသွားတာ သေချာနေပါတယ်။ ဦးနာအောက်က ဘားအံမြို့နယ် ခရဲရွာသားတစ်ယောက်ပါ။

လမ်းဆုံနေရာတစ်ခုဖြစ်တဲ့ မြို့ဆိုင်းဘုတ်မှာ ဓာတ်ပုံတွေရိုက်ခဲ့ကြပြီး စကားတပြောပြောနဲ့ ကားမောင်းနေရင်း ဘားအံမြို့တွင်းကို တော်တော်နဲ့ မရောက်နိုင်ပါလားလို့ စိတ်ထဲမှာတွေးတောလိုက်မိတယ်။ ဒါနဲ့လမ်းဘေးပတ်ဝန်းကျင်ကို သတိထားကြည့်ရှုမောင်းနှင်လာတော့ မကြာခင်မှာ ကျောက်ကလပ်စေတီတော်ကြီးကို မြင်တွေ့လိုက်ရတယ်။ ဒီတော့မှ ဘားအံမြို့တွင်းလမ်းကို မောင်းနှင်နေတာ မဟုတ်ဘဲ မြို့ပြင်လမ်းကနေ လမ်းမှားပြီးမောင်းနှင်နေတာဖြစ်ကြောင်း သိရှိလိုက်ရတယ်။ လမ်းမှားပြီး မောင်းနှင်လာတာကြောင့် ဘားအံမြို့တွင်းမြင်ကွင်းတွေကို တွေ့မြင်ရတော့မှာမဟုတ်ပါဘူး။ ဒါပေမဲ့ နာမည်ကျော် အထင်ကရ ကရင်ပြည်နယ်ရဲ့ အမှတ်သင်္ကေတဖြစ်တဲ့ ဇွဲကပင်တောင်ကြီးကို အနီးကပ်မြင်တွေ့ခွင့် ရရှိခဲ့ကြတယ်။

မြို့ပြင်လမ်းကနေ ဘားအံမြို့တွင်းကို ကျော်လွန်လာခဲ့ပြီး ၁၃ မိုင်သာဝေးတော့တဲ့ အိန္ဒုကိုမကြာခင်မှာ ထပ်မံရောက်ရှိလာတယ်။ အိန္ဒုက လမ်းဆုံတစ်ခုပါ။ အိန္ဒုကနေ သာမည၊ မြဝတီ၊ မော်လမြိုင်၊ ဘားအံမြို့တွေကို ပြသလမ်းညွှန်ထားတဲ့ ဆိုင်းဘုတ်တွေအတိုင်း သွားရောက်နိုင်ပါတယ်။ အိန္ဒုကိုရောက်ရင် သာမညက မဝေးတော့ပါဘူး။ ဒါကြောင့် လမ်းတစ်လမ်းလုံး ဘယ်နားရောက်ပြီလဲ၊ ဘယ်ကိုရောက်ပြီလဲဆိုပြီး မကြာခဏ ဖုန်းဆက်မေးမြန်းနေတဲ့ သာမညက မိတ်ဆွေဆီကို အိန္ဒုရောက်ပြီဖြစ်ကြောင်း အကြောင်းကြားလိုက်ရတယ်။ ချိန်းဆိုပြောကြားထားတဲ့အတိုင်း သာမညကို ဆက်လက်မောင်းနှင်လာခဲ့တာ နေဝင်သွားပြီဖြစ်ပေမဲ့ အလင်းရောင်ကျန်ရှိနေသေးတဲ့အချိန်မှာ သာမညက မိတ်ဆွေအိမ်ကို ရောက်လာခဲ့ကြတယ်။ ဒါပေမဲ့ မြင်တွေ့နေရတဲ့ မြင်ကွင်းတွေကြောင့် ဒါ သာမညလားဆိုပြီး မေးမြန်းအံ့ဩသွားခဲ့ရတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်က ရောက်ဖူးခဲ့တဲ့ သာမညနဲ့ အခု သာမညက လုံးဝကွဲပြားခြားနားသွားပါပြီ။ နေရာတိုင်းမှာ၊ လမ်းတစ်လျှောက်လုံးမှာ ခေတ်မီတိုက်တာနေအိမ်တွေ၊ ဆိုင်ကြီးဆိုင်ငယ်တွေ ပြည့်နှက်လို့နေတယ်။ အရင်တုန်းက သာမညဆရာတော်ကြီးကြောင့် ထင်ပေါ်ကျော်ကြားလာခဲ့ရတဲ့ သာမညရွာလေးဟာ အခုအချိန်မှာ မြို့အဖြစ်ပြောင်းလဲနေပါပြီ။

မိတ်ဆွေက နားနေအိပ်စက်ဖို့အတွက် အိမ်မှာပြင်ဆင်ထားကြောင်းနဲ့ ညစာစားသောက်ကြဖို့အတွက် ဆိုင်မှာစီစဉ်ထားကြောင်း ပြောကြားတာနဲ့ မြန်မြန်ရေမိုးချိုး၊ အဝတ်အစားလဲကြရတယ်။ ညစာစားဖို့ ဆိုင်ကိုထွက်လာကြတော့ မှောင်နေပါပြီ။ ဒါပေမဲ့ သာမညတစ်ခုလုံး လျှပ်စစ်မီးရောင်တွေနဲ့ လင်းထိန်နေတယ်။ အရင်တုန်းက လမ်းဆုံလမ်းခွမှာ အကြော်တဲလေးတွေလောက်သာရှိနေခဲ့ရာကနေ အခုအချိန်မှာ စားသောက်ဆိုင်ကြီးတွေကို တွေ့မြင်လာရတယ်။ ညစာအဖြစ် စားသောက်ဆိုင်ကြီးတစ်ဆိုင်မှာ မိမိတို့ ကြိုက်နှစ်သက်ရာ ကြက်၊ ဝက်၊ ငါးဟင်းတွေကို မှာယူထားရင်းနဲ့ နယ်ခံမိတ်ဆွေက ဒီဆိုင်မှာနာမည်ကြီး ဟင်းလျာတစ်မျိုးရှိတယ်။ ဒီဟင်းကို မှာကျွေးမယ်။ စားကြည့်ကြပါဆိုပြီး အရည်သောက်ဟင်းတစ်မျိုးကို မှာယူကျွေးမွေးညီ့ခံတယ်။ ဟင်းရည်ရောက်လာလို့ မြည်းစမ်းစားသုံးကြည့်တော့ ချိုလဲချို၊ ခါးလဲခါး၊ ပူလဲပူ၊ စပ်လဲစပ် အရသာတွေ စုံလင်နေတဲ့အပြင် ဟင်းရနံ့က မွှေးကြိုင်နေတယ်။ ဟင်းအမည်ကလဲ ထူးထူးခြားခြား ဆိတ်ချေးခါးပါ။ နယ်ခံမိတ်ဆွေရဲ့ ပြောပြချက်အရ ဆိတ်ရဲ့အူနုကို အထူးပြုလုပ်ပြီး ချက်ထားကြောင်း၊ အရသာရှိတဲ့အပြင် ဆေးဖက်လဲဝင်ကြောင်း သိရတယ်။ ဆိတ်အူနုကို ချက်ထားတာဖြစ်လို့ ဟင်းအရောင်က အစိမ်းရောင်ဖြစ်နေတယ်။ ဟင်းထဲမှာ အူနုတွေသာမက ဆိတ်သား၊ ဆိတ်ရိုးတွေ ပါဝင်နေတာကြောင့် အခြားဟင်းလျာတွေနဲ့ပေါင်းစပ်ပြီး ထမင်းစားကောင်းခဲ့ရတယ်။ ဒီနေ့အတွက် နေ့လယ်စာထမင်းကို ကျိုက်ထိုမြို့မှာ ဆိတ်ကုလားပဲဟင်းနဲ့ ညစာထမင်းကို သာမညမှာ ဆိတ်ချေးခါးနဲ့ စားသောက်ရတာကလဲ ဒီခရီးစဉ်ရဲ့ ထူးခြားမှုတစ်ခုပါ။

ညစာထမင်းစားသောက်ပြီးတာနဲ့ တည်းခိုအိမ်မှာ ပြင်ဆင်ပေးထားတဲ့ အိပ်ရာတွေမှာအိပ်စက်ကြရတာကြောင့် သာမညဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ် ဖူးမြော်ခဲ့ရစဉ်အချိန်က ဆရာတော်ကြီးရဲ့ မိန့်ကြားပြောဆိုချက်တွေကို ပြန်ပြောင်းသတိရလာခဲ့တယ်။ ဆရာတော်ကြီးက ဘုရားဖူးညီ့သည်တွေ အားလုံးကို ထမင်းစားလို့ကောင်းကြရဲ့လား၊ ညက ကောင်းကောင်း အိပ်ပျော်ကြရဲ့လား၊ ခြင်တွေကောကိုက်ကြလား စသဖြင့် မေးမြန်းတဲ့အခါ အားလုံးက ထမင်းလဲစားလို့ ကောင်းပါတယ်၊ ကောင်းကောင်းလဲ အိပ်ပျော်ကြပါတယ်၊ ခြင်လဲ မကိုက်ပါဘူးဆိုပြီး သံပြိုင်ဖြေကြားခဲ့ကြရတယ်။ ဒီအခါမှာ ဆရာတော်ကြီးက "အေး . . . အဲဒါတွေဟာ ဆရာတော်ကြီးရဲ့ မေတ္တာဓာတ်တွေကြောင့်ပဲ။ ဘုရားဖူးညီ့သည်တွေ အားလုံးကို ခြင်တွေ၊ ယင်တွေ မကိုက်အောင်၊ အိပ်လို့ကောင်းအောင်၊ စားလို့ကောင်းအောင် သတ္တဝါတွေကို မေတ္တာပို့ပေးတယ်"ဆိုပြီး ပြန်လည်မိန့်ကြားခဲ့တယ်။ အဲဒီအချိန်တုန်းက လာသမျှဘုရားဖူးညီ့သည် အားလုံးကိုသက်သတ်လွတ်ဟင်းတွေနဲ့ ညီ့ခံကျွေးမွေးနေသလို ညအိပ်ကြတဲ့အခါ သင့်တော်ရာဇရပ်ဆောင်တွေမှာ အိပ်စက်ခဲ့ကြရတယ်။ ဆရာတော်ကြီးရဲ့မေတ္တာဓာတ်တွေကြောင့် စားကောင်း၊ အိပ်ကောင်းကြရတဲ့အပြင် ခြင်ကိုက်တဲ့ဒဏ်တွေကိုလဲ မခံခဲ့ကြရပါဘူး။

အခုလဲ မိတ်ဆွေဖြစ်သူက အိပ်ရာတွေပြင်ဆင်ပေးထားတဲ့အခါ ခြင်ထောင်တွေမပါဘဲ သာမညမှာ ခြင်မကိုက်ဘူးလို့ဆိုတယ်။ ညအိပ်ကြတဲ့အခါ ခြင်လဲမကိုက်၊ ကောင်းကောင်းလဲအိပ်ပျော်ကြလို့ သာမညဆရာတော်ကြီးရဲ့ မေတ္တာဓာတ်တွေက အခုအချိန်ထိ သာမညမှာလွှမ်းခြုံထားဆဲဆိုပြီး ထင်မှတ်မိလိုက်တယ်။ နယ်ခံမိတ်ဆွေက မနက်စောစော အိပ်ရာထကြပြီး စားသောက်ပြီးတာနဲ့ သာမညတောင်ပေါ်တက်ကြရအောင်လို့ ပြောဆိုထားတာကြောင့် မနက်စောစောကတည်းက အိပ်ရာထကြရတယ်။ ကျိုက်ထိုမြို့ကနေ သထုံမြို့နဲ့ဘားအံမြို့တွေကို ဖြတ်သန်းခဲ့ပြီး သာမညရောက်လာတဲ့အထိ ခရီးစဉ်ကတော့ အေးအေးဆေးဆေး သာသာယာယာ လှလှပပပါ။ မကြာခင်မှာ သာမညတောင်ပေါ်ကိုသွားရောက်ပြီး လေ့လာစရာရှိတာတွေကို ကြည့်ရှုလေ့လာလိုက်ကြပါအုံးမယ်။

# သရှိုး ရုပ်ရှင်ဇာတ်ကားကို မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသလျက်ရှိ



**ရန်ကုန် နိုဝင်ဘာ ၂၃**

အောင်တိုင်းကျော် (ATK Group) ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သရှိုး ရုပ်ရှင်ဇာတ်ကားကို ယနေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသလျက်ရှိကြောင်း ဒါရိုက်တာ ပြည်ဟိန်းသီဟက ပြောပြ၍ သိရသည်။

သရှိုး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို စွမ်းပိုင်နှင့် မြေထက်လူတို့က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ပြည်ဟိန်းသီဟက အောင်တိုင်းကျော် (ATK Group) ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူဖန်တီး ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ ထူးခြားပါတယ်။ Horror Comedy ဇာတ်ကားပါ။ ဟာသသက်သက်တော့ မဟုတ်ပါဘူး။ ဒီဇာတ်ကားမှာ ထိုင်းနိုင်ငံရဲ့နာမည်ကြီး Net Idol- မေရာဆွန်ဆွန်ပါဝင်ထားပါတယ်။ မြန်မာနိုင်ငံကို အလည်လာရင်း မြန်မာကောင်လေးတစ်ယောက်ကို ကြိုက်မိသွားတဲ့ ထိုင်းမလေးတစ်ယောက်နဲ့ ချောက်ချားဖွယ်အိမ်ကြီးတစ်လုံးပေါ်က ကြောက်စရာအဖြစ်အပျက်တွေကို ဟာသနှောထားတဲ့ ဇာတ်ကားလေးတစ်ကားပါ"ဟု ဒါရိုက်တာ ပြည်ဟိန်းသီဟက ပြောပြသည်။

သရှိုး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ တက္ကသိုလ်ဝှမ်းပုံ၊ ခင်လှိုင်၊ နန်းခင်ဇေယျာ၊ ထက်ထက်ထွန်း၊ ရွှေအိမ်စည်၊ မေရာဆွန်ဆွန်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Jason Bourne ဇာတ်ကားရိုက်ကူးရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ ပြင်ဆင်နေ

**နယူးယောက် နိုဝင်ဘာ ၂၃**


Jason Bourne ဇာတ်ကား သစ်တစ်ကား ရိုက်ကူးထုတ်လုပ်ရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ပြင်ဆင်နေကြောင်း နိုဝင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

Jason Bourne ဇာတ်ကားကို အော်စကာဆုရ ဒါရိုက်တာ အက်ဒွဘာဂျာက တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ပြီး ဒါရိုက်တာ အက်ဒွဘာဂျာသည် ကမ္ဘာကျော် ပထမကမ္ဘာစစ်နောက်ခံ All Quiet on the Western Front ဇာတ်ကားကို ရိုက်ကူးခဲ့သူဖြစ်သည်။

အက်ရှင်အသားပေး သူလျှိုလောကနောက်ခံ ဇာတ်ကားဖြစ်သည့် Jason Bourne ဇာတ်ကားများသည် ယူနီဗာဆယ်ကုမ္ပဏီ၏ အောင်မြင်မှု အထူးရရှိခဲ့သော ဇာတ်ကားများဖြစ်ပြီး ၎င်းဇာတ်ကားငါးကား၏ စုစုပေါင်းကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော်ထိ ရရှိခဲ့သည်။

လက်ရှိအချိန်တွင် Jason Bourne ဇာတ်ကားနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref: Russia Today**
**Trs: KKO**




# ပိုလ်တထောင်မြို့နယ် The Secretariat Yangon (ဝန်ကြီးများရုံး)တွင် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် Art Exhibition ပန်းချီပြပွဲ ပြသမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ The Secretariat Yangon (ဝန်ကြီးများရုံး) တွင် မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင် Art Exhibition ပန်းချီပြပွဲကို နိုဝင်ဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီဆရာမ ဝင်းသန္တာက ပြောပြ၍ သိရသည်။

မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင် Art Exhibition ပန်းချီပြပွဲကို The Royal Gallery က စီစဉ်ပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါပန်းချီပြပွဲတွင် ပန်းချီ အောင်လင်းထွန်း၊ ပန်းချီ ထူးမြတ်သော်၊ ပန်းချီ စိုင်းမောင်မောင်၊ ပန်းချီ အောင်သင်းဦး၊ ပန်းချီ ဦးမာလာ၊ ပန်းချီ စိုင်းပြည့်စုံအေး၊ ပန်းချီ ချစ်နှင်းအိမ်၊ ပန်းချီ မိုးညို၊ ပန်းချီ ရွှေရိုးရာ၊ ပန်းချီ ချစ်ဆွေ၊ ပန်းချီ မျိုးဝင်းအောင်၊ ပန်းချီ သီဟ၊ ပန်းချီ CNK၊ ပန်းချီ မြင့်မြင့်တင်၊ ပန်းချီ ဝင်းသန္တာ၊ ပန်းချီ လှထွဏ်းအောင်၊ ပန်းချီ နန္ဒာမြင့်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံ ပန်းချီကား ၅၀ ခန့်ကို ပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"ပြတာကတော့ အရင်ဝန်ကြီးများရုံးနေရာပါ။ အခု The Secretariat Yangon မှာ တန်ဆောင်တိုင်ရက်တွေမှာ ပြသမှာပါ။ စီစဉ်တာကတော့ The Royal Gallery က ဖြစ်ပါတယ်။ ပန်းချီဆရာ၊ ဆရာမ ၁၇ ယောက် ပါဝင်ပြသမှာပါ။ ပန်းချီကား အများစုကတော့ လတ်တလောရေးဆွဲထားတဲ့ ပန်းချီကားတွေပဲဖြစ်ပါတယ်"ဟု ပန်းချီဆရာမ ဝင်းသန္တာက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မစသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၃၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# The Karate Kid ဇာတ်ကားသစ်တွင် ဂျက်ကီချန်းနှင့် ရက်မက်ချီယိုတို့ ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၂၃**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ The Karate Kid ဇာတ်ကားတွင် မင်းသားကြီး ဂျက်ကီချန်းနှင့် ရက်မက်ချီယိုတို့ ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

မင်းသားကြီး ဂျက်ကီချန်းနှင့် ရက်မက်ချီယိုတို့သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ၁၃ ရက်တွင် ရုံတင်မည့် နောက်ဆုံး The Karate Kid ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူများဖြစ်ကြပြီး ထပ်မံရိုက်ကူးမည့် The Karate Kid ဇာတ်ကားတွင်လည်း ဂျက်ကီချန်းနှင့် ရက်မက်ချီယိုတို့သည် မစ္စတာဟန်နှင့် ဒန်နီယယ်လာရပ်ဆိုး ဇာတ်ကောင်နေရာများပင် သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

The Karate Kid ဇာတ်ကားများသည် ၁၉၈၄ ခုနှစ်ကပင် ဟောလိဝုဒ်ရုပ်ရှင်လောက၌ ပရိသတ်အားပေးမှု အကောင်းဆုံး ဇာတ်ကားတွဲများ စာရင်းတွင် ပါဝင်ခဲ့သည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီက ထပ်မံရိုက်ကူးထုတ်လုပ်မည့် The Karate Kid ဇာတ်ကားကို ဒါရိုက်တာ ဂျိုနာသန်အန့်ဝပ်စတယ်ကပင် ရိုက်ကူးပေးဖွယ်ရှိကြောင်း သိရသည်။

**Ref: Xinhua News**
**Trs: KKO**




# မြန်မာ့ဓာတ်ပုံမော်ကွန်းအဖွဲ့၏ ရှားပါးဓာတ်ပုံပြပွဲနှင့်စကားဝိုင်း ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာဓာတ်ပုံဝါသနာရှင်များအတွက် စုဆောင်းထားသည့်ဓာတ်ပုံများလေ့လာနိုင်မည့် ရှားပါးပြပွဲ၊ မြန်မာ့ဓာတ်ပုံမော်ကွန်းအဖွဲ့နှင့် တွေ့ဆုံနိုင်မည့်စကားဝိုင်း (The Meet Myanmar Photo Archive) ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဓာတ်ပုံအသင်းမှအလုပ်အမှုဆောင် ဦးအောင်မြင့်က ပြောပြ၍ သိရသည်။

အဆိုပါစကားဝိုင်းကို နိုဝင်ဘာ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကမ္ဘာအေးဘုရားလမ်းနှင့် နတ်မောက်လမ်းထောင့်ရှိ Goethe-Institut Myanmar ပွဲခန်းမတွင် ညနေ ၃ နာရီ မိနစ် ၃၀ မှ ၆ နာရီထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဓာတ်ပုံပြပွဲနဲ့ စကားဝိုင်းကတော့ မြန်မာ့ဓာတ်ပုံမော်ကွန်းအဖွဲ့နဲ့ Goethe-Institut Myanmar တို့က ပူးပေါင်းပြီးတော့ ကျင်းပတာဖြစ်ပါတယ်။ မြန်မာ့ဓာတ်ပုံမော်ကွန်းအဖွဲ့မှာက မြန်မာနိုင်ငံတစ်ဝန်းက ခေတ်အဆက်ဆက် ရှားပါးဓာတ်ပုံတွေကို စုဆောင်းထားတဲ့အဖွဲ့ဖြစ်ပါတယ်။ ဒီအဖွဲ့လုပ်တဲ့ပွဲဖြစ်တဲ့အတွက် ရှားပါးဓာတ်ပုံတွေကို လေ့လာခွင့်ရမှာဖြစ်ပါတယ်။ ဒါ့ပြင် သူတို့စုဆောင်းထားတဲ့ ဓာတ်ပုံလက်ရာတွေနဲ့ပတ်သက်ပြီးတော့လဲ မြန်မာဓာတ်ပုံဝါသနာရှင်တွေအနေနဲ့ မေးမြန်းချင်တာလေးတွေကို မေးမြန်းခွင့်ရမှာဖြစ်သလို ဓာတ်ပုံပညာနဲ့ပတ်သက်တာတွေလဲ ဆွေးနွေးခွင့်ရမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ အလုပ်အမှုဆောင် ဦးအောင်မြင့်က ပြောပြသည်။

မြန်မာ့ဓာတ်ပုံမော်ကွန်းတွင် ခေတ်အဆက်ဆက် မြန်မာနိုင်ငံတစ်ဝန်းမှ ဓာတ်ပုံများစွာကိုစုစည်းထားရှိပြီး ယခုအခါ Goethe-Institut Myanmar နှင့်ပူးပေါင်း၍ အဆိုပါဓာတ်ပုံများကို အများပြည်သူဝင်ရောက်ကြည့်ရှုလေ့လာနိုင်ရန်၊ သမိုင်းနှင့် ပညာရေးဆိုင်ရာကဏ္ဍတွင် ကိုးကားအသုံးပြုနိုင်ရန်နှင့် မြန်မာနိုင်ငံရှိ အမြင်အမြေပြုဖန်တီးထားသည့် အနုပညာသမိုင်းကို ပိုမိုစိတ်ဝင်စားလာကြရန် ရည်ရွယ်ချက်များဖြင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အဆိုပါစကားဝိုင်းတွင် မကြာသေးမီက ပြုလုပ်ခဲ့သည့် မြန်မာ့ဓာတ်ပုံမော်ကွန်း၏ ဖန်တီးထားသည့် အနုပညာလက်ရာတချို့အကြောင်းကို ဟောပြောသွားရန်ရှိပြီး မြန်မာ့ဓာတ်ပုံမော်ကွန်းနှင့် တက်ရောက်လာသူများအချင်းချင်း ချိတ်ဆက်စကားပြောနိုင်ကြစေရန်လည်း စီစဉ်ထားကြောင်း ဦးအောင်မြင့်က ဆက်လက်ပြောပြ၍ သိရသည်။ ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing receives delegation led by Air Chief Marshal Punpakdee Pattanakul of Royal Thai Airforce


Senior General Min Aung Hlaing receives Air Chief Marshal Punpakdee Pattanakul of Royal Thai Airforce.


Senior General Min Aung Hlaing poses for a group photo together with the delegation led by Air Chief Marshal Punpakdee Pattanakul of Royal Thai Airforce.

**Nay Pyi Taw November 23**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing received a delegation led by Air Chief Marshal Punpakdee Pattanakul of the Royal Thai Airforce at the parlour of Zeyarthiri Beikman in Nay Pyi Taw this morning.

Also present at the call together with the Senior General were Lt-Gen Ye Win Oo of the Office of the Commander-in-Chief of Defence Services, Commander-in-Chief (Air) General Tun Aung and senior military officers and the air chief marshal was accompanied by officers from the Royal Thai Airforce and Military Attache of the Royal Thai Airforce to Myanmar Group Captain Jumphol Chantakamma.

During the meeting, they frankly discussed promotion of friendship and cooperation and exchange of cultural troupes and friendship sports teams between the two armed forces and promotion of friendship by exchange of visits by senior officers and families of the two armed forces.

After the meeting, the Senior General and the air chief marshal of the Royal Thai Airforce exchanged gifts and posed for documentary photographs.

100

# Plan to disburse more than K540 million to farmers of six townships in Mandalay Region

**Mandalay November 23**

Mandalay Region Cooperative Union will disburse loans worth K540 million to its member farmers from six townships of Mandalay Region, said U Hlaing Moe, assistant director Mandalay Region Cooperative Department.

The Union will issue loans to938 farmers from 22 cooperative societies from six townships to grow 2,077 acres of oil crops, starting from December.

"The Cooperative Union will deliver loans to farmers for cultivation of cold season crops as part of contributing to boosting per-acre yield of oil crops on one hand. In this regard, the Union will issue K300,000 per acre of groundnut and K200,000 per acre of sunflower but these will be inputs and quality strains of crops. Hence, borrower farmers need to efficiently spend the loan on the correct cultivation. The Union will disburse loans to farmers from six townships, and its interest rate will be 0.24 per cent. Farmers need to pay back the loans once every six months," he explained.

Coverage of loan will be in Singu, Kyaukse, Singaing, Wundwin, Yamethin and Kyaukpadaung townships. A total of 398 farmers from cooperative societies will get K547.7 million for 1,428 aces of groundnut and 649 acres of sunflower.

185


A plantation.


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# MR plan to build two pedestrian overpasses on Yangon circular railroad and one pedestrian overpass on Yangon-Mandalay railroad in 2023-2024 FY



A newly built pedestrian overpass seen near a railway station.

**Yangon November 23**

Ministry will build two pedestrian overpasses on Yangon circular railroad and one pedestrian overpass on Yangon-Mandalay railroad in the 2023-2024 FY, according to the Ministry of Transport and Communications.

Myanma Railways (MR) under the Ministry of Transportation and Communications has been implementing railway upgrade projects according to the fiscal year.

Among the upgrading projects, the upgrading and reconstruction of railroads, the construction of the train stations, the installation of computerized train control systems in addition to the construction of pedestrian overpasses are also included.

The railway pedestrian overpasses that will be built are located between Waibargi station and Oakkalapa station on the Yangon circular railroad, and between Malwakone station and Puzuntaung station. On the Yangon-Mandalay railroad, one will be built at Phyu station.

Private entrepreneurs will be invited to open tenders to build the railroad pedestrian overpasses.

336

# Overdose deaths increase in U.S. pregnant, postpartum women

**Los Angeles November 23**

Overdose deaths increased in American pregnant and postpartum women from early 2018 to late 2021, according to a new study published on Wednesday.

Among those aged 35 to 44, overdose mortality more than tripled during this period, according to the study by researchers with the U.S. National Institute on Drug Abuse at the U.S. National Institutes of Health.

Over 60 percent of these pregnancy-associated overdose deaths occurred outside healthcare settings, though often in counties with available healthcare resources, such as emergency and obstetric care, according to the study published in JAMA Psychiatry.

The findings suggest that, while treatment is available to pregnant women with substance use disorders, significant barriers - such as penalization, stigma, discrimination, and limited socioeconomic resources - may obstruct the path to care, according to the researchers.

Xinhua

# Myawady border camps earns US$870 million in border trade in October

**Myawady November 23**

Myawady trade zone manages tackling of trade volume worth US$870 million in October of this financial year, according to the Ministry of Commerce.

In trading process of 17 border trade camps this financial year, Htikhee border camp handled US$1,889.189 million comprising US$1,718.545 million worth of export and US$170.644 million worth of import. Muse camp also handles US$1,483.297 million worth of trade volume including US$1,071.870 million worth of export and US$1,483.297 million worth of import.

Myawady camp in Myanmar-Thai border tackled US$246.044 million worth of export goods and US$627.91 million worth of import products, totalling US$873.954 million.

Myanmar exports agricultural produce, fishery products, minerals and CMP products and imports animal foodstuffs, bicycles, garment, stationery, auto parts, constructiona materials, vehicles, fertilizers, motorcike parts, electronics, foodstuffs, cosmetics, raw CMP materials, drugs, slipperss, fruits, paints, household goods, personal goods, factory equipment, machinery and fishing equipment.



The archway of Myawady border trade camp.

Myanmar prioritizes export of perishable products such as marine products, green groceries, onion, and chilli to foreign market.

In October, Myawady trade zone managed trade volume worth US$873.954 million, securing the second position in Myanmar-Thai border and the third in all border trade camps across the nation.

336

# Hamas reveals details of first cease-fire, swap deal since Gaza conflict

**Gaza Noveber 23**

Israel and the Gaza-ruling Islamic Resistance Movement (Hamas) confirmed Wednesday a cease-fire agreement in the conflict-ridden Gaza Strip for four days, to allow for more aid delivery to Gaza as well as the exchange of Israeli hostages held by the armed Palestinian faction and Palestinian prisoners jailed in Israel.

The humanitarian pause, mediated by joint Qatari, Egyptian and U.S. efforts, would enable the release of 50 hostages held in Gaza, mainly children and women and most are foreign nationals, in exchange for about 150 female and teenage Palestinians jailed in Israel, the Israeli presidency and a top Hamas official revealed separately.

Hamas politburo member Moussa Abu Marzouk told Al Jazeera on Wednesday that the cease-fire in Gaza will begin at 10:00 a.m. local time (0800 GMT) on Thursday.

The hostages will be released in smaller groups over a span of four days, during which "there will be a pause in the fighting," said the statement from Israeli Prime Minister Benjamin Netanyahu's office, adding that the release of every additional 10 hostages will result in one additional day in the pause.

A Hamas source told Xinhua that Hamas and Israel were still finalizing on Wednesday night their respective swap list that would be handed to each other.

Xinhua



# Taunggyi Township engages in small-scale modern livestock breeding zone on 659 acres of land

**Taunggyi November 23**

A small-scale livestock breeding zone is being established on 659 acres of land in Taunggyi Township of Shan State, said Dr Aung Min Tun, Head of Taunggyi Township Livestock Breeding and Veterinary Department.

The zone accommodates 480 dairy cows, 2,000 beef cattle and 1,000 domestic crows being bred by 11 businesspersons.

"We started the livestock breeding zone in March this year. It is located on 659 acres of land in Kyaukni field of Kunlon Village-tract of Taunggyi Township. The farm area is of Agriculture Department. We slated 499.86 acres of land for livestock ranches for businesspersons and the remaining must be pasturelands. A total of 11 businesspersons are initiating the livestock breeding zone," he added.

Those businesspersons have to implement their projects within two years. They have to cultivate feedstuff plants for animals and harvest them. It aims to reduce herding the animals. ASH

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အစ္စရေး၏ ဂါဇာကမ်းမြောင်ထိုးစစ်အတွက် တန်ပြန်ဒရုန်းစနစ်ကို အဆင့်မြှင့်တင်ရန်ဆောင်ရွက်နေ




အမေရိကန်နိုင်ငံအခြေစိုက် Airobotics ကုမ္ပဏီသည် ဂါဇာရှိ အစ္စရေး၏ ထိုးစစ် အရှိန်အဟုန်မြင့်စေရေးအတွက် ၎င်း၏ တန်ပြန်ဒရုန်းစနစ်ကို အဆင့်မြှင့်တင်ရန် အစ္စရေးကာကွယ်ရေးကုမ္ပဏီကြီးများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း Defense Post သတင်းဌာနက နိုဝင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့ ဟားမတ်စ်သည် အစ္စရေး၏အဓိကပစ်မှတ်များကို ချေမှုန်းရန်အတွက် ဈေးသက်သာသော ဒရုန်းများကိုအသုံးပြု၍ အောက်တိုဘာ ၇ ရက်က အစ္စရေးကိုတိုက်ခိုက်ခဲ့ပြီး နောက်ပိုင်းတွင် အဆိုပါစိမ်ခေါ်မှုထွက်ပေါ်လာခြင်းဖြစ်သည်။

အစ္စရေးသည် လက်တုံ့ပြန်သည့်အနေဖြင့် ဟားမတ်စ်အုပ်ချုပ်သည့် ဂါဇာကမ်းမြောင်ကို ထိုးစစ်ဆင်ခဲ့ရာ ဟားမတ်စ်အပါအဝင် အရပ်သားဦးရေ ၁၁၀၀၀ ကျော် သေဆုံးခဲ့ကြောင်း ဟားမတ်စ်အဖွဲ့ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

Airobotics ကုမ္ပဏီ၏ တန်ပြန်ဒရုန်းစနစ်သည် ထိန်းချုပ်ထားသောသို့မဟုတ် ပျံသန်းမှုအတွက် ကြိုတင်အစီအစဉ်ချထားသော ရန်သူဒရုန်းစနစ်များကို ပျက်ပြယ်စေသည့်ဉာဏ်ရည်တု(AI)အခြေပြု ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းစနစ်တစ်ခုဖြစ်သည်။

ထိုသို့သောဒရုန်းများကို ရှာဖွေတွေ့ရှိသောအခါ တန်ပြန်ဒရုန်းစနစ်သည် AI အာရုံစူးစိုက်မှုနည်းပညာကို အသုံးပြု၍ ရန်သူဒရုန်းများအနီးထိ ထောက်လှမ်းခြေရာခံနိုင်သည့် အရွယ်အစားသေးငယ်ပြီး အလွန်မြန်သော ကြားဖြတ်ဒရုန်းဖြစ်ပြီးကို အလိုအလျောက် လွှတ်တင်နိုင်သည်။

ကြားဖြတ်ဖမ်းယူနိုင်သော တန်ပြန်ဒရုန်းသည် ပစ်မှတ်နောက်သို့ လိုက်သွားပြီးနောက် ၎င်းကိုမြေပြင်ပေါ်သို့ ပြန်ဆင်းစေရန်အတွက် ပိုက်ကွန်နှင့် လေထီးကို အသုံးပြုနိုင်သည်။

အဆိုပါဒရုန်း၏ လုပ်ငန်းစဉ်သည် ထောက်လှမ်းခြင်းနှင့် ရန်သူဒရုန်းအား ဖမ်းရည်မှဲ့စေခြင်းတို့ကို အော်ပရေတာ၏ အကူအညီမပါဘဲ လုပ်ဆောင်နိုင်သည်။

သီးခြားခံစစ်လိုအပ်ချက်များကိုပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်စေရန် ယခုအခါ အဆိုပါတန်ပြန်ဒရုန်းစနစ်ကို အဆင့်မြှင့်တင်မွမ်းမံမှုများပြုလုပ်နေပြီး စစ်မြေပြင်တွင် အသုံးပြုနိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း အစ္စရေးဒရုန်းထုတ်လုပ်သည့်ကုမ္ပဏီတစ်ခုက ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုသည် အစ္စရေးနိုင်ငံ တီထွင်ဆန်းသစ်ရေး အာဏာပိုင်အဖွဲ့အတွက် ပိုမိုကောင်းမွန်သော ဒရုန်းကြားဖြတ်စနစ်တစ်ခုကို နည်းလမ်းရှာဖွေနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် Airobotics ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၅၄၀၀၀၀တန်ဖိုးရှိ သဘောတူစာချုပ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

"အဓိက အစ္စရေးကာကွယ်ရေးကုမ္ပဏီတွေရဲ့ ပံ့ပိုးမှုနဲ့အတူ မြေပြင်မှာရှိတဲ့ မတူညီတဲ့တပ်ဖွဲ့တွေအတွက် တန်ပြန်ဒရုန်းစနစ်ဖြေရှင်းချက် ပံ့ပိုးပေးနိုင်ဖို့နဲ့ ရန်သူဒရုန်းတွေရဲ့ခြိမ်းခြောက်မှုကိုတန်ပြန်ဖို့ ကူညီပေးမဲ့စစ်ပွဲအလှည့်အပြောင်းဖြစ်လာမယ်လို့ ယုံကြည်ပါတယ်"ဟု Airobotics ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Meir Kliner က ပြောကြားခဲ့သည်။

အစ္စရေးတပ်ဖွဲ့များအတွက် အဆိုပါစနစ်ကို တတ်နိုင်သမျှ အမြန်ဆုံးဖြည့်ဆည်းရန်နှင့် စစ်မြေပြင်တိုက်ပွဲလုပ်ငန်းစနစ်လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်မှု၏ နောက်ဆုံးအဆင့်များကို အပြီးသတ်ရန် အရှိန်အဟုန်ဖြင့်လုပ်ဆောင်နေသည်ဟု Ondas ကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် Eric Brock က ပြောကြားခဲ့သည်။

တန်ပြန်ဒရုန်းစနစ်ကို အသုံးပြုခြင်းဖြင့် သုံးစွဲသူများသည် အရွယ်အစားသေးငယ်သောဒရုန်းများ ကြီးထွားများပြားလာခြင်းကြောင့် ဖြစ်ပေါ်လာသည့် ခြိမ်းခြောက်မှုများကို တန်ပြန်ဖျက်ဆီးနိုင်ပြီး လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်သည်ဟု Ondas ကော်ပိုရေးရှင်း အမှုဆောင် အရာရှိချုပ် Eric Brock က ပြောကြားခဲ့သည်။

**Airobotics Revamps Counter-Drone Solution for Israel's Gaza Offensive ကို ဘာသာပြန်ဆိုထားပါသည်။**

## ဟစ်ဇ်ဘိုလာအဖွဲ့က အစ္စရေးတပ်များကို ဒရုန်းများ၊ အမြောက်များ၊ ဒုံးကျည်များဖြင့်တိုက်ခိုက်ခဲ့

ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေးတပ်များကို ဒရုန်းများ၊ အမြောက်များ၊ ဒုံးကျည်များအသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း Defense Post သတင်းဌာနက နိုဝင်ဘာ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အစ္စရေး-ဟားမတ်စ် ပဋိပက္ခသည် အောက်တိုဘာ ၇ ရက်ကတည်းက စတင်ခဲ့သကဲ့သို့ အစ္စရေး-လက်ဘနွန်နယ်စပ်တွင်လည်း နေ့စဉ် အပြန်အလှန်ပစ်ခတ်မှုများ ရှိနေကြောင်း၊ ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေးမြောက်ပိုင်း Kiryat Shmona ဒေသအနောက်ဘက်ရှိ အစ္စရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရေးဒရုန်းသုံးစင်းဖြင့်တိုက်ခိုက်ခဲ့ကြောင်း အီရန်နိုင်ငံ ဟစ်ဇ်ဘိုလာအဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုဝင်ဘာ ၂၀ ရက် အစောပိုင်းက ဟစ်ဇ်ဘိုလာအဖွဲ့က အစ္စရေးစစ်တန်းလျားတစ်ခုကို Burkan ဒုံးကျည်များဖြင့်ပစ်ခတ်ခဲ့ကြောင်း၊ အစ္စရေးတပ်ဖွဲ့များ တပ်စွဲထားရာနေရာများကို တိုက်ခိုက်မှုများလည်း ပြုလုပ်ခဲ့သည်ဟု ဟစ်ဇ်ဘိုလာအဖွဲ့က ဆိုထားသော်လည်း ဒရုန်းသုံးစင်းသည် စစ်ဘက်စခန်းတစ်ခုအနီး ဝင်ရောက်ပျံသန်း တိုက်ခိုက်လာမှုကို ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း၊ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ မည်သည့်နေရာကို တိုက်ခိုက်ခံခဲ့ရကြောင်းကိုမူ အစ္စရေးစစ်ဘက်က အတိအကျထုတ်ဖော်ပြောကြားထားခြင်းမျိုး မရှိကြောင်း သိရသည်။

လက်ဘနွန်က ဒုံးကျည် ၂၅ စင်းကို နယ်စပ်နှင့်ကပ်လျက် နေရာအများအပြားသို့ ပစ်လွှတ်ခဲ့သည်ဟုဆိုထားသော်လည်း အစ္စရေး၏လေကြောင်းရန် ကာကွယ်ရေးစနစ်များက ဒုံးကျည်အများအပြားကို ကြားဖြတ်ဟန့်တားခဲ့ပြီး ကျန်ဒုံးကျည်များသည် လွင်ပြင်ကဲ့သို့သော လူသူကင်းမဲ့သည့် နေရာများတွင် ကျရောက်ပေါက်ကွဲခဲ့သည်ဟု အစ္စရေးစစ်ဘက်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်တုံ့ပြန်သည့်အနေဖြင့် လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာ အကြမ်းဖက်သမားများ၏ တပ်စခန်းများကို တင့်ကားများ၊ တိုက်လေယာဉ်တစ်စင်းနှင့် ရဟတ်ယာဉ်တစ်စင်းတို့ဖြင့် လက်ဘနွန်တောင်ပိုင်းတွင် တင့်ဖျက်ဒုံးကျည်များပစ်ခတ်ရန်ကြံစည်နေသည့်စစ်သွေးကြွများကိုပါ တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားခဲ့သည်။

ထို့ပြင် ဟစ်ဇ်ဘိုလာအဖွဲ့သည် တိုက်ခိုက်ရေးဒရုန်းများကို ပထမဆုံးအကြိမ်အဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ပြီး အစ္စရေးနိုင်ငံအတွင်းသို့ နက်ရှိုင်းစွာထောက်လှမ်းနိုင်ရန်အတွက် ကင်းထောက်ဒရုန်းများ စေလွှတ်ပျံသန်းခဲ့ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Nasrallah က ပြောကြားခဲ့သည်။



ပြီးခဲ့သည့်လကစ၍ နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုများတွင် လက်ဘနွန်ဘက်မှ လူ ၉၀ ထက်မနည်း သေဆုံးခဲ့ပြီး အများစုမှာ ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများဖြစ်ပြီး အရပ်သား ၁၀ ဦးထက်မနည်း ပါဝင်ကြောင်း သတင်းများအရ သိရသည်။

အစ္စရေးဘက်ခြမ်းတွင် စစ်သားခြောက်ဦးနှင့် အရပ်သား သုံးဦးသေဆုံးခဲ့ကြောင်း အစ္စရေးအာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။

**Hezbollah Says Attacks Israeli Troops With Drones, Artillery, Missiles ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံဧက ၁၀၅၀ စိုက်ပျိုးမည်



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံဧက ၁၀၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၉၀၁ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ၁၄၉ ဧက စုစုပေါင်းဧက ၁၀၅၀ ဖြစ်ကြောင်း သိရသည်။

"ရေဦးခရိုင် ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံဧက ၁၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတယ်။ ဒီလ နောက်ဆုံးပတ်လောက်ဆို စတင်စိုက်ပျိုးမှာပါ။ ဂျုံစိုက်ပျိုးရာမှာ ဂျုံအထွက်နှုန်းတိုးဖို့၊ ပိုးမွှားရောဂါကျရောက်မှု ကာကွယ်နိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဂျုံဧက ၉၅၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ရေဦးမြို့နယ်တွင် ၈၅၁ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၉၉ ဧက စုစုပေါင်းဧက ၉၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဂျုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးနိုင်ရန်၊ တောင်သူများလိုအပ်သည့် ယူရီးယားမြေဩဇာကို အကျိုးရှိရှိသုံးစွဲတတ်ရန်၊ ဂျုံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်နည်းနည်းဖြင့် စိုက်ပျိုးနိုင်ရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂျုံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ်ငွေကျပ် သုံးသိန်းခန့်ရှိပြီး ဂျုံတစ်ဧက စိုက်ပျိုးပါက ၂၁ တင်း ထွက်ရှိကြောင်း သိရသည်။

ဂျုံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် မော်လိုက်ခရိုင်၊ တမူးခရိုင်၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ကသာခရိုင်တို့ဖြစ်ပြီးစစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

(၂၀၆)

# မြို့သစ်မြို့နယ် ပုလင်းကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြို့သစ် နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပုလင်းကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပုလင်းကြီးကျေးရွာ၌ လမ်းအရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကွန်ကရစ်လမ်းပေါ်တွင် တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခွင့်မပြုရန်နှင့် ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူများက ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးငွေကျပ် ၁၅ သန်းဖြင့် ပုလင်းကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဌာနမှအင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၃၉ အိမ်ရှိ လူ ၇၀၁ ဦးတို့ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အိပိုးပိုး**

# မိုင်းဖြတ်မြို့နယ် ကျေးရွာနှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ နားမွန်းကျေးရွာ၊ နားလီးကျေးရွာ နှစ်ရွာအတွက် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက နားမွန်းကျေးရွာ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နားမွန်း၊ နားလီးကျေးရွာတို့မှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၃၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၁၈၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၇၈ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၆၄ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခင်မာ**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၃-၁၁-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၀၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ချောင်းသာမြို့၊ ပုသိမ်မြို့နှင့် ရွှေသောင်ယံမြို့တို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ အပန်းဖြေခရီးသွားရောက်ခဲ့သည့် တပ်မတော်သား အရာရှိစစ်သည်များ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိစစ်သည်များ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိစစ်သည်များ ဘုရားပရိဝုဏ်အတွင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့်တပ်မတော်သား အရာရှိစစ်သည်များကို တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အနားယူအပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ မော်တော်ယာဉ်များဖြင့် နိုဝင်ဘာ ၁၈ ရက်တွင် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါအပန်းဖြေခရီး သွားရောက်ခဲ့ကြသည့် တပ်မတော်သားအရာရှိစစ်သည်များသည် ချောင်းသာကမ်းခြေရှိ ချောင်းသာအပန်းဖြေဧည့်ရိပ်သာမှ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်ကြပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြသည်။

ထိုသို့ နိုဝင်ဘာ ၁၈ ရက်မှ ယနေ့ထိ ခြောက်ရက်ကြာ အနားယူအပန်းဖြေခရီး သွားရောက်ခဲ့ကြသည့် တပ်မတော်သား အရာရှိစစ်သည်များသည် ချောင်းသာကမ်းခြေ၌ လမ်းလျှောက်ခြင်း၊ ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်၌ ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးအားကစားများ ဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၊ ချောင်းသာကမ်းခြေရှိ ဆုတောင်းပြည့် ဇမ္ဗူပတိရုပ်ပွားတော်၊ ကျောက်မောင်နှမစေတီတော်၊ တဂေါင်းမင်္ဂလာမဟာစေတီတော်မြတ်ကြီး၊ ချောင်းသာမြို့ စကားဝါတောင်ပေါ်ရှိ ဒီပါအေးမြမဟာနဂါးရုံဘုရားနှင့် အနန္တဇိနလောကမာရ်အောင် စေတီတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညိုခြင်း၊ချောင်းသာမြို့ စကားဝါတောင် မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတိုက်ရှိ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တတေဇနိယထံ အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးများဆောင်ရွက်ခြင်း၊ပုသိမ်မြို့ရှိ လောကနန္ဒာစေတီနှင့် နီးဘုရားတို့အား ဖူးမြော်ကြည်ညိုခြင်း၊ ပုသိမ်မြို့ရှိ ရွှေစာပုသိမ်ထီးလုပ်ငန်းသို့ လေ့လာခြင်း၊ သဲဖြူကျွန်းသို့ လေ့လာခြင်း၊ ချောင်းသာမြို့ ရွှေသာယာမြို့မဈေး၊ သရက်တောထိုးမုန့်ပြုလုပ်ပုံလေ့လာခြင်း၊ ကမာခရုလက်မှုပညာကို လေ့လာခြင်း၊ ရွှေသောင်ယံမြို့ Sea & Lake ရှိ ကျောက်စိမ်းပြတိုက်၊ သစ်ပန်းပုပြတိုက်၊ ဒီရေတောတံတားတို့ကို လေ့လာခြင်း၊ ပုသိမ်မြို့ရှိ ရွှေမြင်းပျံပုသိမ်ဟလဝါလုပ်ငန်း စသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအနားယူအပန်းဖြေခရီးစဉ်သွားရောက်ခဲ့သည့် အရာရှိ စစ်သည်များကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများ၊ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ တန်ခိုးကြီးဘုရားစေတီများ၊ အထင်ကရနေရာများ၏ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ အရာရှိစစ်သည်များအနေဖြင့် စိတ်လက်ပေါ့ပါးစွာဖြင့် ဒေသန္တရဗဟုသုတများကို လေ့လာခဲ့ကြပြီး ၎င်းတို့အတွက် လွန်စွာအကျိုးရှိသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း၊ ယခုကဲ့သို့ အပန်းဖြေခရီးစဉ်သွားရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည့် တပ်မတော် အကြီးအကဲများကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်းနှင့် စိတ်ဓာတ်ခွန်အားများ ပိုမိုရရှိခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိစစ်သည်များ ချောင်းသာကမ်းခြေ၌ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်စဉ်။



နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ စစ်သည်များ ကမာခရုလက်မှုပညာများအား လေ့လာစဉ်။

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၅၀/၂၀၂၃)**
၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် တာမွေအဝိုင်းအနီး အနောက်မြင်းပြိုင်ကွင်းလမ်း ပထမထပ် အမှတ်(၄၇)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]**ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]**၏ မှတ်ပုံတင်အမှတ်မှာ (၄၃)ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတွင် E-Book ထုတ်ဝေစာများဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အသိပေးကြေညာ

၁။ ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတွင် ထုတ်ဝေစာဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့်အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖန်တီး၍ ထုတ်ဝေလိုက်သည့်စာတို့အပြင် ယင်းတို့နှင့်အမျိုးအစားတူသည်ဖြစ်စေ၊မတူသည်ဖြစ်စေ ထင်ရှားမြင်သာသောပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊သဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကိုဆိုသည်ဟုလည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၅ တွင် မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

၂။ ယခုအခါ အီလက်ထရောနစ်နည်းပညာကိုအသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတည်ထောင်၍ E-Book ထုတ်ဝေစာများအား ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကိုတွေ့ရှိရပြီး ၎င်းE-Bookထုတ်ဝေစာများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါထုတ်ဝေစာအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်ပါသဖြင့် သက်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်၍ Digital Platform အသုံးပြုကာ Application နှင့် Website များတည်ထောင်၍ E-Book များထုတ်ဝေဖြန့်ချိဆောင်ရွက်နေသူများအနေဖြင့် ဥပဒေပုဒ်မ ၁၅ နှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူဆောင်ရွက်ရန်၊ မိမိတို့၏ထုတ်ဝေစာများသည် ပုဒ်မ ၈ ပါစည်းကမ်းချက်များနှင့်အညီ ရေးသားထုတ်ဝေဆောင်ရွက်ရန်နှင့် နည်းဥပဒေ ၁၅(ခ)နှင့်အညီ E-Book Soft Copy ငါးအုပ်၊ငါးစောင်ကို မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးအပ်ရန်လိုအပ်ပါကြောင်းနှင့် လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# နိုင်ငံတော်ပြဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက စည်ရှင်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင် ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံတော်ပြဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု စည်ရှင်ကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ သက်တော် ၈၅ နှစ်၊ သိက္ခာတော် ၆၆ ဝါ သည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ ၃၃ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး အန္တိမစျာပနသာဓုကီဠနသဘင် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါကျောင်းတိုက်ရှိ အောင်မြေသာစည် အလယ်တိုက်ကြီး၌ကျင်းပရာ နိုင်ငံတော်ပြဝါဒါစရိယ သောဏ္ဍသမရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသောဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ဒါယကာ၊ ဒါယိကာမများ၊ ရဟန်းသံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ညော်ပရိသတ်များ၊ ဆွေတော်မျိုးတော်များ၊ ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြပြီး သဗ္ဗေသံဃါရာ အနိစ္စာ အစရှိသော သုံးဂါထာကို ရွတ်ဆိုသံဝေဂဉာဏ်ပွားများ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ နိုင်ငံတော်ပြဝါဒါစရိယ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိ သရထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ညော်ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများက မဟာဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါလွှမ်း၍ ပူဇော်သည်။

ဆက်လက်၍ ရွှေကျင်ဂိုဏ်းအကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဝေရာရာမ ရန်ကင်းဆရာတော်က သံဝေဂိယကထာ ဝမ်းနည်းကြောင်းသဝဏ်လွှာကို ဖတ်ကြားပူဇော်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ်ပွားကြောင်း မှတ်တမ်းတင်သဝဏ်လွှာကို ရွှေဘိုမြို့ ပါဠိဋ္ဌကာရီတုလွှတ်ကျောင်းတိုက် နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တစန္ဒဝံသာဘိဝံသက ဖတ်ကြားပူဇော်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဝမ်းနည်းကြောင်းသဝဏ်လွှာကို တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက ဖတ်ကြားပူဇော်သည်။

ထို့နောက် နိုင်ငံတော်ပြဝါဒါစရိယ စည်ရှင်ကျောင်းဆရာတော်ကြီး၏ထေရုပ္ပတ္တိအကျဉ်းကို ဒီပဲယင်းတိပိဋကရေဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရက ဖတ်ကြားပူဇော်ပြီး စည်ရှင်ကျောင်းဆရာတော်ကြီး ကိုယ်တိုင်ရေးသားအပ်သော မဟာထေရုပ္ပဇာဂီတိကာ သံဝေဂရစနာဂါထာများကို မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းတိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသက ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်ပြဝါဒါစရိယ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိသရထံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသထံသို့ တိုင်းမှူးကလည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားတက်ရောက်ကြသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ပြဝါဒါစရိယ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိသရထံမှ ရေစက်ချသွန်းချတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေကြသည်။

ဆက်လက်၍ ဒီပဲယင်းတိပိဋကရေဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရက တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများက အပြစ်ရှိက သည်းခံခွင့်လွှတ်တော်မူရန် ဝန်ချတောင်းပန်ကန်တော့သည့် ခမာပနဝန္ဒနာကို ရွတ်ဆိုတိုင်ကြားကာ တောင်းပန်ကန်တော့၍ ဆရာတော်ကြီးကို နောက်ဆုံးတောင်းပန်ကန်တော့ကြပြီး အနိစ္စာဝတသံခါရာ အစရှိသော သုံးဂါထာကိုရွတ်ဆိုသံဝေဂဉာဏ်ပွားများ၍ အခမ်းအနားအစီအစဉ်ပထမပိုင်းကို ရုပ်သိမ်းသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် မဟာအောင်မြို့နယ် ရှောဦးဆိပ်ကမ်းရှိ ဈာပနကွင်းသို့ ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား ပင့်ဆောင်ရာတွင် တပည့်သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကရဝိက်ယာဉ်တော်ပေါ်မှ လောင်တိုက်ပေါ်သို့ စတင်ပင့်ဆောင်ကာ အခမ်းအနားမှူးက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ ကြွချီတော်မူပါမည့်အကြောင်း အဘိယာစနနိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ အစီအစဉ်အတိုင်းပင့်ဆောင်ကြသည်။

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များဦးဆောင်၍ အနိစ္စာဝတသံခါရာ အစရှိသော သံဝေဂသုံးဂါထာကိုရွတ်ဆိုပွားများပြီး အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် တောင်းပန်ကန်တော့လွှာဖြင့် နောက်ဆုံးတောင်းပန်ကန်တော့၍ သာဓုသုံးကြိမ်ခေါ်ဆိုကြပြီး စည်ရှင်ကျောင်းတိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသက စက်ခလုတ်နှိပ်၍ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား အဂ္ဂိဈာပန တေဇောဓာတ်ဖြင့် ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့်ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Susu Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက်နေ စုစုလွင်ကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Khai Shwe Yi Lynn" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၈)ရပ်ကွက်နေ အိခိုင်ဇင်ကို မွန်းလွဲ ၂နာရီခွဲ၌လည်းကောင်း၊ "ASHIN KOR WAE DA" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် စက်ရုံစုရပ်ကွက် တေဇရာမဘုန်းကြီးကျောင်း ဒေသအခေါ် သရက်အုပ်ကျောင်းမှ တိုက်အုပ်ဆရာတော် ဦးကောဝိဒ(ခ) ငြိမ်းချမ်းဝင်းကို မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ "Khaing Thu Zar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ခိုင်သူဇာကို ညနေ ၅ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မြန်မာနိုင်ငံအစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ရန်ကုန်မြို့ရှိ ကျောင်းများတွင် တပ်မှ ဝင်ရောက်တပ်စွဲသည်ဟု ထုတ်ပြန်နေသော ကောလာဟလသတင်းများ၊ မူဆယ်မြို့နယ် ကောင်းခံကျေးရွာအနီးရှိ Seven ဟွာကျင့်ကုန်တင်ကုန်ချကားကြီးဝင်းကို MNDAA နှင့် TNLA ပူးပေါင်းအကြမ်းဖက်သမားများက ကားများအပေါ် Drop ဗုံးများဖြင့် တိုက်ခိုက်ခဲ့မှုအခြေအနေများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲများဖြစ်ပွားမှုအခြေအနေများနှင့် လက်ရှိကောလာဟလသတင်းမျိုးစုံထုတ်လွှင့်နေမှုများသည် ယခင်ဗကပက ပြုလုပ်ခဲ့သည့်နည်းလမ်းဟောင်းများအတိုင်း လုပ်ဆောင်နေမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့မြန်မာနိုင်ငံအစိုးရအနေနဲ့ နယ်စပ်ဒေသတွေမှာ အခုဖြစ်ပေါ်နေတယ်လို့ပြောနေတဲ့ Online လိမ်လည်မှုအပြင် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်လျက်ရှိရာမှာ ဒီနေ့မှာတော့ နိုဝင်ဘာ ၂၃ ရက် နယ်စပ်ဒေသတွေမှာ တရားမဝင်ဝင်ရောက်နေထိုင်တဲ့ တရုတ်နိုင်ငံသား အမျိုးသား ၇၈၈ ဦး၊ အမျိုးသမီး ၁၄၄ ဦး ပေါင်း ၉၃၂ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ပါတယ်။ အောက်တိုဘာ ၃၁ ရက်ကနေ နိုဝင်ဘာ ၂၃ ရက်ထိ စုစုပေါင်း ၆၁၃၈ ဦး လွှဲပြောင်းခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံ နယ်ကြားဒေသ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပထမဦးဆုံးပြောကြားလိုပါတယ်။

ဒုတိယအနေနဲ့ကတော့ ရန်ကုန်မှာရှိတဲ့ ကျောင်းတွေမှာ တပ်တွေက ဝင်ရောက် တပ်စွဲတယ်ဆိုတဲ့ ကောလာဟလသတင်းဖြစ်ပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး မှန်ကန်မှုလဲမရှိပါဘူး၊ အခြေအမြစ်လဲမရှိပါဘူး။ ဒီဟာနဲ့ပတ်သက်ပြီး မနေ့ကလဲ ပြောပြီးဖြစ်ပါတယ်။ ကျောင်းတွေပိတ်လိုက်ရတယ်၊ ကျောင်းတွေမှာ လုံခြုံရေးစိုးရိမ်ရတယ်ဆိုတဲ့ ကောလာဟလတွေ ထွက်ပေါ်လာပါတယ်။ ပေါ်တာဆွဲတယ်ဆိုတဲ့ ကောလာဟလတွေထွက်ပေါ်လာပါတယ်။ ကျွန်တော်တို့အနေနဲ့ ရန်ကုန်မြို့မှာ ပုံမှန်ကင်းလှည့်တာတွေ၊ ပုံမှန်ဆောင်ရွက်တဲ့လုပ်ငန်းတွေပဲ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်။

ဒီနေ့မှာတော့ မနက် ၉ နာရီ ၄၅ မိနစ်လောက်မှာ မူဆယ်မြို့နယ် ကောင်းခံကျေးရွာအနီးမှာရှိတဲ့ Seven ဟွာကျင့် ကုန်တင်ကုန်ချကားကြီးကွင်းကို MNDAA နဲ့ TNLA ပူးပေါင်းအဖွဲ့ သောင်းကျန်းသူအဖွဲ့က ကောင်းခံရွာရဲ့တောင်ဘက်ကနေ Drone များနဲ့ ကားတွေပေါ် Drop Bomb များကြဲချခဲ့တာရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်ကို Export တင်သွင်းလာတဲ့ကား ၂၅၈ စီးရှိပါတယ်။ အဓိကတော့ လူသုံးကုန်ပစ္စည်းတွေ၊ ဆေးဝါးပစ္စည်းတွေ၊ အဝတ်အထည်တွေ၊ ဆောက်လုပ်ရေးသုံးပစ္စည်းတွေတင်ထားတဲ့ ကားတွေဖြစ်ပါတယ်။ ဒီကားတွေဟာ လမ်းမှာ ကျွန်တော်တို့ မူဆယ်-မန္တလေးလမ်းမကြီး တစ်လျှောက်မှာ TNLA နဲ့ MNDAA အဖွဲ့တွေက ကားလမ်းတွေဖျက်ဆီးပြီး တံတားများချိုးထားတဲ့အတွက် ဒီနေရာမှာ ရပ်တန့်ထားတဲ့ ကားတွေဖြစ်ပါတယ်။ အဲ့ကား ၂၅၈ စီးထဲက အစီး ၁၂၀ လောက် မီးလောင်ပျက်စီးခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့ မူဆယ်မှာရှိတဲ့ မီးသတ်တပ်ဖွဲ့ မီးသတ်ကား လေးစီး၊ လုံခြုံရေးဆောင်ရွက်ပေးနေတဲ့ တပ်မတော်သားများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များပူးပေါင်းပြီး မီးငြိမ်းသတ်ခဲ့ရပါတယ်။ မီးလောင်လွယ်တဲ့ ပစ္စည်းတွေဖြစ်တဲ့အတွက်ကြောင့်မလို့ မီးအရှိန်ပြင်းပါတယ်။ ဒီညနေပိုင်း ၄ နာရီလောက်မှ မီးငြိမ်းသတ်နိုင်ခဲ့ပါတယ်။ ကားအစီး ၁၂၀ လောက် မီးလောင်ပျက်စီးခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီနေရာသည် စစ်ရေးနဲ့


ဗိုလ်ချုပ်ဇော်မင်းထွန်း (သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဆိုင်တဲ့ နေရာလည်းမဟုတ်ပါဘူး။ ဒါပြည်သူလူထုနဲ့ဆိုင်တဲ့ နေရာပဲဖြစ်ပါတယ်။ နှစ်နိုင်ငံကုန်သွယ်ရေးအတွက် အဓိကအချက်အချာကြတဲ့ နေရာဖြစ်ပါတယ်။ ပြီးရင် တရုတ်နိုင်ငံဘက်ကနေတင်သွင်းလာတဲ့ မြန်မာနိုင်ငံအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ လူသုံးကုန်၊ ဆေးဝါး၊ ဆောက်လုပ်ရေးသုံးပစ္စည်းတွေဖြစ်ပါတယ်။ ဒါတွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်လာခြင်းသည် ပြည်သူလူထုကို တိုက်ရိုက်စော်ကားတာဖြစ်ပါတယ်။ ပြည်သူလူထုနဲ့ပတ်သက်တဲ့ စီးပွားရေးကို တိုက်ရိုက်ထိပါးစော်ကားတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

တိုက်ပွဲဖြစ်စဉ်များအနေနဲ့ကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းမှာ နမ့်စလပ်မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာရှိပါတယ်။ နှစ်ပတ်ခန့်ရှိပြီဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ အင်အားဖြည့်တပ်များလည်း ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီညနေပိုင်းမှာတော့ အင်အားဖြည့်တပ်များ ရောက်ရှိပြီး ရန်သူအနေနဲ့ အကျဆုံးများစွာရှိတယ်လို့ ကျွန်တော်တို့သိရပါတယ်။ လောက်ကိုင်မှာတော့ မြို့ထဲကို ရှော့ခ်တိုက်ဗုံးနဲ့ ခုနစ်လုံး ပစ်ခတ်ခဲ့တာရှိပါတယ်။ လောက်ကိုင်မြို့ပတ်ဝန်းကျင်မှာ တိုက်ပွဲငယ်တွေဖြစ်ပွားခဲ့တာရှိပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ ဖယ်ခုံဘက်မှာ ထိတွေ့တိုက်ပွဲအနည်းငယ်ရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ စစ်တွေ ပုံမှန်အတိုင်းပဲဖြစ်ပါတယ်။ လုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။ ထန်းတပင်ဘက်မှာတော့ Drop Bomb ချပြီး တိုက်ခိုက်ခဲ့တာရှိပါတယ်။ ဒီနေရာမှာပြောချင်တာကတော့ ကျွန်တော်တို့ ဒီအချိန်မှာ ဖြစ်ပေါ်နေတဲ့အခြေအနေများနဲ့ပတ်သက်ပြီး ပြည်ဖျက်မီဒီယာများအနေနဲ့ အနောက်နိုင်ငံအထောက်အပံ့ပေးထားတဲ့ မီဒီယာများအနေနဲ့ တရုတ်နဲ့ မြန်မာ ဆက်ဆံရေးပိုမိုပျက်ပြားလာအောင်၊ တစ်ဦးနဲ့တစ်ဦးအထင်အမြင်လွဲအောင်လုပ်ဆောင်နေတာများရှိပါတယ်။ ဒီမူဆယ်မှာရှိတဲ့ ကျင်ဆန်းကျော့ဂိတ်နဲ့ပတ်သက်ပြီး MNDAA၊ TNLA အကြမ်းဖက်သောင်းကျန်းသူတွေ Drop Bomb ချပြီးပစ်ခတ်တာကို တပ်မတော်က ပစ်ခတ်သယောင်မျိုး လုပ်ခဲ့တာကို အလုအယက်ချက်ချင်းထုတ်လွှင့်နေခဲ့တာ တွေ့ရပါတယ်။ ဘယ်သူတွေလုပ်တယ်ဆိုတာ ဒီနယ်မြေမှာရှိတဲ့ ဒေသခံတွေ သိပါတယ်။ ဘယ်သူတွေက မီးငြိမ်းသတ်ပေးနေရတယ်ဆိုတာ ဒီနယ်မြေမှာရှိတဲ့ ဒေသခံတွေရော၊ သက်သေတွေရောရှိတယ်လို့ ပြောချင်ပါတယ်။ ဒီလိုအချိန်မျိုးမှာတော့ ကောလာဟလသတင်းမျိုးစုံထုတ်လွှင့်မှာဖြစ်ပါတယ်။ ကျွန်တော်ပြောခဲ့သလိုပဲ နိုင်ငံတစ်နိုင်ငံမှာ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေးက အရေးကြီးပါတယ်။ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍတွေမှာ ကောလာဟလသတင်းမျိုးစုံ ထုတ်လွှင့်မှာဖြစ်ပါတယ်။ ဒါတွေဟာ ခုမှလုပ်တာမဟုတ်ပါဘူး။ ယခင်ကတည်းကတိုင် ဗကပရဲ့နည်းလမ်းဟောင်းတွေပဲဖြစ်ပါတယ်။ ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် ၁၉၆၇ လောက်မှာ မြန်မာနိုင်ငံမှာ အရေးအခင်းတစ်ခုဖြစ်ခဲ့ဖူးတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီးတော့ကျ ဗကပက အဲဒီတုန်းက ဥက္ကဋ္ဌဖြစ်နေတဲ့ ဗသိန်းတင်က အသံလွှင့်စကားတစ်ခု ပြောခဲ့ဖူးတယ်။ ၁၉၆၇ ခုနှစ် ဇူလိုင် ၈ ရက်နေ့ပေါ့။ ဒီမှာဆိုရင် သူတို့ရဲ့နယ်မြေ တစ်နိုင်ငံလုံးရဲ့ ၅၀ ရာခိုင်နှုန်းတိုးတက်လာပြီတို့၊ တစ်ပြည်လုံးရဲ့ ၆၀ ရာခိုင်နှုန်းကို တိုက်ခိုက်ရေးအင်အားတွေ ဖုံလွှမ်းနိုင်ပြီဆိုတဲ့ဟာမျိုး ထုတ်လွှင့်ခဲ့ပါတယ်။ ဒါ့ပြင်မနှစ်က အောက်တိုဘာလမှာဆိုရင် ကျွန်တော်တို့တပ်တွေက ရန်ကုန်မှာရှိတဲ့ နေဝင်းရဲ့အိမ်နဲ့ နှစ်မိုင်လောက်ရှိတဲ့ လက်နက်ကိုင်ဌာနတစ်ခုကို ဝင်ရောက်စီးနင်းခဲ့တယ်။ နိုဝင်ဘာလမှာ ရန်ကုန်မြို့ဆင်ခြေဖုံးက သမဝါယမဆိုင်တွေကို ဝင်ရောက်သိမ်းပိုက်ခဲ့ပြီး ပစ္စည်းတွေကို ပြည်သူလူထုကိုဝေခဲ့တယ်ဆိုပြီးတော့ ပြည်ပအသံလွှင့်ဌာနတစ်ခုကနေ ချိတ်ဆက်အသံလွှင့်ခဲ့တာမျိုး သူတို့ကိုယ်ပိုင်အသံလွှင့်ဌာနကနေ ချိတ်ဆက်အသံလွှင့်ခဲ့တာမျိုးတွေထိ လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါမျိုးအလုပ်မျိုးတွေကို ဒီနည်းလမ်းဟောင်းတွေအတိုင်းပဲ ဆက်လက်ကျင့်သုံးနေမှာဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့အနေနဲ့ပြောနိုင်တာ၊ ပြောရမှာ၊ ပြောချင်တာကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေ၊ ကျွန်တော်တို့ရဲ့ ဦးတည်ချက်တွေ၊ ရှေ့လုပ်ငန်းစဉ်တွေအတိုင်းပဲ ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ်မှာ နိုင်ငံရေးမျှော်မှန်းချက်၊ အမျိုးသားရေးရည်မှန်းချက်တွေရှိပြီးဖြစ်ပါတယ်။ ပြည်သူလူထု လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ မလွဲမသွေဆက်လက်လျှောက်လှမ်းမှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုလိုလားတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်ကို ကျွန်တော်တို့ တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီနည်းလမ်းတွေမှအပ ကျွန်တော်တို့မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့၊ ရပ်တည်နိုင်ဖို့ အခြားသောနည်းလမ်းမရှိပါဘူး။ ဒါ့ကြောင့် ဒီအချိန်မှာ ပြည်သူလူထုတစ်ရပ်လုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့ စည်းလုံးညီညွတ်စွာနဲ့ လက်တွဲဆောင်ရွက်ရမယ့်အချိန်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စက်သုံးဆီသယ်ယူပို့ဆောင်သည့် စက်သုံးဆီသယ်ယာဉ်(Bowser)များကို စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီးသီလဝါဆိပ်ကမ်းဒေသကြီးရှိ Terminal များသို့ ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး Terminal များရှိ စက်သုံးဆီများကို စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီသယ်ယာဉ်(Bowser)များဖြင့် နေ့ညမရွေး အဆက်မပြတ်ဖြည့်တင်းသယ်ယူပို့ဆောင်ဖြန့်ဖြူးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ နိုဝင်ဘာ ၂၂ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင် ၂၀၅၅ ဆိုင်သို့ ဆီသယ်ယာဉ် (Bowser) ၁၂၉၄ စီးဖြင့် 92 Ron ဂါလန် ၁ သန်း ၁ သိန်း ၃ သောင်းကျော်၊ 95 Ron ဂါလန် ၂ သိန်း ၈ သောင်းကျော်၊ ဒီဇယ်ဆီ ဂါလန် ၇ သိန်း ၄ သောင်းကျော်၊ ပရီမီယမ် ဒီဇယ်ဆီ ၁ သန်း ၁ သိန်း ၉ သောင်းကျော်ကို ပို့ဆောင်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

စက်သုံးဆီသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများဖြစ်သည့် ဆီတင်သင်္ဘောများမှ Terminal များသို့စက်သုံးဆီဖြည့်တင်းမှုများ၊ Terminal များမှ ဆီတင်ယာဉ်များသို့စက်သုံးဆီဖြည့်တင်းထွက်ခွာမှုများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဆီတင်ယာဉ်များဖြင့် စက်သုံးဆီပို့ဆောင်မှု အခြေအနေများကို စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ညွှန်ကြားမှုဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်စစ်ဆေးခြင်း၊ စက်သုံးဆီဖြည့်တင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် လိုအပ်သည်များ ဖြည့်ဆည်းကူညီခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများကကြည့်ရှုအားပေးစဉ်။

# မြစ်ကြီးနားမြို့ အဘယာရာမပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များနှင့် အနီးပတ်ဝန်းကျင်ရပ်ကွက်များမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အဘယာရာမပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များနှင့် အနီးပတ်ဝန်းကျင်ရပ်ကွက်များမှ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၅၃ ပါးနှင့်ဒေသခံပြည်သူဦးရေ ၄၀ တို့ကိုလိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးခြင်း၊ECG စက်ဖြင့် နှလုံးစပ်သပ်စစ်ဆေးပေးဖြင့်၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေစမ်းသပ်ခြင်းများအပြင် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောသံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘော်လီဘောပြိုင်ပွဲ ပိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့်အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲပွဲစဉ်ဖြစ်သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ)အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုများနှင့်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၀ ဖြင့် နိုဝင်ဘာ ၈ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# မန္တလေးမြို့ရှိ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပပြုလုပ်





အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် ထူးချွန်ကျောင်းသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဘက်စုံပညာကိုရည် တို့လှမ်းချီသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့်ဂုဏ်ထူးရရှိကြသူများ၊ ပညာရည်ချွန်ဆုရရှိကြသူများ၊ မြို့နယ်အဆင့်အားကစားပြိုင်ပွဲများနှင့်ကာယဉာဏပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ၎င်းနောက် ကျောင်းသား၊ကျောင်းသူများက ထာဝရမြန်မာသီချင်း၊ဇာတိမာန်သီချင်းတို့ဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်းသိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့်စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၇၈၈ ဦး၊ အမျိုးသမီး ၁၄၄ ဦး၊ စုစုပေါင်း ၉၃၂ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၅၆၀၂ ဦး၊ အမျိုးသမီး ၅၂၆ ဦး၊ စုစုပေါင်း ၆၁၃၈ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှတရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

☆ ကျောဖုံးမှအဆက်

ကျောကုန်းမှာ ၄က်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖျုရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်းလေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသောဆင်ဖြူတော်လေးဖြစ်သည်။

ဆင်ဖြူတော်ကလေး "ရှဒ္ဒန္တက"သည် ယခုအသက် တစ်နှစ် လေးလသားအရွယ်တွင်အရပ်အမြင့် လေးပေ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၉၆၈ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေး "ရှဒ္ဒန္တက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန်၊ ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၄-၁၁-၂၀၂၃ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၅း၀၀ | တော်ဝင်ပန်းလေးသဇင် |
| ၄။ | ၁၇း၀၀ | ထူးခြားထင်ရှား ကမ္ဘာတစ်လွှား |
| ၅။ | ၂၁း၂၀ | မြန်မာသံစဉ်(ကာလပေါ်) |

# MNDAA ၊ TNLA အဖွဲ့ PDF အမည်ခံပူးပေါင်းအကြမ်းဖက်သမားများက မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်ဂိတ် ကျင်စန်းကျော့အတွင်းရှိ ဆဲပင်းဟွာကျင့်ကုမ္ပဏီ သွင်းကုန်ကားဝင်းအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်များ မီးလောင်ပျက်စီး၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

MNDAA၊TNLA အဖွဲ့နှင့် PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သမားများ အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအတွင်း ကုန်စည်စီးဆင်းမှုများ ရပ်တန့်စေရန်နှင့် ဒေသတွင်းတည်ငြိမ်အေး ချမ်းမှုပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေး ပစ်မှတ်မဟုတ်သည့် အရပ်သားများ နေထိုင်ရာ ရပ်ကွက်များ၊ မြို့ရွာများ၊ ပညာရေးကျောင်းများ၊သာသနိကအဆောက် အအုံများကို လက်နက်ကြီးများဖြင့် ပစ်ခတ် တိုက်ခိုက်ခြင်း၊ Drop Bomb များ ဖြင့် ပစ်ချတိုက်ခိုက်ခြင်းစသည့်အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်လျက် ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင်လည်း MNDAA၊ TNLA အဖွဲ့နှင့် PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သမားများ သည် လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံရေး ဆောင်ရွက်ထားမှုမရှိသည့် စစ်ရေးပစ်မှတ် မဟုတ်သော မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်ဂိတ် ကျင်စန်းကျော့အတွင်းရှိ ဆဲပင်းဟွာကျင့်ကုမ္ပဏီ သွင်းကုန်ကားဝင်း အတွင်းသို့ Drone ယာဉ်များဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့ရာ ကားဝင်း အတွင်း ရပ်နားထားသည့် မော်တော်ယာဉ် များပေါ်သို့ ပုံးသီးများ ကျရောက်ပေါက်ကွဲ မှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ယာဉ်တစ်စီးမှတစ်စီးဆက်လက်လောင်ကျွမ်း မှုဖြစ်ပေါ်ခဲ့ရသည်။

ထိုကဲ့သို့ မီးလောင်ကျွမ်းမှုများဖြစ်ပေါ် ခဲ့သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများနှင့်ပူးပေါင်း၍ မီးသတ်ယာဉ် များ အသုံးပြုကာ မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး အနီးဝန်းကျင် ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များမှလည်း အလျင် အမြန်သွားရောက်ပူးပေါင်းကာ မီးငြိမ်း သတ်ခြင်းနှင့်လိုအပ်သည့် ကူညီကယ်ဆယ် ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်း သတ်နိုင်ခဲ့သည်။

MNDAA၊ TNLA အဖွဲ့နှင့် PDF အမည်ခံပူးပေါင်းအကြမ်းဖက်သမားများ၏ ယခု အကြမ်းဖက်လုပ်ရပ်ကြောင့် ကားဝင်း အတွင်း ရပ်နားထားသည့် သွင်းကုန် မော်တော်ယာဉ် ၂၄၈ စီးရှိသည့်အနက် အိမ်သုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် အိမ်ဆောက်ပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ်အစီး ၁၂၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံ ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများစွာ ထိခိုက်နစ်နာမှု ဖြစ်ပေါ်ခဲ့ရကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အကြမ်း ဖက်မှုချေမှုန်းရေး စစ်ဆင်ရေးကို ပြည်သူ လူထုနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။





MNDAA၊ TNLA အဖွဲ့နှင့် PDF အမည်ခံပူးပေါင်းအကြမ်းဖက်သမားများ၏ Drop Bomb များပစ်ချတိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်များ မီးလောင်ပျက်စီးနေမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးဆောင်ရွက်နေစဉ်။



MNDAA၊ TNLA အဖွဲ့နှင့် PDF အမည်ခံပူးပေါင်းအကြမ်းဖက်သမားများ၏ Drop Bomb များပစ်ချတိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်များ မီးလောင်ပျက်စီးနေမှုကို တွေ့ရစဉ်။

# မော်လမြိုင်တက္ကသိုလ်ဝန်ထမ်းများ ကျောင်းပြင်ပပြောင်းရွှေ့နေထိုင်ခွင့်ပိတ်ပင်ခံရဟု Social Medial များတွင် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၂၃**

ကယားပြည်နယ်ရှိ လွိုင်ကော်တက္ကသိုလ် ကို အကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဆရာ၊ ဆရာမ များနှင့် ဝန်ထမ်းမိသားစုဝင်များအား ဖမ်းဆီးခေါ်ဆောင်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွား ခဲ့မှုကြောင့် မော်လမြိုင်တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများသည်လည်း စိုးရိမ်စိတ်များဖြင့် နီးစပ်ရာဆွေမျိုးနေအိမ် များနှင့် ကျောင်းပြင်ပ ပြောင်းရွှေ့နေထိုင်ကြ သူများ များပြားလာခြင်းကြောင့်မော်လမြိုင် တက္ကသိုလ် ပါမောက္ခချုပ်က နိုဝင်ဘာ ၁၆ ရက်တွင် အရေးပေါ်အစည်းအဝေးပြု လုပ်၍ တက္ကသိုလ်ရှိ ဝန်ထမ်းများအနေဖြင့် ကျောင်းအတွင်း ပြန်လည်နေထိုင်ကြရန်နှင့် ကျောင်းပြင်ပ ပြောင်းရွှေ့နေထိုင်ခွင့်များ ပိတ်ပင်ခဲ့ကြောင်း Social Medial များ တွင်သတင်းတု၊သတင်းအမှားများ ရေးသား ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်၏ ပြောကြားချက်အရ နိုဝင်ဘာ ၁၆ ရက် တွင် ပြုလုပ်ခဲ့သည့် အစည်းအဝေးမှာ ပုံမှန်အစည်းအဝေးသာဖြစ်ပြီး Social Medial များတွင် ရေးသားဖြန့်ဝေနေမှုများ သည် လုပ်ကြံသတင်းအမှားများသာဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေး ဆောင်ရွက်နေမှုများကို ထိခိုက်စေရန်နှင့် ပြည်သူများက အထင် အမြင်လွဲမှားစေရန်အတွက် အကြမ်းဖက် မှုကို အားပေးသည့် မီဒီယာအချို့က ယခုကဲ့သို့ ရည်ရွယ်ချက်ရှိရှိ သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ ခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်မြောက်ပိုင်း၌ တိုက်ပွဲဖြစ်ပွားမှုများကြောင့် စာသင်ကျောင်း ၁၂၀၀ ခန့် ပိတ်ထားရကြောင်း မဟုတ်မမှန် သတင်းများ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ်တွင် AA လက်နက်ကိုင် သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ် များကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မင်းပြား၊ မြေပုံ၊ ကျောက်တော်၊မြောက်ဦးနှင့်စစ်တွေစသည့် မြို့နယ် ၁၀ မြို့နယ်၌ စာသင်ကျောင်း ၁၂၀၀ ခန့်ပိတ်ထားရကြောင်း မဟုတ်မမှန် သတင်းများ လူမှုကွန်ရက်စာမျက်နှာများ တွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် စာသင်ကျောင်းများပိတ်ထား မှုမရှိဘဲ ကျောင်းများပုံမှန်အတိုင်းဖွင့်လှစ် လျက်ရှိကြောင်း ရခိုင်ပြည်နယ် ပညာရေး မှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြား ချက်အရ သိရသည်။

သို့ဖြစ်ပါ၍ ဒေသခံတိုင်းရင်းသားများ အနေဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် ပြည်ဖျက်မီဒီယာနှင့် အကြမ်းဖက်မှုအားပေး သည့် မီဒီယာအချို့တို့က ပညာရေးနှင့် ပတ်သက်၍ မဟုတ်မမှန်ရေးသားဖြန့်ဝေ လျက်ရှိသည့် လုပ်ကြံသတင်းများကို ယုံကြည်ခြင်းမရှိကြရန်နှင့် မိမိတို့၏ သားသမီးများ၏ ပညာရေးကို ဆက်လက် အားပေးသွားကြရန် လိုအပ်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။



# ပီရူးနိုင်ငံတွင် ရေခဲမြစ်နှင့် ရေခဲတောင်များ ၅၆ ရာခိုင်နှုန်းထိ အရည်ပျော်ကျနေ



**လီမာ နိုဝင်ဘာ ၂၃**

ပီရူးနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် အန်ကက်စ်နယ်မြေနှင့် ဟွာရက်ဇ်မြို့အနီးရှိ ရေခဲမြစ်နှင့် ရေခဲတောင်များ၌ ရေခဲအရည်ပျော်ကျမှုနှုန်း မြင့်တက်နေပြီး ၅၆ ရာခိုင်နှုန်းထိ အရည်ပျော်ကျနေကြောင်း ပီရူးရေခဲတောင်နှင့် ဂေဟစနစ်သုတေသနဆိုင်ရာ အင်စတီကျုက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါပမာဏမှာ နှစ်ပေါင်း ၆၀ အတွင်း အရည်ပျော်ကျခဲ့သော ပမာဏဖြစ်ပြီး ၂၀၁၃ ခုနှစ် နောက်ပိုင်းတွင် ရေခဲမြစ်အရည်ပျော်ကျမှုနှုန်းမြင့်မားကာ မြစ်ရေပမာဏမြင့်တက်မှုများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ ပီရူးရေခဲတောင်နှင့် ဂေဟစနစ်သုတေသနဆိုင်ရာ အင်စတီကျုက ရေခဲတောင်၊ ရေခဲမြစ်များနှင့်ပတ်သက်ပြီး မြေပြင်တွင် သုတေသနပြုလုပ်ထားသော ရလဒ်များ၊ ကောင်းကင်ဂြိုဟ်တုမှတ်တမ်းဓာတ်ပုံများနှင့်တကွ ရေခဲမြစ်ဧရိယာလျော့ကျလာမှုကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရာသီဥတုပြောင်းလဲမှုကြောင့် နှစ်ပေါင်း ၆၀ အတွင်း ရေခဲမြစ်နဲ့ ရေခဲတောင်တို့မှာ မူလပမာဏ၏ ၅၆ ရာခိုင်နှုန်းထိ အရည်ပျော်ကျခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် နောက်ပိုင်းမှာ ရေခဲတောင်နဲ့ ရေခဲမြစ်အရည်ပျော်ကျမှုက သိသိသာသာမြင့်တက်လာခဲ့သလို ရေခဲတောင်နဲ့ ရေခဲမြစ်အရည်ပျော်ကျမှု ပမာဏစုစုပေါင်းရဲ့ ခြောက်ရာခိုင်နှုန်းဟာ ၂၀၁၆ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အတွင်း အရည်ပျော်ကျခဲ့တဲ့ပမာဏတစ်ရပ်ဖြစ်ပါတယ်။ ရေခဲမြစ်အရည်ပျော်ကျမှုနှုန်း မြင့်တက်လာတာနဲ့အမျှ မြစ်ရေပမာဏတွေမြင့်တက်လာတယ်။ အနာဂတ်မှာ ဆိုးရွားတဲ့ ရေဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်သွားရမဲ့အခြေအနေဖြစ်နေတယ်။ ရာသီဥတုပြောင်းလဲမှုကို မထိန်းချုပ်နိုင်ဘူးဆိုရင်တော့ ရေခဲတောင်တွေ၊ ရေခဲမြစ်တွေကို ဆုံးရှုံးရမဲ့အခြေအနေဖြစ်ပါတယ်"ဟု ပီရူးရေခဲတောင်နှင့်ဂေဟစနစ် သုတေသနဆိုင်ရာအင်စတီကျု၏ ဒါရိုက်တာဘိရစ်ဇ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ပဲရစ်မြို့အတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် SUVs မော်တော်ယာဉ်များကို ကားပါကင်ထိုးခ တိုးမြှင့်ကောက်ခံသွားမည်

**ပဲရစ် နိုဝင်ဘာ ၂၃**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့သည် လေထုညစ်ညမ်းမှုနှုန်းမြင့်မားသော ကမ္ဘာ့မြို့ကြီးများစာရင်းတွင် ပါဝင်နေသဖြင့် ပဲရစ်မြို့အတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအတွက် SUVs မော်တော်ယာဉ် အမျိုးအစားများကို ကားပါကင်ထိုးခ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ပဲရစ်မြို့ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါအစီအစဉ်ကို ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းတွင် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ပဲရစ်မြို့လယ်တွင် SUVs မော်တော်ယာဉ်အမျိုးအစားများ အသုံးပြုမှုကို တင်းကျပ်သွားရန်ရည်ရွယ်ထားကြောင်း၊ ထို့ပြင် ၁ ဒသမ ၆ တန်နှင့်အထက်ရှိသော ရုပ်ကြွင်းလောင်စာသုံးမော်တော်ယာဉ်များကိုလည်း ကားပါကင်ထိုးခ တိုးမြှင့်သွားမည်ဖြစ်သကဲ့သို့ နှစ်တန်နှင့်အထက်ရှိ လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်အမျိုးအစားများကိုလည်း ကားပါကင်ထိုးခ တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း ပဲရစ်မြို့ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



"လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် မြို့တော်အတွင်း မော်တော်ယာဉ်အသုံးပြုမှုကို လျှော့ချသွားဖို့လိုအပ်နေတယ်။ မော်တော်ယာဉ်အမျိုးအစားအလိုက် အသုံးပြုမှုကို ကန့်သတ်သွားမယ်။ မြို့တော်အတွင်း ကားပါကင်ထိုးခတွေကို ကားအမျိုးအစားအလိုက် တိုးမြှင့်ကောက်ခံသွားမှာလဲ ဖြစ်ပါတယ်။ ကားပါကင်ထိုးခတိုးမြှင့်ကောက်ခံသွားမဲ့ မော်တော်ယာဉ်အမျိုးအစားတွေကိုတော့ လျာထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်လိုကားအမျိုးအစားမျိုးကို လျှော့ချသွားသင့်တယ်ဆိုတာကိုလဲ အများပြည်သူတွေရဲ့ဆန္ဒ ကောက်ခံသွားမှာဖြစ်ပါတယ်"ဟု ပဲရစ်မြို့ ဒုတိယမြို့တော်ဝန် ဒေးဗစ်ဘီလီယက်က ပြောကြားခဲ့သည်။

Ref : Xinhua News

Trs : Sai Sat

# အလက်စကာပြည်နယ်တွင် မြေပြိုကျမှုကြောင့် လူသုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

**ဝါရှင်တန် နိုဝင်ဘာ ၂၃**

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ် အရှေ့တောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုဝင်ဘာ ၂၂ ရက်က မြေပြိုကျမှုဖြစ်ပွားသဖြင့် လူသုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အလက်စကာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြေပြိုကျမှုသည် ရန်ဂျယ်လ်ဒေသရှိ ဇီမိုဗီယာအဝေးပြေးလမ်းမကြီးတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး မြေပြိုကျမှုကြောင့် လမ်းမကြီးပိတ်ဆို့မှုဖြစ်ပွားကာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းမကြီးဘေးရှိ တောင်စောင်းပြိုကျခဲ့ခြင်းဖြစ်ပြီး မြေပြိုကျမှုဖြစ်ပွားသည့်ဧရိယာအနီးတွင် တည်ရှိသော နေအိမ်သုံးလုံး ပျက်စီးခဲ့ကြောင်း သိရသည်။

"မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရန်ဂျယ်လ်ဒေသအနီးမှာ မြေပြိုကျမှုဖြစ်ပေါ်ခဲ့ပါတယ်။ မြေပြိုကျမှုကြောင့် ဇီမိုဗီယာအဝေးပြေးလမ်းမကြီး ပိတ်ဆို့မှုဖြစ်ပွားနေပါတယ်။ မြေပြိုကျမှုကြောင့် လူသုံးယောက်သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူတစ်ယောက် ရှိခဲ့ပါတယ်။ ပျောက်ဆုံးနေသူ တစ်ယောက်လဲ ရှိခဲ့ပါတယ်"ဟု အလက်စကာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မက္ကာသီက ပြောကြားခဲ့သည်။

မြေပြိုကျမှုကြောင့် သေဆုံးခဲ့သူများ၏ ရုပ်အလောင်းများကိုလည်း ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေသယ်ထုတ်နိုင်ခဲ့ပြီး အမျိုးသမီးတစ်ဦးကို အသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့ကြောင်း၊ သေဆုံးသူသုံးဦးအနက် နှစ်ဦးမှာ ဆယ်ကျော်သက်အရွယ်လူငယ်များဖြစ်ပြီး ကျန်တစ်ဦးမှာ အရွယ်မရောက်သေးသည့် ကလေးငယ်တစ်ဦးဖြစ်ကြောင်း၊ မြေပြိုကျမှုကြောင့်ဒေသခံလူဦးရေ ၂၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် လေကြောင်းအကူအညီရယူကာ ကယ်ထုတ်ပေးခဲ့ရကြောင်း အလက်စကာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ


၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ် ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



# နာရီလေးတစ်လုံး

နေထူး



(၁)

"ဦးမြင့် ဆရာကြီးခေါ်နေတယ် ခဏလာခဲ့အုံးတဲ့။ အေ ၁၆ က အခန်းရှင်ဘိုးတော်ကြီးတွေကော ရောက်နေကြတယ်။ ဦးမြင့်ကတော့ ဘာတွေမြွေဖမ်းထားပြန်ပြီလဲမသိ"လို့ပြောပြီး မချိုမချဉ်မျက်နှာနဲ့ လုပ်နေတဲ့ မောင်မျိုးရဲ့အပြောစကားကြောင့် ဦးမြင့် ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရသေးတယ်။

ဦးမြင့်က အိမ်ရာကြီးတစ်ခုမှာ လုံခြုံရေးအလုပ်လုပ်နေသူဖြစ်တယ်။ ဒါနဲ့ပဲ မောင်မျိုးကို မှာသင့်တာမှာပြီး အိမ်ရာရဲ့တာဝန်ခံကြီးကြပ်ရေးမှူးဖြစ်သူ ဆရာကြီး အခန်းသို့ ထွက်လာခဲ့လိုက်တယ်။

ဆရာကြီးရဲ့အခန်းကိုရောက်တော့ ဆရာကြီးရဲ့ ဘေးမှာထိုင်နေတဲ့ အေ ၁၆ က အခန်းရှင်နဲ့ သူ့အမျိုးသမီးဖြစ်သူတို့ပါ ထိုင်နေတာကိုတွေ့လိုက်ရတယ်။

ဆရာကြီးက ထိုင်ပါလို့ ခွင့်ပြုတာကြောင့် သူတို့ရဲ့ မျက်နှာချင်းဆိုင်ကခုံလေးမှာ ဝင်ထိုင်လိုက်တယ်။ ဆရာကြီးမျက်နှာကိုတော့ မကြည့်ဝံ့သလိုဖြစ်နေတယ်။

အိမ်ရာထဲမှာ အလုပ်လာလျှောက်စဉ်ကတည်းက ဆရာကြီးက သေချာမှာထားတယ်။ အခန်းရှင်တွေ၊ အခန်းရှင်ရဲ့ကလေးတွေနဲ့ မလိုအပ်ဘဲ အရောတဝင် မနေဖို့ တင်းတင်းကျပ်ကျပ်မှာထားပါလျက်နဲ့ မနေ့က အခန်းအေ ၁၆ က ကျောင်းသားလေးနဲ့ နာရီ အတော်ကြာစကားတွေပြောဖြစ်လိုက်တယ်။

"ဟူး. . . ဦးမြင့်တစ်ယောက် သက်ပြင်းမောကြီးကို မသိမသာလေးချလိုက်ပြီး ဆရာကြီးနဲ့ အခန်းအေ ၁၆ က အခန်းရှင်တို့ကို မျက်နှာမူလိုက်တယ်။ သူ့ရဲ့ စိတ်ထဲမှာလဲ "ငါအမှားလုပ်ထားတာမှ မဟုတ်တာပဲ၊ သူတို့စည်းကမ်းထုတ်ထားတာကို မထိမဲ့မြင်ပြုတယ် ထင်ရင်လဲ မတတ်နိုင်ဘူးပေါ့လေ"လို့ ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်တယ်။

(၂)

"ကိုမြင့် ညက အဲ မှားလို့ မနက်ကပေါ့၊ အေ ၁၆ က ကလေးနဲ့ ဘာတွေပြောဖြစ်ကြတယ်ဆိုတာ အစအဆုံးပြန်ပြောပြပေးပါ"လို့ ဆရာကြီးက ဆိုလာတယ်။

ဦးမြင့်လဲ ဆရာကြီးရဲ့ အမေးစကားဆုံးတာနဲ့ "ကျွန်တော် ညကဂျူတီကျတာက မနက် ၂နာရီကနေ မနက် ၆ နာရီထိ တာဝန်ကျပါတယ်။ ၂နာရီ မိနစ် ၃၀ လောက်မှာ အခန်းအေ ၁၆ က ကျောင်းသားလေးက အားကစားဝတ်စုံကြီးနဲ့ ဂိတ်ပေါက်နားရောက်လာလို့ "ငါတူ လမ်းလျှောက်ထွက်တော့မလို့လား၊ အစောကြီးရှိသေးတယ်လေလို့ပြောလိုက်တော့ သူက ဇဝေဇဝါမျက်နှာလေးနဲ့ ၄ နာရီထိုးပြီးပြီမဟုတ်လားလို့ ပြန်မေးပါတယ်။

ကျွန်တော်က နံရံမှာကပ်ထားတဲ့နာရီကိုကော ဖုန်းက နာရီလေးကိုပါ ထုတ်ပြလိုက်တယ်။

"ဟာ. . . ကျွန်တော်နာရီကြည့်တာ မှားလာတာပဲ၊ ညဘက်ဆို ဂိမ်းဆော့မှာစိုးလို့ ဖုန်းက အသိမ်းခံထားရလို့"လို့ပြောပြီး ကျွန်တော့်ဘေးမှာ လာရပ်နေလို့ ထိုင်ပါလို့ပြောပြီး ကျွန်တော်တို့စာအုပ်တွေတင်တဲ့ ခုံလေးထိုးပေးလိုက်ပါတယ်။

ဆရာကြီးက အခန်းရှင်တွေ၊ အခန်းရှင်တွေရဲ့ ကလေးတွေနဲ့ အရောတဝင်မနေရဘူးလို့ ပြောထားတာကို သတိရပေမဲ့ လူငယ်လေးတစ်ယောက်က ညဘက်အိပ်မပျော်ဘဲ စောစောလမ်းလျှောက်ဖို့ နာရီအကြည့်မှားတယ်ဆိုတော့ သူ့မှာဖိအားတစ်ခုခု၊ စိတ်ညစ်စရာတစ်ခုခုများ ကြုံနေရတယ်လို့တွေးလိုက်မိပြီး စကားပြောဖို့ ဆုံးဖြတ်လိုက်တာပါ"

(၃)

"ဒီလိုကိုမြင့်ရ၊ အချို့အခန်းရှင်ကလေးတွေက လုံခြုံရေးတွေနားမှာလာပြီး ဆေးလိပ်ခိုးသောက်လိုသောက်၊ အချို့တွေက ဆေးလိပ်ဘူးလိုက်ဝယ်လာပြီး လုံခြုံရေးတွေအပ်လိုအပ်နဲ့ ကြာရင် အခန်းရှင်တွေက လုံခြုံရေးတွေကြောင့် သူတို့ကလေးတွေပျက်ပါတယ်လို့ ဆိုကြမှာစိုးလို့ အဲဒီစည်းကမ်းတွေထုတ်ထားရတာပါ" လို့ ဦးမြင့်ကိုကော အေ ၁၆ က အခန်းရှင်လင်မယားကိုပါ ရှင်းပြလိုက်တယ်။

အေ ၁၆ က အခန်းရှင်လင်မယားကတော့ ခေါင်းညိတ်ပြီး ထောက်ခံနေကြတယ်။

"ကဲ ဆက်ပါအုံး ကိုမြင့်"လို့ ဆရာကြီးက စကားထောက်လိုက်တယ်။

"ကျောင်းသားလေးနဲ့ ဟိုဟိုဒီဒီပြောကြရင်းနဲ့ သူက နိုင်ငံခြားမှာ ကျောင်းတက်ချင်ကြောင်းနဲ့ သူ့သူငယ်ချင်းတွေအတော်များများက နိုင်ငံခြားမှာကျောင်းတက်နေကြကြောင်း ပြောပြပါတယ်။ သူကတော့ ကိုယ်ပိုင်ကျောင်းတစ်ခုမှာပဲ တက်နေရပြီး ဟိုးအရင်ကတော့ အတန်းထဲမှာ ထူးချွန်သူတစ်ယောက်ဖြစ်ခဲ့ပြီး အခုကတော့ စာထဲမှာစိတ်မဝင်စားတော့သလို ကျောင်းမှာလဲ ဆရာ၊ ဆရာမတွေနဲ့ အဆင်မပြေကြောင်း၊ အိမ်မှာလဲ အရင်ကဆို အဘိုး၊ အဘွားတွေက သူဘာပြောပြော ဖြစ်အောင်လုပ်ပေးပြီး အလိုလိုက်ကြပေမဲ့ အခုကျတော့ သူ့ဆန္ဒကို လျစ်လျူရှုနေကြောင်း ပြောပြပါတယ်။

နောက်တစ်ခုကတော့ ဒီလကုန်လောက်မှာ သူ့ရဲ့ သူငယ်ချင်းတစ်ယောက်ရဲ့မွေးနေ့ရှိပြီး သူငယ်ချင်းတွေစုပြီး အထိမ်းအမှတ်လက်ဆောင်တစ်ခုဝယ်ပေးဖို့နဲ့ သူတို့တစ်တွေ ကလပ်မှာပျော်ကြဖို့ ပိုက်ဆံလိုနေကြောင်းရယ်၊ သူ့သူငယ်ချင်းဝယ်လာတဲ့ ဖိနပ်တစ်ရန်က သိန်းချီတန်ပြီး သူလဲဝယ်ချင်နေကြောင်း ပြောပြပါတယ်။

ကျောင်းသားလေးရဲ့ စကားဆုံးသွားတော့ ကျွန်တော်ဘာမှမပြောနိုင်အောင်ဆွံ့အသွားပါတယ်။ ကျွန်တော်ထင်တာက အဘိုးတွေ၊ အဘွားတွေက လိုလေသေးမရှိ ဖူးဖူးမှုတ်ထားခံရပြီး မရှိစကားဆိုတာ မကြားရတဲ့ကလေးတွေပဲလို့ ထင်ထားခဲ့တာပါ။ သူတို့မှာလဲ သူတို့အနေအထားနဲ့ လိုအပ်ချက်တွေ ရှိသေးပါလားလို့ သဘောပေါက်လိုက်ရပါတယ်။

(၄)

"အေးပေါ့ငါ့တူရာ လူတွေမှာကတော့ ပြည့်စုံတယ်ဆိုတာကတော့ရှားပါတယ်။ သူ့ဟာနဲ့သူတော့ အပူသေးသူနဲ့ အပူကြီးသူတေချည်းပါပဲ။ အခုလဲ ငါ့တူက နိုင်ငံခြားမှာ ကျောင်းတက်နေကြတဲ့သူငယ်ချင်းတွေနဲ့ ယှဉ်ပြီး ကိုယ့်ကိုယ်ကိုယ်နိမ့်ကျတယ်လို့ ထင်နေပေမဲ့လို့ ငါ့တူတို့တက်နေတဲ့ ကိုယ်ပိုင်ကျောင်းမျိုးကို လက်လှမ်းမမီကြသူတွေဒုနဲ့ဒေးပါ။ တစ်ခါတလေမှာ လူတွေက ကိုယ်ရနေတဲ့ဘဝကို အလိုမကျတွေဖြစ်ပြီး ကိုယ်ရောက်နေတဲ့နေရာရဲ့ အားသာချက်၊ ထူးခြားချက်တွေကို မေ့နေတတ်ပြီး သူများတွေဘဝကမှ သာယာစိုပြည်လှတယ်လို့ ထင်တတ်ကြတာလဲ မမွတာပဲလေ"

"ဦးလုံခြုံရေးကြီးကော ကျွန်တော်တို့လို ကြုံခဲ့ရဖူးလား"လို့ ကျောင်းသားလေးက ပြန်မေးတယ်။ ကျွန်တော်က-

"ကြုံခဲ့ရဖူးတာပေါ့။ ငါ့တူတို့လို အခြေအနေမျိုး မဟုတ်ပေမဲ့ ခပ်ဆင်ဆင်ပေါ့။ ဦးတို့နေခဲ့တဲ့ တောရွာလေးမှာက ရှစ်တန်းထိပဲ ကျောင်းတက်လို့ရတယ်။ ကိုးတန်းနှစ်ရောက်တော့ မြို့ပေါ်မှာ ကျောင်းသွားတက်ရတယ်။ ဦးတို့ခေတ်က စက်ဘီးလေးတွေနဲ့ ကျောင်းတက်ရတဲ့ခေတ်လေ။ ဒါပေမဲ့ ဦးတို့မိဘတွေက အပြေလည်ကြီးမဟုတ်လေတော့ ဦးကို စက်ဘီး မဝယ်ပေးနိုင်ကြဘူး။

မြို့ပေါ်ကကျောင်းမှာ စပြီးတက်ရတော့ ပျော်သလိုရှိပေမဲ့ အခြားသူငယ်ချင်းတွေက စက်ဘီးလေးတွေနဲ့ ကျောင်းတက်နေတော့ ဦးကသိမ်ငယ်လာရောကွ။ ဒါနဲ့ပဲ ကျောင်းတစ်ဝက်တစ်ပျက်လောက်မှာ ကျောင်းမတက်တော့ဘူးဆိုပြီး ရွာပြန်လာခဲ့ပြီး အိမ်အလုပ်လဲမလုပ်၊ တောင်သူအလုပ်တွေကိုလဲမကူဘဲ အလေလိုက်နေခဲ့မိတာပေါ့။ မိဘတွေကိုလဲ တာဝန်မကျေတဲ့ မိဘတွေလို့ ခေါင်းစဉ်တပ်မိပြန်တယ်။

(၅)

တစ်နေ့မှာတော့ ဦးသူငယ်ချင်းတစ်ယောက်နဲ့ ဆုံရော။ သူကဦးနဲ့ငယ်ငယ်ကတည်းက ကျောင်းနေဖက်လေ။ သူနဲ့တွေ့တော့ ကိုယ့်ရဲ့ခံစားချက်တွေကို မျက်ရည်အဝိုင်းသားနဲ့ ပုံကြီးချဲ့ပြီး ဇာတ်နာအောင် သာသာထိုးထိုး ပြောပြလိုက်တော့ သူက-

"သူငယ်ချင်း မင်းအတွေးတွေမှားနေပြီ။ မင်းတို့မိဘတွေ ဒီလောက်ကောင်းတာကိုကွာ။ ငါဆိုရင် မင်းနေရာမှာလဲယူလို့ရရင် လဲချင်လိုက်တာကွာ။ ငယ်ငယ်လေးကတည်းက ငါတို့မှာ နာရီဝယ်ပတ်နိုင်ဖို့ဆိုတာအဝေးကြီး မင်းတို့မှာတော့ နာရီလေးတွေ တစ်လုံးပြီးတစ်လုံးနဲ့။ အခြားအသုံးအဆောင်တွေဆိုတာလဲ ဖောခြင်းသောခြင်းကွာ၊ ခုလဲကြည့်လေ၊ ငါ့မိဘတွေနဲ့ မင်းတို့မိဘတွေအခြေအနေချင်းက အကွာလှကြီးမဟုတ်ပေမဲ့ မင်းတို့မိဘတွေက ချေးတန်ချေး၊ ငှားတန်ငှားပြီးတော့ မင်းကို မြို့ကျောင်းကိုထားပေးကြတယ်လေ။ ဒါကိုမှ မင်းဘဝကြီးက ဆိုးလှပါလားဆိုပြီး အခြားအပေါ်ကလူတွေကိုချည်းပဲ မျှော်ကြည့်နေရင်တော့ မင်းရဲ့ဇက်ကြီးစောင်းသွားရုံသာမက မင်းရဲ့ဘဝပါ စောင်းသွားလိမ့်မယ်သူငယ်ချင်း"တဲ့။

သူငယ်ချင်းဖြစ်သူက အဲဒီလို ကိုယ့်ရဲ့အားသာချက်တွေကိုထောက်ပြပြီး ပြောပြလိုက်တော့မှပဲ "ဩော်. . . ငါ့ဘဝအခြေအနေကို အားကျနေရသူတွေရှိပါသေးလားလို့ တစိမ့်စိမ့်တွေးမိပြီးတော့ အဖေနဲ့ အမေကို ဦးချကန်တော့ပြီး မြို့ကျောင်းမှာ ပြန်တက်ခဲ့ရတယ်လေ။

ပြီးတော့ ဟိုအသားဖြူဖြူလူကောင်သေးသေးနဲ့ ငမျိုးဆိုတဲ့ လုံခြုံရေးပေါက်စလေးကို သိတယ်မလား။ ဟိုတစ်နေ့က သူထမင်းစားနေတာ တွေ့လိုက်ရတယ်။ နှစ်ရာတန် ခေါက်ဆွဲထုပ်လေးတစ်ထုပ်ကိုဝယ်၊ ခေါက်ဆွဲကိုဖြော့ပြီး မွမွလေးလက်ဖက်စုံအထုပ်လေးနဲ့သုပ်စားနေတာကိုတွေ့လို့ ထမင်းမချက်ဘူးလားလို့ မေးလိုက်တော့ ဆန်နဲ့ဆီက လကုန်မှဝယ်မှာမို့လို့ သူများဆီက ပိုက်ဆံလဲမချေးချင်လို့ အခုလိုစားနေတာတဲ့။

သူဆိုရင်လဲ သူ့ရဲ့အိမ်မှာ အသားဟင်းမပါလို့ကတော့ မျက်ရည်ကြီးဝဲပြီး ထမင်းပန်းကန်ကိုဆောင့်ချလို့ချနဲ့ စူဆောင့်လုပ်လာခဲ့သူ။ ငါးခြောက်ငါးခြမ်းလေးများ ကြော်ကျွေးရင်တောင် ဟင်းလို့မထင်ခဲ့သူတဲ့။ အခုတော့ ကိုယ်ကိုယ်တိုင်ငွေကိုရှာရတော့မှ ငွေတွင်းက နက်မှန်းသိလာရသူတွေ ငါ့တူရလို့ပြောလိုက်တော့ ကျောင်းသားလေးက ငိုင်နေရှာတယ်။

"တစ်ခါတစ်ခါတော့ ကျွန်တော်လဲတွေးမိပါတယ်။ အခုကာလက ကျပ်တည်းနေကြတာကို တွေးမိပေမဲ့ အဘိုး၊ အဘွားတွေက ကျွန်တော့်ကိုလျစ်လျူရှုနေတယ်လို့ထင်ပြီး ဂျစ်တိုက်ခဲ့မိတာပါ။

လကုန်ရင်တော့ ကျွန်တော့်သူငယ်ချင်းကို မွေးနေ့လက်ဆောင်ပေးဖို့နဲ့ ကလပ်မှာ သူငယ်ချင်းတွေပွဲလုပ်ဖို့ကတော့ အင်း. . ."လို့ဆိုပြီး စကားသံတိတ်သွားတယ်။

"မွေးနေ့လက်ဆောင်က ဘာတွေဝယ်ပေးနေကြလဲ"

"တန်ဖိုးကြီးပစ္စည်းတစ်ခုခုပေါ့"

"ဦး တစ်ခုတော့အကြံပေးကြည့်မယ်နော်။ ငါ့တူရဲ့သူငယ်ချင်းက ပြည့်ပြည့်စုံစုံထဲကဆိုတော့က ရှပ်ဝတ္ထုပစ္စည်းတွေကို သိပ်ပြီးလိုမယ်မထင်ဘူး။ ထူးထူးခြားခြားနဲ့ အမှတ်တရလေးလဲ ဖြစ်သွားရအောင် ငါ့တူနဲ့အခြားသူငယ်ချင်းတွေစုပြီးတော့ သူ့အတွက် ဆေးရုံတစ်ခုခုမှာ ထမင်းဟင်းလေးတွေကို ဘူးနဲ့ထည့်ပြီး အလှူလုပ်ပေးလိုက်ပါ့လား။ ငါ့တူရဲ့သူငယ်ချင်း ပီတိဖြစ်သွားမှာကတော့ အသေအချာပဲ။ ဆေးရုံမှာက ကျန်းမာရေးအတွက် ပူပင်သောကရောက်နေရသူတွေ အတွက် ကိုယ်က ထမင်းတစ်နပ်လေးဖြစ်ဖြစ် လှူလိုက်ရင် သူတို့တွေရဲ့သောက အနည်းငယ်တော့ သက်သာသွားမှာပဲ။ ငါ့တူတို့က ဘားတွေ၊ ကလပ်တွေမှာ

စာမျက်နှာ ၂၅သို့ ➤

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၆၀၀၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၆၀၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၅၁၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၀၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းဧက ၈၀၀၀ ကျော်လျာထားစိုက်ပျိုးခဲ့ရာ အခုဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၂၀၃၅ ဧကနှင့်ဖူးစားပြောင်း ၃၉၇၁ ဧက စုစုပေါင်း ၆၀၀၆ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၂၁၈၁ ဧကနှင့် ဖူးစားပြောင်း ၆၃၃၅ ဧက စုစုပေါင်း ၈၅၁၆ ဧက ဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း၊ ပိုးသတ်ဆေးအသုံးပြုခြင်းဆိုင်ရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ဧက ၁၇၆၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ဧက ၁၇၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ရှာငံမြို့နယ် ပါယ်ကင်းကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရှာငံ နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် လင်းဝေးကျေးရွာအုပ်စု ပါယ်ကင်းကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက် ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ် ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ပါယ်ကင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေပြန်လည်ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည် ပတ်ရန်ပုံငွေကျပ် ၅၅၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်ထံမှ သိရသည်။

**မောင်ရိုင်**

➤ စာမျက်နှာ ၂၄မှအဆက်

ပျော်ဖူးခဲ့ပြီဆိုတော့က အခုလိုဒုက္ခဖြစ်နေသူတွေအတွက် အလှူလေးလုပ်ပြီး ပျော်ကြည့်လိုက်စမ်းပါလို့ အကြံပေးလိုက်တော့ ကျောင်းသားလေးရဲ့မျက်နှာက ပြုံးရွှင်လာတယ်။

ခဏနေတော့ မနက် ၅ နာရီလောက်ရှိလာလို့ ကျောင်းသားလေးက ကျွန်တော့်ကိုနှုတ်ဆက်ပြီး လမ်းလျှောက်ထွက်သွားပါတယ်"လို့ဖြေပြီး ခေါင်းငုံ့နေလိုက်တယ်။

(၆)

ဦးမြင့်ရဲ့စကားလဲဆုံးရော လက်ခုပ်သံတွေ ဆူညံစွာပေါ်ထွက်လာတယ်။

အခန်းအေ ၁၆ မှ အခန်းရှင်လင်မယားက ကျေးဇူးတင်စကားဆိုပြီး ဘူးလေးတစ်ဘူးကို ထိုးပေးတယ်။

ကိုယ့်အိမ်ရာထဲက ကလေးတစ်ယောက်ကို ကိုယ့်တူကိုယ့်သားလို ဆုံးမလမ်းညွှန်ပေးလို့ ဂုဏ်ပြုလက်ဆောင်ပေးတာပါတဲ့။

ဦးမြင့်ကတော့ သူ့ကိုများ ကလေးတွေနဲ့ အရောတဝင်လုပ်လို့ အပြစ်တင်ကြလေမလားလို့ တွေးမိနေခဲ့တာ။ အခု အံ့ဩဝမ်းသာနေမိတယ်။

လက်ဆောင်ပစ္စည်းဘူးလေးကိုတော့ မယူဝံ့ပေ။

"ယူလိုက်ပါ ကိုမြင့်ရဲ့၊ သူတို့လဲ ခင်ဗျားကိုကျေးဇူးတင်နေကြတာပါ။ ခင်ဗျားပြောတဲ့ကျောင်းသားလေးက သူ့အဘိုးနဲ့အဘွားကို ကျောင်းမသွားခင် ကန်တော့နေလို့ ထူးဆန်းနေတာနဲ့ အကျိုးအကြောင်းစုံကိုမေးလိုက်တော့ ခင်ဗျားပြောပြခဲ့တာတွေကို ပြန်သိလိုက်ရပြီး ဂုဏ်ပြုချင်လို့ သူ့အဘိုးကိုယ်တိုင်က နာရီလေးလက်ဆောင်ပေးတာပါ။ ကျွန်တော်တို့အိမ်ရာကော်မတီအနေနဲ့လဲ ခင်ဗျားကို သက်သက် ဂုဏ်ပြုအုံးမှာပါ"။

"ဟာ မဟုတ်တာဆရာရယ်၊ ကျွန်တော်က ကျွန်တော်ကိုယ်တိုင် ကြုံခဲ့ရတဲ့အဖြစ်အပျက်လေးတွေ ပြောပြပေးရုံပါ"

အခန်းအေ ၁၆ မှ ကျောင်းသားလေးရဲ့အဘိုးနဲ့အဘွားကလဲ ကျေးဇူးတင်စကားတွေ တဖွဖွပြောပြီး နာရီဘူးလေးကိုထွက်ပေးနေတာကြောင့် ယူလိုက်ရပြီး ကျေးဇူးတင်စကားဆိုကာ ထွက်လာခဲ့တော့သည်။

လကုန်ပြီး သုံးရက်မြောက်နေ့မှာတော့ မွေးနေ့ရှင်နဲ့ လူငယ်လေးတစ်စုတို့က ဆေးရုံကြီးတစ်ခုမှာ ထမင်းဘူးလေးတွေဝေပြီး အလှူလုပ်နေတာကို ဝမ်းသာပီတိဖြစ်စွာဖြင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပေးနေတဲ့ ဦးမြင့်တစ်ယောက်ကိုပါတွေ့ရတယ်။ သူ့ရဲ့လက်မှာတော့ နာရီလေးအသစ်တစ်လုံးကလဲ ကြွားကြွားဝံဝံ့ခံ့ခံ့ညားညားရှိနေပေတယ်။

## ပန်းတိုင်

- ဆက်လျှောက်ပါ မကြောက်စတမ်း
ရှေ့ကိုလှမ်း ပန်းတိုင်ကို၊
အောင်မြင်မည် တစ်နေ့နေ့
တွေ့ဆုံခြင်းကြို၊
သတ္တိနဲ့ ဇွဲစိတ်ပို
မှတ်သားဆို ချိုစကား၊
ရလဒ်တွေ အစဉ်ကောင်းတယ်
ဂုဏ်ပေါင်းတို့ထွား။

- အရှုံးကို မညည်းတွားပဲ
ခရီးများက ကြမ်းပါစေ၊
လောကဓံ အန်ကိုတု
ရှေးရှုလမ်းဖွေ၊
အကျိုးပေး ကောင်းမြဲလေ
လုပ်ရပ်တွေက မှတ်တမ်းဖြစ်၊
မင်္ဂလာ ကျက်သရေဖြိုးတယ်
တိုးတက်နေ့သစ်။

- လူဆိုတာ စိတ်မညစ်မှ
အတွေးစနစ် လမ်းမှန်မည်၊
ပတ်ဝန်းကျင်မှာ ကောင်းစိတ်မွေး
လေးစားယုံကြည်၊
သမာဓိ ခိုင်မြဲတည်
မွေ့ပျော်ညီ သာယာလမ်း၊
လူဖြစ်ချိန် အကောင်းဆုံးကို
ကြိုးစားရှေးလှမ်း။ ။

**မောင်မျိုးချစ်(အညာမြေ)**

# ပဲခူးမြို့နယ် အေးရွာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ပဲခူး နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အေးရွာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် ဝန်ထမ်းများက အေးရွာကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

အေးရွာကျေးရွာ၌ လမ်းအရှည်ပေ ၅၀၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၄၃ ဒသမ ၅၉၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် Future Active ကုမ္ပဏီက ၂၀၂၃ ခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့အချိန်မီတင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းထံမှ သိရသည်။

**သုတ**

# စားနပ်ရိက္ခာလုံခြုံရေးအတွက် မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိသော တရုတ်နိုင်ငံ

တရုတ်လူမျိုးတို့သည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းကပင် တရုတ်အာဏာပိုင်များက စားနပ်ရိက္ခာလုံခြုံရေးကို အဓိကဦးစားပေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ထားပြီး လက်ရှိအချိန်တွင်လည်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

တိန့်ရှောင်ဖိန်၏ ပြုပြင်ပြောင်းလဲမှုများ စတင်အကောင်အထည်ဖော်စဉ်ကတည်းက တရုတ်နိုင်ငံတွင် ပြည်တွင်းစားနပ်ရိက္ခာထုတ်လုပ်မှုသည်စီးပွားရေးတိုးတက်လာမှုနှင့်အတူ ရုတ်ခြည်းတိုးတက်လာလျက်ရှိသည်။ သို့သော် တရုတ်နိုင်ငံတွင် စားသောက်မှုပုံစံပြောင်းလဲလာခြင်း၊ အစားအစာလေလွင့်ဆုံးရှုံးမှုများပြားလာခြင်း၊ မြို့ပြတည်ဆောက်ရာမှစိုက်ပျိုးမြေဆုံးရှုံးမှုမြင့်တက်လာခြင်းတို့ကြောင့် လက်ရှိအချိန်တွင် စားနပ်ရိက္ခာလိုအပ်ချက် မြင့်မားလာလျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏စားနပ်ရိက္ခာလုံခြုံရေးအတွက် ပြည်သူများ၏ လက်ရှိနေထိုင်မှုပုံစံနှင့် စားသုံးမှုအလေ့အထတို့ကို ပြောင်းလဲသွားရန် လိုအပ်လာပြီဖြစ်သည်။

အမှန်တော့ တရုတ်နိုင်ငံ၏ စားနပ်ရိက္ခာလုံခြုံရေးသည် အမျိုးသားလုံခြုံရေးနှင့်နီးကပ်စွာဆက်နွှယ်လျက်ရှိသည်။ အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲအပြင် သိမ်မွေ့နက်နဲသောကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်အခြေအနေများကြောင့် ဖြစ်ပေါ်လာသည့်ခြိမ်းခြောက်မှုများကိုရင်ဆိုင်ရာတွင် စားနပ်ရိက္ခာလုံခြုံရေးကို အမျိုးသားစွမ်းအင်လုံခြုံရေးနှင့် ဘဏ္ဍာငွေ လုံခြုံရေးကဲ့သို့ပင် တန်းတူသတ်မှတ်ထားရှိသည်။ တရုတ်ခေါင်းဆောင်အသီးသီးသည် စားနပ်ရိက္ခာလုံခြုံရေး၏ အရေးပါမှုကိုပြည်သူများသို့ စဉ်ဆက်မပြတ်အသိပေးရှင်းလင်းချပြလျက်ရှိသည်။ တရုတ်သမ္မတရှီကျင့်ဖျင်က စားနပ်ရိက္ခာလုံခြုံရေးသည် အမျိုးသားလုံခြုံရေးအတွက် အရေးပါသောအခြေခံအုတ်မြစ်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ် ဧပြီလအတွင်း၌ ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသရေးရာဝန်ကြီးကလည်း မျိုးစေ့သည် စိုက်ပျိုးရေး၏ အဓိကကျသောအစိတ်အပိုင်းဖြစ်ပြီး စိုက်ပျိုးမြေသည် စားနပ်ရိက္ခာထုတ်လုပ်ရေးအတွက် အသက်သွေးကြောဖြစ်ကြောင်း တင်စားလျက်စားနပ်ရိက္ခာလုံခြုံရေး၏ အရေးပါမှုကို ထပ်လောင်းပြောကြားခဲ့သည်။

တရုတ်ဗဟိုအစိုးရ၏(၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်းအမျိုးသားလုံခြုံရေးမဟာဗျူဟာ (၂၀၂၁-၂၀၂၅) တွင် စားနပ်ရိက္ခာလုံခြုံရေးကို ပထမဆုံးအကြိမ်ထည့်သွင်းရေးဆွဲထားရှိသည်။ တရုတ်နိုင်ငံ၏ အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဦးတည်ချက်များအတွက် ချမှတ်ထားသည့် အဆိုပါစီမံကိန်းအရ တရုတ်နိုင်ငံသည် နှစ်စဉ် ကောက်ပဲသီးနှံတန်ချိန် သန်း ၆၅၀ ကျော်ထုတ်လုပ်သွားမည်ဖြစ်သည်။ ၎င်းစီမံကိန်းတွင် ကောက်ပဲသီးနှံ ထုတ်လုပ်သည့်လုပ်ငန်းစဉ်အားလုံး အဆင့်မြှင့်တင်သွားရေးအပြင် စိုက်ပျိုးမြေနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အပါအဝင် စားနပ်ရိက္ခာလုံခြုံရေးမဟာဗျူဟာ အကောင်အထည်ဖော်ရေးအတွက် အထူးအစီအစဉ်များကိုလည်း ထည့်သွင်းရေးဆွဲထားရှိသည်။

သို့သော် ထိုလုပ်ငန်းစဉ်သည် လွယ်ကူသောကိစ္စတော့ မဟုတ်ပေ။ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားကတည်းက လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ၊ ဟင်းသီးဟင်းရွက်ဈေးနှုန်းမြင့်တက်လာမှုများနှင့်စိုးရိမ်တကြီးဈေးဝယ်ယူမှုများကြောင့် တရုတ်နိုင်ငံ၏ စားနပ်ရိက္ခာလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများသည် ပိုမိုမြင့်တက်လာလျက်ရှိသည်။ ထို့ကြောင့် စားနပ်ရိက္ခာလုံခြုံရေးကို တရုတ်နိုင်ငံ၏ မဟာဗျူဟာဖွံ့ဖြိုးတိုးတက်မှု၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ်သဘောထားဆောင်ရွက်လျက်ရှိသည်။ တရုတ်ကွန်မြူနစ်ပါတီ၏ ဆုံးဖြတ်ချက်ချမှတ်သော အာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် တရုတ်အစိုးရသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် အမျိုးသားလုံခြုံရေးမဟာဗျူဟာ (၂၀၂၁-၂၀၂၅)ကို ထုတ်ပြန်ခဲ့သည်။ ၎င်းမဟာဗျူဟာတွင် စားနပ်ရိက္ခာလုံခြုံရေးကိုအလေးထားရည်ညွှန်းဖော်ပြထားရှိသည်။ စားနပ်ရိက္ခာလုံခြုံရေးအတွက် မူဝါဒများ၊ ဥပဒေကြောင်းဆိုင်ရာအစီအမံများ၊ ညွှန်ကြားချက်များချမှတ်ပြီးချိန်တွင် တရုတ်နိုင်ငံ၏ စားနပ်ရိက္ခာလုံခြုံရေးဆိုင်ရာမူဝါဒကို အဓိကကျသော ရှုထောင့်သုံးရပ်ဖြင့် ခွဲခြားရှုမြင်နိုင်သည်။

**စားနပ်ရိက္ခာမျိုးစုံတိုးမြှင့်ထုတ်လုပ်ခြင်း**

ပထမဆုံးအလေးထားဆောင်ရွက်ရမည့် မစ်ရှင်သည် စားနပ်ရိက္ခာတိုးမြှင့်သိုလှောင်ခြင်းနှင့်စိုက်ပျိုးမြေတိုးချဲ့ခြင်းအပါအဝင် ပြည်တွင်းစားနပ်ရိက္ခာထုတ်လုပ်မှုမြှင့်တင်ခြင်းပင်ဖြစ်သည်။ တရုတ်ဗဟိုအစိုးရ

> ❖ လက်ရှိအချိန်ထိတရုတ်နိုင်ငံသည် "ရပ်ဝန်းနှင့်ပိုးလမ်းမ"စီမံကိန်း အကောင်အထည်ဖော်လျက်ရှိသည့်နိုင်ငံများနှင့် စိုက်ပျိုးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် ၁၀၀ ကျော်ကိုလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ စားနပ်ရိက္ခာပိုးလမ်းမ၏တစ်စိတ်တစ်ဒေသအနေဖြင့် တရုတ်နိုင်ငံသည် ပင်လယ်ရပ်ခြားဒေသများတွင် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များချုပ်ဆိုခြင်း၊ အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံခြင်း၊ ပြည်ပနိုင်ငံများတွင် လယ်ယာမြေဝယ်ယူခြင်းတို့မှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာတင်သွင်းမှုကွင်းဆက်ကို ပြန်လည်တည်ဆောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ❖

သည် မူဝါဒမျိုးစုံကိုချမှတ်လျက် စားနပ်ရိက္ခာတိုးမြှင့်ထုတ်လုပ်နိုင်အောင်ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ၁၉၉၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် အမျိုးသားအဆင့်စားနပ်ရိက္ခာသိုလှောင်ရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ထိုသို့ စုပုံသိုလှောင်ရာတွင် နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့် လိုက်သိုလှောင်ခြင်းအပြင် အစိုးရနှင့် စိုက်ပျိုးထုတ်လုပ်သူများကြား အပြန်အလှန်ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်မှုများလည်းလုပ်ဆောင်ခဲ့သည်။ ဤသို့ဖြင့် တရုတ်နိုင်ငံသည် စားနပ်ရိက္ခာလုံခြုံမှုကို ထိန်းသိမ်းထားနိုင်ရန်မူဝါဒမျိုးစုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ သာဓကအနေဖြင့် ၂၀၁၅ ခုနှစ်မှစ၍ ပြည်နယ်အစိုးရအားလုံးသည် စားနပ်ရိက္ခာလုံခြုံရေးအတွက် အပြည့်အဝတာဝန်ယူခဲ့ရသည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့်ဗဟိုစီးပွားရေးလုပ်ငန်းကွန်ဖရင့်၌ စားနပ်ရိက္ခာလုံခြုံရေးကို အဓိကဦးစားပေးလုပ်ငန်းတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ခဲ့သည်။ ၎င်းအစည်းအဝေးသို့ သမ္မတရှီကျင့်ဖျင်နှင့် ဝန်ကြီးချုပ်လီကီချန်းတို့တက်ရောက်ခဲ့ကြသည်။ မျိုးစေ့နှင့်စိုက်ပျိုးမြေတို့အပြင် ကောက်ပဲသီးနှံသိုလှောင်ထားနိုင်မှုသည် စားနပ်ရိက္ခာလုံခြုံရေးအတွက် များစွာအရေးကြီးလျက်ရှိကြောင်း ဆွေးနွေးခဲ့ကြသည်။

ဆန်၊ စပါးနှင့်ကောက်ပဲသီးနှံများဖူလုံစွာစိုက်ပျိုးထုတ်လုပ်ခြင်းအပြင် စိုက်ပျိုးမြေ ဟက်တာသန်း ၁၂၀ ကိုလည်း ယိုယွင်းပျက်စီးမှုမရှိအောင် ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် မြေလွတ်မြေရိုင်းများ ကာကွယ်စောင့်ရှောက်ရေးနှင့် ကောက်ပဲသီးနှံမျိုးစေ့များသိုလှောင်ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း၊ တရုတ်နိုင်ငံသည် စိုက်ပျိုးမြေနှင့်ကောက်ပဲသီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် အမျိုးသားအဆင့် အဆင့်မြင့်စိုက်ပျိုးမြေဖော်ထုတ်ရေးစီမံကိန်း (၂၀၂၁-၂၀၃၀) ကိုလည်း ထူထောင်သွားမည်ဖြစ်ကြောင်း၊ ၎င်းစီမံကိန်းအရ ၂၀၂၅ ခုနှစ်တွင် အဆင့်မြင့် လယ်ယာမြေ ၇၁ ဒသမ ၇၅ သန်း ဟက်တာနှင့် ၂၀၃၀ ပြည့်နှစ်တွင် ဟက်တာ သန်း ၈၀ ထိဖော်ထုတ်သွားရန်ရည်မှန်းထားရှိကြောင်း အဆိုပါညီလာခံ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့သည်။

စားနပ်ရိက္ခာတိုးမြှင့်ထုတ်လုပ်ရေးအပြင် တရုတ်နိုင်ငံသည် အခြားနိုင်ငံတစ်နိုင်ငံ သို့တည်းမဟုတ် နိုင်ငံများအပေါ် မှီခိုအားထားနေရမှုကို ရှောင်ရှားနိုင်ရန်အလို့ငှာ စားနပ်ရိက္ခာရရှိနိုင်သည့် ဈေးကွက်ပေါင်းစုံကို ရှာဖွေလျက်ရှိသည်။ သာဓကအနေဖြင့် တရုတ်အစိုးရ၏ "စားနပ်ရိက္ခာပိုးလမ်းမ" စီမံကိန်းသည် အာဖရိကနှင့်လက်တင်အမေရိကအပါအဝင်ကမ္ဘာတစ်ဝန်းရှိ ဒေသအသီးသီးမှစားနပ်ရိက္ခာများ တင်သွင်းသွားရန်ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။ လက်ရှိအချိန်ထိ တရုတ်နိုင်ငံသည် "ရပ်ဝန်းနှင့်ပိုးလမ်းမ" စီမံကိန်းအကောင်အထည်ဖော်လျက်ရှိသည့်နိုင်ငံများနှင့် စိုက်ပျိုးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် ၁၀၀ ကျော်ကိုလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ စားနပ်ရိက္ခာပိုးလမ်းမ၏တစ်စိတ်တစ်ဒေသအနေဖြင့် တရုတ်နိုင်ငံသည် ပင်လယ်ရပ်ခြားဒေသများတွင် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များချုပ်ဆိုခြင်း၊ အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံခြင်း၊ ပြည်ပနိုင်ငံများတွင် လယ်ယာမြေဝယ်ယူခြင်းတို့မှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာတင်သွင်းမှုကွင်းဆက်ကိုပြန်လည်တည်ဆောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ အထူးသဖြင့် မကြာသေးမီအချိန်အတွင်းကပင် အီဂျစ်၊ ကမ္ဘောဒီးယား၊ ပါကစ္စတန်ကဲ့သို့သော နိုင်ငံများနှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံသည် စားနပ်ရိက္ခာတင်သွင်းရေးအတွက် အစားထိုးဈေးကွက်များဆက်လက်ရှာဖွေရန်လည်း စိတ်အားထက်သန်လျက်ရှိသည်။

တရုတ်နိုင်ငံသည်စိုက်ပျိုးရေးနည်းပညာနှင့် ဇီဝနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စိတ်အားထက်သန်လျက်ရှိသည်။သာဓကအနေဖြင့် မျိုးစေ့အရည်အသွေးမြှင့်တင်ခြင်း၊ မျိုးရိုးဗီဇသန့်စင်ခြင်းနှင့် တိရစ္ဆာန်များနှင့်အပင်များအတွက် မျိုးရိုးဗီဇအဆင့်မြှင့်တင်ခြင်း စသည့်နည်းပညာများသည် စားနပ်ရိက္ခာလုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများဖြေလျှော့ပေးနိုင်မည့်အဖြေကို ရှာဖွေပေးနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် စိုးရိမ်ပူပန်နေဖွယ်ရာရှိသည်။ ထို့ကြောင့် တရုတ်အစိုးရသည်ပြည်သူများ၏ စိုးရိမ်ပူပန်မှုကိုဖြေလျှော့ပေးနိုင်ရန်အတွက် စားနပ်ရိက္ခာလုံခြုံရေးမဟာဗျူဟာများကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

**ပြည်တွင်းလိုအပ်ချက်နှင့်စားသုံးမှုလျှော့ချခြင်း**

ဒုတိယနည်းလမ်းသည် မူဝါဒများချမှတ်ပြီးလှုပ်ရှားမှုများဖော်ဆောင်ခြင်းမှတစ်ဆင့် ပြည်တွင်းလိုအပ်ချက်ကို လျှော့ချသွားရန်ပင်ဖြစ်သည်။ တရုတ်နိုင်ငံသည် ကောက်ပဲသီးနှံများကို ဆက်တိုက်ရိတ်သိမ်းလျက်ရှိသော်လည်း တရုတ်ခေါင်းဆောင်များကမူ စားနပ်ရိက္ခာလေလွင့်ဆုံးရှုံးမှုများမဖြစ်ပေါ်ရေးအတွက် အကြိမ်ကြိမ်ညွှန်ကြားလျက်ရှိသည်။ ထိုသို့ ခြိုးခြံချွေတာခြင်းသည် လေလွင့်ဆုံးရှုံးမှုကိုလျှော့ချနိုင်သည့်အပြင် လက်လီလက်ကား ရောင်းချသူများနှင့် စားသုံးသူများအနေဖြင့် စီးပွားရေးအရလည်းတွက်ခြေကိုက်မည်ဖြစ်သည်။ ထို့ကြောင့် သမ္မတရှီကျင့်ဖျင်သည် ၂၀၁၃ ခုနှစ်တွင် နိုင်ငံတစ်ဝန်း၌ စားနပ်ရိက္ခာလေလွင့်ဆုံးရှုံးမှုလျှော့ချရေးလှုပ်ရှားမှုကို လုပ်ဆောင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင်လည်း ထပ်မံလုပ်ဆောင်ခဲ့သည်။ အစိုးရတာဝန်ရှိသူများ ဦးစီးကျင်းပလေ့ရှိသည့် ခမ်းနားကြီးကျယ်သောပွဲတော်များနှင့် ညည့်ခံပွဲများကို ရည်ရွယ်ကာ ၂၀၁၃ ခုနှစ်တွင် "အစားအစာကုန်အောင် စားသုံးရေးလှုပ်ရှားမှု" လုပ်ဆောင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင်လုပ်ဆောင်ခဲ့သည့် "သင့်ပန်းကန်ထဲရှိ အစားအစာကို ကုန်အောင်စားပါ" လှုပ်ရှားမှုသည် ပိုမိုထိရောက်ခဲ့သည်။ အထူးသဖြင့် စားသောက်ဆိုင်များနှင့် ကျောင်းဈေးတန်းများရှိ ဆိုင်များသည် အစားအစာဖြုန်းတီးမှုဆန့်ကျင့်ရေးပိုစတာများ ကပ်ထားပြီး ပြည်တွင်းမီဒီယာများကလည်း ခြိုးခြံချွေတာရေးအတွက်ပညာပေးဆောင်းပါးများကို ပုံနှိပ်ထည့်သွင်းဖော်ပြခဲ့သည်။

ထိုလှုပ်ရှားမှုများကို အထောက်အကူပြုစေရန်အတွက် ပြည်သူ့ကွန်ကရက် အမြဲတမ်းကော်မတီသည် ၂၀၂၁ ခုနှစ် ဧပြီလတွင် အမျိုးသားစားနပ်ရိက္ခာဖြုန်းတီးမှုဆန့်ကျင့်ရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ချက်ချင်းအကောင်အထည်ဖော်ခဲ့သည်။ ပြည်သူ့ကွန်ကရက်အမြဲတမ်းကော်မတီကိုယ်စား တရုတ်ပညာရေးသိပ္ပံအဖွဲ့မှ အစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့သောကြောင့် ၎င်းဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

**နိဂုံး**

မည်သို့ပင်ဆိုစေ စားနပ်ရိက္ခာလုံခြုံရေးသည် တရုတ်ခေါင်းဆောင်များအတွက် ဦးစားပေးတာဝန်တစ်ရပ်ပင်ဖြစ်ပြီး လက်ရှိခေါင်းဆောင်များအနေဖြင့်လည်း မဖြစ်မနေဆောင်ရွက်ရမည့်တာဝန်တစ်ရပ်ပင်ဖြစ်သည်။ တရုတ်နိုင်ငံသည် အခြားနိုင်ငံများနည်းတူ ပြည်တွင်းစိုးရိမ်ပူပန်မှုများကြောင့် စိုက်ပျိုးရေးစက်မှုလုပ်ငန်းတွင်ဖိအားများနှင့်လည်း ရင်ဆိုင်ရလျက်ရှိသည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံများ၏ အမျိုးမျိုးသောစိန်ခေါ်မှုများကြားတွင် တရုတ်နိုင်ငံအနေဖြင့် စားနပ်ရိက္ခာလုံခြုံရေးဆိုင်ရာမဟာဗျူဟာများကိုလက်တွေ့ကျကျအကောင်အထည်ဖော်သွားနိုင်ပါ့မလားဆိုသည်ကို စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။

**ကိုးကား**

- **China's Evoloving Food Security Strategy by The Diplomat Magazine.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၁၅၀ စိုက်ပျိုးပြီးစီး



**ထီးချိုင့် နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၁၈၂၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

"ဒီနှစ် ထီးချိုင့်မြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံဧက ၁၈၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၂၁၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီသီး စတဲ့ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို အသိပညာပေးလျက်ရှိပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ယခုနှစ် ထီးချိုင့်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သောသီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# အောင်လံမြို့နယ် သပြေပင်ကျေးရွာ၌ မြေထိန်းနံရံတည်ဆောက်နေမှု စစ်ဆေး

**အောင်လံ နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် သပြေပင်ကျေးရွာအုပ်စု သပြေပင်ကျေးရွာ၌ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ သပြေပင်ကျေးရွာ၌ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များအနေဖြင့် စီမံကိန်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။

သပြေပင်ကျေးရွာတွင် မြေထိန်းနံရံအရှည် ပေ ၃၀ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၇၇၀၀၀၀ အသုံးပြု၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းပြီးစီးပါက ကျေးရွာ၌ ရေတိုက်စားခြင်းကြောင့် ကမ်းပါးပြိုကျမှုဒဏ်မှ ကင်းဝေးစေမည်ဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီထံမှ သိရသည်။

**ကိုလှိုင်**

# မြို့မငြိမ်းရဲ့ ဂီတဂုဏ်ရည်

မောင်သင်းထုံ(ကျောက်မဲ)



တေးရေးဆရာ မြို့မငြိမ်း

ဆရာမြို့မငြိမ်းက တေးသီချင်းတွေရေးတော့ အဲဒီသီချင်းလေးတွေမှာက သူ့နောက်ကြောင်းရာဇဝင်နဲ့သူ ရှိကြတယ်။ စိုးနှောင့်ဖျာပွေဆိုတဲ့ သီချင်းဆိုပါတော့ "ယဉ်ကြော့ကြော့၊ ပင်နော့နော့ညာတံငွေ၊ လေဆော့ရာယိမ်းကာနွဲ့ကာနေ၊ ပုံ့မွှေးကြူထုံသင်းတယ် မာလာငွေ၊ မူနွဲ့သူယဉ်တဲ့ ချိုပြုံးမေ" ဆိုတာ ချစ်သူကို ပန်းလေးတစ်ပွင့်လို တင်စားရေးဖွဲ့ထားတာ။ အဲဒီပန်းကလေးကို ပျားပိတုန်းတွေက ရစ်ဝဲကြမှာစိုးတဲ့အကြောင်းရေးဖွဲ့ထားတာပါ။ သီချင်းရဲ့နောက်ကြောင်းက ဆရာမြို့မငြိမ်းနဲ့ခင်မင်တဲ့ လူငယ်လေးတစ်ယောက်။ သူ့မှာချစ်သူရည်းစားရှိတယ်။ တစ်နေ့ အဲဒီရည်းစားက ထီပေါက်ပြီး ချမ်းသာသွားခဲ့တော့ သူ့ချစ်သူကိုရမှရပါအုံးမလား၊ စိုးရိမ်ပူဖျာပွေတဲ့အကြောင်း ရေးထားတာပါ။

ဆရာမြို့မငြိမ်းဟာ သူ့သီချင်းထဲမှာ ပီပြင်ပေါ်လွင်သွားအောင်လို့ ဘာမဆိုရေးရဲ၊ ထည့်ရဲတယ်။ သူက "စမ်း"ပြီး လုပ်ကြည့်တတ်တယ်။ ဒီလိုနဲ့အောင်မြင်ခဲ့တဲ့သီချင်းတွေလဲရှိတာပေါ့။ သီချင်းတွေထဲမှာ အာရုံငါးပါးထဲက "အသံ"ကို ထည့်စပ်တာ အဲဒါ မြို့မငြိမ်းပါပဲ။ ဂျပန်ခေတ် ဆရာမြို့မငြိမ်း စစ်ရှောင်တုန်း စစ်ကိုင်းတောင်ရိုးဘက်စစ်ပြေးကြတော့ စပ်ထားတဲ့ ရေချိုးဆိပ်ဆိုတဲ့ သီချင်းကိုကြည့်ကြည့်။

"အိပွဲ့အိပွဲ့ငှက်သမွန်ခတ်သွားတယ်။ ကြည့်ကွဲ့ ကြည့်ကွဲ့ ညည်းလူဟာ ကြောင်လွန်းတယ်။ တစုတဝေးလုံမငယ်၊ ကျိတ်ပုန်းစားကြတယ်။ ရေချိုးနေရင်းကွယ် လျောင်ပြုံးပြုံးကြတယ်။ ကုန်းပေါ်က လူပျိုလေးရယ်၊ ဘာကိုငေးတယ် သိနိုင်ပြီဘူးကွယ်"လို့ ဆရာမြို့မငြိမ်းက စပ်ဆိုပါတယ်။

ဒီအထဲမှာ "အိပွဲ့အိပွဲ့"ဆိုတာက မြည်သံစွဲဖြစ်ပြီး မြစ်ထဲက ငှက်သမွန်တွေရဲ့ခတ်သံပါ။ မြင်းခင်းတော်သီချင်းတုန်းကတော့ "ခွာသံချင်းယှက်၊ ဂေါက်ဂက် ဂေါက်ဂက် ဘယ်ညာမြိုင်မြိုင်ချီ"ဆိုပြီး မြင်းခွာသံကို သီချင်းထဲထည့်ရေးတယ်။ မြင်းခင်းသဘင်ပွဲ သီချင်းနားထောင်နေသူဟာ၊ မြင်းခွာသံတွေပါ ကြားလာရတယ်။ ဒါမြို့မငြိမ်းရဲ့အစွမ်းပါပဲ။ ခင့်အိပ်မက် သီချင်းထဲမှာတော့ "အိမ်တောင် ပညောင်ကိုင်းကမြည်၊ သူတို့ချင်းကြိတ်ကြသံ၊ တကျည်ကျည်"တဲ့ ညောင်ကိုင်းချင်းကြိတ်သံ လူသာမန် ဘယ်သတိထားမိကြပါ့မလဲ။ သတိထားမိရင်တောင်၊ အသံကဘယ်လိုမြည်တာတဲ့လဲ။ သကြိန်သီချင်း ဆရာမြို့မငြိမ်းကရေးတော့ "တူးပိုတူးပို"သံထည့်ရေးတယ်။

ဆရာမြို့မငြိမ်းဟာ မြန်မာစာ၊ မြန်မာစကား၊ မြန်မာဝေါဟာရတွေမှာလဲ တော်တော်ကိုနှံ့စပ်တာပါ။ သူရေးတဲ့သီချင်းတွေထဲ ထည့်သုံးသွားတာကြည့်ပါ။ ရေချိုးဆိပ်သီချင်းထဲမှာပါတယ်။ "တစုတဝေး လုံမငယ်၊ ကျိတ်ပုန်းစားကြတယ်"တဲ့။ ကျိတ်ပုန်းစားဆိုတဲ့စကားက မှိန်မြုပ်နေတဲ့စကားလုံးပါ။ ဆရာက ဖော်သုံးလိုက်မှပဲ ကောင်မလေးတွေ အချင်းချင်းကျိတ်နောက်ကြပုံဟာ ပေါ်လွင်လာပါတယ်။

ဆရာမြို့မငြိမ်းဟာ အပြင်မှာ လူကတည်တည်ခန့်ခန့်ကြီးသာနေတာ လူကြီးက ဟာသဓာတ်ခံလဲ ရှိသတဲ့။ ရမ်းသန်းပြောတာမဟုတ်ပါ။ သူ့ရဲ့ ကသစ်ပန်းလို့ခေါ်ကြတဲ့ သခွတ်ပန်းသီချင်းထဲမှာ သခွတ်ပွင့်ချိန်၊ အသူရိန်ဝတီသာဆင်းတဲ့အခါ သားမက်နဲ့ယောက္ခမ၊ သိကြားနဲ့အသူရာတို့ စစ်ခင်းကြလို့ မိုးရွာတဲ့အကြောင်း ရေးထားတာပါ။ အဲဒီသီချင်းမှာ ဆရာမြို့မငြိမ်းက တစ်ပုဒ်လုံး ခန့်ခန့်ထည်ထည်ကြီး ရေးလာပြီးမှ အဆုံးလဲကျရော "ယောက္ခမဆိုတာ တည်အောင်ပေါင်း ကျောင်းထုတ်၊ ဥပုသ်ရက်ရှည်စောင့်ခိုင်းပါ"ဆိုပြီး လုပ်ချသွားခဲ့တာရော။ သူ့ရဲ့အတွင်းစိတ် ဟာသဉာဉ်က သီချင်းထဲထိ ခုန်ဆင်းချလာပုံရပါတယ်။

ဆရာမြို့မငြိမ်းရေးဖွဲ့ခဲ့တဲ့ မြင်းခင်းတော်၊ ရေခင်းတော်၊ နတ်ရှင်နောင်စတဲ့သီချင်းတွေဟာ မြန်မာတို့ ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်ထီးကိုယ့်နန်းနဲ့နေခဲ့ကြတုန်းက မြန်မာတို့ဆင်ယင်ခဲ့ကြတဲ့ မြင်းခင်းသဘင်၊ ရေခင်းသဘင်ပွဲတွေမှာ မြန်မာတို့ရဲ့ စစ်ချီစစ်တက်ပုံတွေကို ရေးဖွဲ့ထားတာပါ။ ဆရာမြို့မငြိမ်းရဲ့သီချင်းတွေကြားမိဆိုမိတာနဲ့ တို့မြန်မာတွေဆိုတာ အတိတ်ရှိသော လူမျိုးတွေပါလားလို့ ကြည်နူးပြီးမှ ကိုယ့်တိုင်းပြည်အပေါ်ချစ်တဲ့ မျိုးချစ်စိတ်တွေလဲ မြတ်နိုးတက်ကြွခဲ့ကြရပါတယ်။

"ပြာရီမှိုင်းကာမှိုမှို ညို့ညို့ညိုလွှင်၊ ညင်းလေပြေ သွေးလို့သာ ဖေးမကူချင်၊ တိမ်လွှာလေးတွေပြေးကာ၊ တရွေ့ရွေ့ယူငင်၊ ပြုံးလျှောင်ကာ ငြိုးဝင့်ပုံ မိုးပစ္စုန်ရှင်"

ဆရာမြို့မငြိမ်းဟာ တိမ်လွှာမှိုမှိုလွှင်သီချင်းကို ရုပ်ရှင်ဇာတ်လမ်းထဲမှာ မင်းသမီးလေးအတွက် အလွမ်းပို့ပေးဖို့ ရေးစပ်တဲ့သီချင်းပါ။ ဒီသီချင်းမှာ စာသားတွေက အသံ၊ အသံတွေကပဲ စာသား၊ သီဆိုသံကြားရသူ၊ သီဆိုရတဲ့သူတွေအတွက် မိုးတိမ်ကလေးတွေ ရွေ့နေတုန်း၊ ဖော်မဲ့သူရဲ့အတွေးကိုပါ အကစားခံလိုက်ရသလို အရသာလေးမျိုး ခံစားရတဲ့သီချင်းပါ။

မြို့ချစ်ဘမော်ဇာတ်ထဲမှာ ဆရာမြို့မငြိမ်း ရေးပေးခဲ့တဲ့ ပြဇာတ်သီချင်းတစ်ပုဒ်ရှိတယ်။ အဲဒီသီချင်းမှာ ဆရာရေးထားပုံက ရှစ်လုံးဘွဲ့သံပေါက်လို၊ သီချင်းတွေက ကိုးလုံးသုံးခါ၊ ၁၃ လုံးတစ်ခါနဲ့ စနစ်တကျရေးထားတာကိုတွေ့ရပါတယ်။ ပြဇာတ်ထဲမှာ စော်ဘွားသမီးဆိုတဲ့သီချင်းက-

ခြေတစ်လှမ်းလှမ်း ရွှေတစ်သန်းပဲယဉ်(ကိုးလုံး)
ကြာမျက်ခုံးမွှေး သွယ်သွယ်သေးမျှင်ထင်(ကိုးလုံး)
မျက်နှာထားလေးက သာချိုကာရှင်(ကိုးလုံး)
ဖော့အွင့်ငွေသွင် ခင်မူမူပင်လှမ်းလို့သာ ညင်ညင်(၁၃လုံး)

အဲဒီလိုရေးထားတာတွေ့ရတယ်။ အတူတူပဲ။ အခြားအပိုဒ်တွေမှာလဲ ၉-၉-၉-၁၂၊ ၉- ၉- ၉- ၁၁ လို့ရေးထားတော့ ဒါဆရာမြို့မငြိမ်းရဲ့ တီထွင်ဆန်းသစ်မှုပေပဲလားပေါ့။ ဆရာဟာ ကာရန်နဲ့စကားလုံးတွေကို အလွန်ဂရုစိုက်သူပါ။ စာတစ်ပုဒ်ကို ကဗျာတစ်ပုဒ်လိုလဲ ရေးစပ်ခဲ့ပြန်ပါတယ်။

ဆရာမြို့မငြိမ်းဟာ မြန်မာ့ရိုးရာမဟာဂီတနဲ့ အနောက်တိုင်းတေးဂီတတို့ရဲ့ ကျောရိုးသဘောတရားတွေကို ထဲထဲဝင်ဝင် ရိပ်မိသဘောပေါက်သူတစ်ယောက်ပါ။ ဒါပေမဲ့ ဆရာမြို့မငြိမ်းဟာ သူတကယ်သီချင်းရေးစပ်တော့ သီချင်းထဲမှာပါတဲ့ တီးကွက်တွေဟာ မဟာဂီတမှလဲမဟုတ်၊ အနောက်တိုင်းက ဖွဲ့စည်းပုံမျိုးလဲမဟုတ်တဲ့ ဟန်တစ်မျိုးနဲ့ ရေးထားတဲ့ တီးကွက်တွေဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ဆရာမြို့မငြိမ်းဟန်က မြန်မာတွေကြိုက်ကြတဲ့ မြန်မာ့ဟန်ပါ။ ဆရာမြို့မငြိမ်းရဲ့ ဟန်သစ်ကို မန်ဒါလီသီချင်းနဲ့ တုံ့လှယ့်မေတ္တာသီချင်းတွေမှာတွေ့ရပါတယ်။ ဆရာမြို့မငြိမ်းရဲ့ ပင်ကိုဉာဏ်က မွေးထုတ်ပေးတဲ့ တီးကွက်တွေဟာ မြန်မာ့စရိုက်ကို ပေါ်လွင်တာမို့ ချစ်စရာကောင်းလှပါတယ်။

ဆရာမြို့မငြိမ်းရေးစပ်တဲ့ သီချင်းကို အတီးသမားတွေကလဲ နှစ်ခြိုက်ကြတယ်။ သီချင်းရေးဆရာတွေဟာ သီချင်းချပေးရင် စခွန့်နဲ့စည်တိုကို ဘယ်လိုလိုက်ရမလဲလို့ အတီးသမားတွေကမေးရင် မဖြေတတ်ကြပါဘူး။ အချို့သီချင်းတွေက ဝါးလက်စည်းနဲ့စပ်ထားတာမို့ နရီစည်းနဲ့လိုက်ရင် စည်းကျိုးတတ်ပါတယ်။ ဆရာမြို့မငြိမ်းကတော့ သူ့သီချင်းကို စည်းအမျိုးမျိုး တီးလို့ရအောင် စပ်သူပါ။ ဆရာမြို့မငြိမ်းက သူ့သီချင်းအတွက် အဆစ်သမားကိုလဲ အံကျချပေးနိုင်တယ်။ ဆရာမြို့မငြိမ်းရဲ့ သီချင်းတွေဟာ ကူးသံဆက်သံ အလွန်ကောင်းတော့ ဆိုင်းသမားတွေဆိုတာ တီးရရင်ပျော်နေကြတာပါ။

**❖ ဆရာမြို့မငြိမ်း ရေးစပ်တဲ့သီချင်းကို အတီးသမားတွေကလဲ နှစ်ခြိုက်ကြတယ်။ သီချင်းရေးဆရာတွေဟာ သီချင်းချပေးရင် စခွန့်နဲ့စည်တိုကို ဘယ်လိုလိုက်ရမလဲလို့ အတီးသမားတွေကမေးရင် မဖြေတတ်ကြပါဘူး။ အချို့သီချင်းတွေက ဝါးလက်စည်းနဲ့စပ်ထားတာမို့ နရီစည်းနဲ့လိုက်ရင် စည်းကျိုးတတ်ပါတယ်။ ဆရာမြို့မငြိမ်းကတော့ သူ့သီချင်းကို စည်းအမျိုးမျိုးတီးလို့ရအောင် စပ်သူပါ။ ဆရာမြို့မငြိမ်းက သူ့သီချင်းအတွက် အဆစ်သမားကိုလဲ အံကျချပေးနိုင်တယ်။ ဆရာမြို့မငြိမ်းရဲ့ သီချင်းတွေဟာ ကူးသံဆက်သံ အလွန်ကောင်းတော့ ဆိုင်းသမားတွေဆိုတာ တီးရရင်ပျော်နေကြတာပါ။ ❖**

ဆရာမြို့မငြိမ်းဟာ ဂီတကိုအခြေခံကစပြီး နားလည်ခဲ့တဲ့သူပါ။ မြန်မာ့တူရိယာကနေ အနောက်တိုင်း ဂီတသံထွက်အောင် တီးနိုင်သလို အနောက်တိုင်းတူရိယာပစ္စည်းတွေနဲ့လဲ မြန်မာသံထွက်အောင် တီးခိုင်းဖို့ ဆရာမြို့မငြိမ်းဟာ အကြိမ်ကြိမ်အခါခါ စမ်းသပ်ခဲ့ပါတယ်။ စမ်းသပ်သမျှဟာလဲ အောင်မြင်ခဲ့တာချည်းပါပဲ။

ဆရာမြို့မငြိမ်းက တစ်ခုခုကိုလုပ်တော့မယ်ဆိုရင် အလွန်ဇွဲနပဲကြီးသူ၊ အပင်ပန်းလဲခံနိုင်သူပါ။ ပြည်ထောင်စုရေသဘင်ပွဲနှစ်က အမရပူရမှာရှိတဲ့ A.M.B.A မော်တော်ယာဉ်အသင်းက ရေပက်ခံကားထွက်မှာမို့ ရေပက်ခံတီးဝိုင်းတစ်ခုဖွဲ့ပေးဖို့ ဆရာမြို့မငြိမ်းကို အကူအညီတောင်းလာကြပါတယ်။ ရေပက်ခံထွက်ရင် ရေမစိုတဲ့ ကြေးတပ်တူရိယာ၊ လေမှုတ်ကိရိယာတွေပဲရှိတာ၊ ပုံတွေပတ်တွေက ရေစိုမခံဘူး၊ အဲဒီခေတ်က အနောက်တိုင်းတူရိယာတွေကလဲ နာမည်ကြီးလှတော့ ဆရာမြို့မငြိမ်းက အမရပူရမော်တော်ယာဉ်အသင်းအကြိုက် တီထွင်ပေးလိုက်ပါတယ်။ ပလွေတွေက အချောင်း ၈၀၊ ဘူးသီးခြောက်ထဲ မန်းကျည်းစေ့ထည့်လှုပ်တဲ့ ဘူးခြောက်စည်၊ ရေစည်ပိုင်းကို သားရေကြက်ထားတဲ့ စည်တိုတစ်လုံးနဲ့ ကလယ်ရီနက်တစ်ချောင်း စီစဉ်ပေးခဲ့ဖူးပါတယ်။ ဆရာမြို့မငြိမ်းရဲ့ တီထွင်ဆန်းသစ်ချက်တစ်ရပ်ပေါ့။

"နှစ်ယောက်ထဲနေချင်တယ်" သီချင်းပေါ်ခါစက ဒီသီချင်းဟာ နန်းတော်ရှေ့ဆရာတင်ရေးတာ၊ ဆရာမြို့မငြိမ်းရေးတာနဲ့ အငြင်းပွားခဲ့ကြဖူးပါတယ်။ ပန်းချီနဲ့ ကာတွန်းတွေမှာ ကိုယ်ပိုင်ဟန်ရှိသလိုမျိုး သီချင်းတွေမှာလဲ "ဟန်"ဆိုတာရှိပါတယ်။ နန်းတော်ရှေ့ဆရာတင်ရေးတဲ့ သီချင်းတချို့မှာ သူ့နာမည်ထည့်ရေးလေ့ရှိပေမဲ့ နာမည်ထည့်မရေးတဲ့သီချင်းတွေလဲရှိပါတယ်။ ဒီသီချင်းကတော့ ဆရာမြို့မငြိမ်းရေးတဲ့အကြောင်း ဟံသာဝတီသတင်းစာထဲမှာ အထောက်အထားနဲ့ ဝေဖန်ချက်ပါခဲ့ဖူးပါတယ်။

ဆရာမြို့မငြိမ်းဟာ သီချင်းစပ်ရာမှာ စည်းကပ်၊ ဝါးကပ်တွေကို သုံးလေ့သုံးထရှိပါတယ်။ တူနှစ်ကိုယ်တဲအိုပျက်မှာနေရ ဆိုတဲ့အပိုဒ်ကို နရီစည်းနဲ့ဆိုကြည့်ပါ။ ကျော့ရမဲ့နေရာမကျော့ဘဲ ဆက်ဆိုရင် စည်းကြိုးမှာပါ။ ဆရာမြို့မငြိမ်းရဲ့ သီချင်းတွေကို ဆိုရင် ပေါ့ပေါ့တန်တန် ဆိုလို့မရပါဘူး။ တော်ရုံတန်ရုံ မင်းသမီးတွေက ဆရာမြို့မငြိမ်းရဲ့သီချင်းတွေဆိုရမှာ ကြောက်ကြတယ်လို့ သိရပါတယ်။

ဆရာမြို့မငြိမ်းရဲ့ တေးသီချင်းအပုဒ်ပေါင်းများစွာဟာ မြန်မာတို့ရဲ့ မြတ်နိုးစရာဓလေ့စရိုက်တွေကို အတွေးအခေါ်အားဖြင့်လည်းကောင်း၊ အရေးအသားအားဖြင့်လည်းကောင်း တေးပြုဖွဲ့သီထားတဲ့အတွက် နောင်နှစ်ပေါင်းမြောက်မြားစွာ ကာလတန်ကြာရှည်တည်တံ့ ကျန်ရစ်နေအုံးတော့မှာ ဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

**ကိုးကား**

- **ပြည်သူချစ်သော အနုပညာသည်များ လူထုဒေါ်အမာ**

# စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲက အိမ်ကွင်းကစားပုံထက်မြက်နေတဲ့ မန်စီးတီးအသင်း၊ ဖရိုင်းဘတ်အသင်း၊ ဗလင်စီယာအသင်းတို့ကို အားပေးရမှာပါ

ML



အခုတစ်ပတ်မှာတော့ နိုင်ငံတကာပြိုင်ပွဲတွေပြီးဆုံးသွားတာကြောင့် အမှတ်ပေးပြိုင်ပွဲတွေကို ပြန်လည်ကစားမှာဖြစ်ပါတယ်။ လာမဲ့ စနေနေ့ညမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေရှိနေပေမဲ့ နိုင်ငံတကာပြိုင်ပွဲကာလအတွင်း ကစားသမားအများစုဟာ ခရီးပန်းမှုဒဏ်ကိုခံစားနေရသလို အချို့ကစားသမားတွေဟာ ဒဏ်ရာရရှိခဲ့ကြတာကိုတွေ့ရမှာပါ။ ဒါကြောင့် အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုမှာ အရန်ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းတွေကိုသာ အဓိကထားချဉ်းကပ်ရမှာဖြစ်ပြီး ကျန်ပွဲစဉ်တွေကတော့ အိမ်ကွင်းအားသာချက်နဲ့ ရမှတ်ရှာဖွေရမဲ့ အသင်းတွေကိုသာ ရွေးချယ်သွားမှာပါ။ လာမဲ့ စနေနေ့ညပွဲစဉ်တွေမှာတော့ အိမ်ကွင်းကစားပုံထက်မြက်နေပြီး တွေ့ဆုံမှုမှာအသာရထားတဲ့ အသင်းတွေကိုပဲ အဓိကအားပေးသွားရမှာဖြစ်ပါတယ်။

## မန်စီးတီးအသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ အမှတ်ပေးပွဲစဉ်မှာ ချဲလ်ဆီးအသင်းနဲ့ တွေ့ဆုံခဲ့ရာမှာ တစ်ဖက်လေးဂိုးစီနဲ့ သရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အဲဒီပွဲစဉ်မှာဦးဆောင်ဂိုးတွေရခဲ့ပြီးမှ ခံစစ်ပိုင်းအမှားတွေကြောင့် ချေပဂိုးတွေပြန်လည်ခွင့်ပြုခဲ့ရလို့ သရေတစ်မှတ်သာရရှိခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ လီဗာပူးလို ပြိုင်ဘက်ကောင်းနဲ့ တွေ့ဆုံနေတာကြောင့် ဂွါဒီယိုလာဟာ ချဲလ်ဆီးနဲ့ပွဲက လူစာရင်းအတိုင်း ပွဲထွက်လာဖို့များပါတယ်။ ဒါပေမဲ့ တိုက်စစ်မှူး ဟာလန်းကတော့ နိုင်ငံတကာပြိုင်ပွဲကာလအတွင်း ဒဏ်ရာရခဲ့တာကြောင့် လီဗာပူးနဲ့ပွဲကိုပါဝင်ဖို့မသေချာပါဘူး။ သူတို့အသင်းဟာ ပရီးမီးယားလိဂ်ပွဲစဉ် ၁၂ ပွဲအပြီးမှာ နှစ်ပွဲသာရှုံးခဲ့ပြီး အဲဒီပွဲစဉ်တွေကလဲ အဝေးကွင်းပွဲစဉ်တွေသာ ဖြစ်နေသလို အိမ်ကွင်းပွဲစဉ်တွေမှာတော့ ရှုံးပွဲမရှိခဲ့တာကိုသတိပြုရမှာပါ။ သူတို့အသင်းဟာ လက်ရှိဒဏ်ရာရကစားသမားတွေများနေပေမဲ့ အရန်ကစားသမားအင်အားတောင့်တင်းသလို ဂွါဒီယိုလာရဲ့ နည်းစနစ်ပိုင်းကလဲ လီဗာပူးကိုထိန်းချုပ်နိုင်မှာဖြစ်လို့ နိုင်ပွဲရှာဖွေနိုင်မှာ သေချာနေပါတယ်။

အခုရာသီမှာ လီဗာပူးအသင်းဟာ ၁၂ ပွဲကစားအပြီး ရှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး အမှတ်ပေးဇယားဒုတိယနေရာမှာ ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းပွဲစဉ်မှာ လူတန်လိုအသင်းကို သရေရလဒ်သာကစားနိုင်ခဲ့တဲ့ ခြေစွမ်းမျိုးကတော့ အားရစရာမရှိပါဘူး။ အဲဒီပွဲစဉ်မှာ တိုက်စစ်မှူး ဒါဝင်နူနက်ဟာ အပိုင် အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့တာကြောင့် ရမှတ်ခွဲယူသွားရတယ်လို့ဆိုရမှာပါ။ ဒါ့ပြင် လီဗာပူးအသင်းဟာ မန်စီးတီးအိမ်ကွင်းမှာကစားခဲ့တဲ့ နောက်ဆုံးခုနစ်ကြိမ်ထိ နိုင်ပွဲမရခဲ့တာကြောင့်လဲ အိမ်ကွင်းကစားပုံကောင်းနေတဲ့ မန်စီးတီးအသင်းကိုပဲ အားပေးရမှာပါ။

### မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ယန်းဘွိုင်း | ၁ | - | ၃ | မန်စီးတီး |
| မန်ယူ | ၀ | - | ၃ | မန်စီးတီး |
| မန်စီးတီး | ၆ | - | ၁ | ဘုန်းမောက် |
| မန်စီးတီး | ၃ | - | ၀ | ယန်းဘွိုင်း |
| ချဲလ်ဆီး | ၄ | - | ၄ | မန်စီးတီး |

### လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၃ | - | ၀ | နော့တင်ဟမ် |
| ဘုန်းမောက် | ၁ | - | ၂ | လီဗာပူး |
| လူတန် | ၁ | - | ၁ | လီဗာပူး |
| တူးလော့ | ၃ | - | ၂ | လီဗာပူး |
| လီဗာပူး | ၃ | - | ၀ | ဘရန့်ဖို့ဒ် |

## ဖရိုင်းဘတ်အသင်းကို ရွေးချယ်ရမှာပါ

ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၁၂)မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဖရိုင်းဘတ်အသင်းနဲ့ ဒမ်စတက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖရိုင်းဘတ်အသင်းဟာ ပြီးခဲ့တဲ့ ပြိုင်ပွဲတွေမှာ တိုက်စစ်ကစားပုံကောင်းလာပေမဲ့ ခံစစ်ပိုင်းအားနည်းချက်တွေရှိခဲ့လို့ နိုင်ပွဲပျောက်ဆုံးနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးသုံးပွဲဆက်မှာ လေဗာကူဆင်၊ ဂလာဘတ်၊ လိုက်ပ်ဇစ်တို့နဲ့ ပွဲကျပ်ကစားခဲ့ရတာဖြစ်လို့ အခုလိုဒမ်စတက်လိုတန်းတက်အသင်းနဲ့တွေ့ချိန်မှာ တိုက်စစ်မြှင့်ကစားပြီး နိုင်ပွဲရှာရမှာပါ။ လက်ရှိ အမှတ်ပေးဇယားမှာလဲ ၁၁ ပွဲကစားအပြီး လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံးနဲ့ ရမှတ် ၁၄ မှတ်သာရခဲ့လို့ အဆင့်(၈)မှာရောက်ရှိနေတာဖြစ်ပါတယ်။ ဖရိုင်းဘတ်အသင်းဟာ နောက်ဆုံးသုံးပွဲ နိုင်ပွဲမရခဲ့တဲ့အပြင် အခုပွဲစဉ်ကိုလဲ ထပ်မံရှုံးခဲ့ရင် အမှတ်ပေးဇယားအဆင့်(၁၁)ထိ ကျဆင်းသွားနိုင်တာကြောင့် ဒမ်စတက်လို အားနည်းတဲ့ အသင်းနဲ့တွေ့ချိန်မှာ မဖြစ်မနေရမှတ်စုဆောင်းမှာသေချာပါတယ်။

အခုရာသီမှာ ဘွန်ဒက်လီဂါကို တန်းတက်လာတဲ့ ဒမ်စတက်အသင်းဟာ အမှတ်ပေးပွဲ ၁၁ ပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်ကြောင့် ရမှတ်ရှစ်မှတ်ရခဲ့ပြီး အဆင့်(၁၅)မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းနည်းပြက ကွင်းလယ်အသားပေးကစားပြီး ၃-၅-၂ ကစားကွက်ကိုအသုံးပြုခဲ့ပေမဲ့ ကွင်းလယ်က ကမ်ပီဒဏ်ရာရရှိပြီး နောက်ပိုင်း ကစားအားကျဆင်းသွားတာကြောင့် ရလဒ်တွေဆိုးရွားသွားခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ မိန့်ဇ်အသင်းကို ဂိုးမရှိသရေကစားနိုင်ခဲ့လို့ ရမှတ်တစ်မှတ် ရှာဖွေနိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိပြိုင်ပွဲမှာလဲ သူတို့အသင်း ခံစစ်ပိုင်းဟာ ပေးဂိုး ၃၂ ဂိုးထိရှိခဲ့လို့ ခံစစ်ပိုင်းပေးဂိုး အများဆုံးအသင်းဖြစ်နေတာကြောင့် နောက်ဆုံးရှစ်ပွဲဆက် တိုက်စစ်ပိုင်း ဂိုးသွင်းယူထားတဲ့ ဖရိုင်းဘတ်အသင်းတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့ မဖြစ်နိုင်ပါဘူး။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုသုံးကြိမ်မှာလဲ ဖရိုင်းဘတ်အသင်းက အသာရခဲ့တာကြောင့် အိမ်ရှင်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

### ဖရိုင်းဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၂ | - | ၁ | ဖရိုင်းဘတ် |
| ဖရိုင်းဘတ် | ၁ | - | ၃ | ပါဒါဘွန်း |
| ဖရိုင်းဘတ် | ၃ | - | ၃ | ဂလာဘတ် |
| ဖရိုင်းဘတ် | ၅ | - | ၀ | တိုပိုလာ |
| လိုက်ပ်ဇစ် | ၃ | - | ၁ | ဖရိုင်းဘတ် |

### ဒမ်စတက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဒမ်စတက် | ၄ | - | ၂ | အယ်ဗာဘက် |
| ဒမ်စတက် | ၁ | - | ၃ | လိုက်ပ်ဇစ် |
| ဘိုင်ယန်မြူးနစ် | ၈ | - | ၀ | ဒမ်စတက် |
| ဒမ်စတက် | ၁ | - | ၂ | ဘိုချမ် |
| ဒမ်စတက် | ၀ | - | ၀ | မိန့်ဇ် |

## ဗလင်စီယာအသင်း ရလဒ်ကောင်းမှာပါ

စပိန်လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဗလင်စီယာအသင်းနဲ့ ဆဲလ်တာဗီဂိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗလင်စီယာအသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းမှာ ရီးရဲလ်မက်ဒရစ်အသင်းကို ငါးဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရှာဖွေရမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ရီးရဲလ်မက်ဒရစ်ကို ဘောလုံးပိုင်ဆိုင်မှုရယူပြီး အပြန်အလှန်ခြိမ်းခြောက်မှုတွေ လုပ်နိုင်ခဲ့ပေမဲ့ ကစားသမားတွေ တစ်ယောက်ချင်းစွမ်းဆောင်ရည်ပိုင်းမှာ ယှဉ်မရတာကြောင့် ဂိုးပြတ်ရှုံးသွားခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းနည်းပြကတော့ တိုက်စစ်ပိုင်းမှာ ဟူဂိုဒူရိုနဲ့ လိုပက်ဇ်ကိုအထောင်ထားပြီး တွဲဖက်အသုံးပြုနေတာကြောင့် တိုက်စစ်ပိုင်းဂိုးရဖို့ လွယ်ကူနေတာဖြစ်ပေမဲ့ အဝေးကွင်းခံစစ်ပိုင်းက စိတ်မချရသေးတာဖြစ်ပါတယ်။ ဗလင်စီယာအသင်းဟာ လက်ရှိအမှတ်ပေးပွဲ ၁၃ ပွဲအပြီးမှာ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံးနဲ့ ရမှတ် ၁၈ မှတ်ရရှိခဲ့ပြီး အဆင့်(၉)မှာရပ်တည်နေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အဆင့်(၁၀)၊ (၁၁)၊ (၁၂)က အသင်းတွေနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် အခုပွဲကိုရှုံးခဲ့ရင် အမှတ်ပေးဇယားအောက်ကိုကျရောက်သွားနိုင်ပါတယ်။ သူတို့အသင်းဟာ လက်ရှိအိမ်ကွင်းခြောက်ပွဲမှာလေးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ် ကစားနိုင်ခဲ့သလို တိုက်စစ်ပိုင်းကလဲ သွင်းဂိုးရှစ်ဂိုးထိ သွင်းယူထားနိုင်တာကြောင့် ဆဲလ်တာဗီဂိုလို ခြေစွမ်းပိုင်းကျဆင်းနေတဲ့ အသင်းကို ဂိုးရဖို့သေချာသလောက်ရှိပါတယ်။ လက်ရှိခြေစွမ်းပိုင်းကလဲ နောက်ဆုံးငါးပွဲမှာ ရီးရဲလ်မက်ဒရစ်တစ်သင်းတည်းကိုသာ ရှုံးခဲ့ပြီး ခြေရည်တူအသင်းတွေအားလုံးကို နိုင်ပွဲရယူခဲ့တာကိုတွေ့ရမှာပါ။

နည်းပြဘင်နီတက်ဇ် တာဝန်ယူနေတဲ့ ဆဲလ်တာဗီဂိုအသင်းဟာ အမှတ်ပေးပွဲ ၁၃ ပွဲမှာ တစ်ပွဲသာအနိုင်ရခဲ့တာကြောင့် ရမှတ် ခုနစ်မှတ်နဲ့ အဆင့်(၁၈)မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ ဒါ့ပြင် ဝါရင့်တိုက်စစ်မှူး အက်စ်ပက်ကလဲ ဂိုးရဖို့ရှန်းကန်နေရတာကြောင့် ဆဲလ်တာဗီဂိုတိုက်စစ်ပိုင်း ကျဆင်းသွားခဲ့ပြီး လက်ရှိအချိန်ထိ သွင်းဂိုး ၁၄ ဂိုးသာ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြဘင်နီတက်ဇ်ကတော့ တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ အစွမ်းကုန်ကြိုးစားနေပေမဲ့ ခံစစ်ပိုင်းက အမှားများနေတာကြောင့် နောက်ဆုံးငါးပွဲမှာ ၁၁ ဂိုးထိ ပေးခဲ့ရတာကိုတွေ့ရမှာပါ။ ဒါ့ပြင် ဘင်နီတက်ဇ်ဟာ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်အသားပေးကစားပြီး ပြိုင်ဘက်ကိုပွဲချိန်ပြည့်ဖိအားပေးဖို့ ကြိုးစားခဲ့ပေမဲ့ ခံစစ်ကစားသမားတွေ တိုက်စစ်အလွန်အကျွံလိုက်ပါနေမှုက အသင်းရဲ့ရလဒ်ပိုင်းကို ဆိုးရွားနေခဲ့တာသတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ အိမ်ကွင်းကစားပုံကောင်းနေတဲ့ ဗလင်စီယာကို တိုက်စစ်ဖွင့်ကစားလာမယ်ဆိုရင်တော့ ဂိုးပေးရဖို့သေချာနေပြီး ဗလင်စီယာကလဲ ဂိုးရတာနဲ့ ပြိုင်ပွဲကိုထိန်းချုပ်ဖို့ ကြိုးစားလာမှာဖြစ်တာကြောင့် နှစ်သင်းပေါင်း ဂိုးနည်းနိုင်ပြီး အိမ်ရှင်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

### ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၂ | - | ၀ | ကာဒီဇက် |
| ဘီလ်ဘာအို | ၂ | - | ၂ | ဗလင်စီယာ |
| လော့ရှိနက်စ် | ၀ | - | ၂ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၀ | ဂရန်နာဒါ |
| ရီးရဲလ်မက်ဒရစ် | ၅ | - | ၁ | ဗလင်စီယာ |

### ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၀ | - | ၃ | အေတီကို |
| ဂျီရိုနာ | ၁ | - | ၀ | ဆဲလ်တာဗီဂို |
| တူရီဂါနို | ၀ | - | ၄ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၁ | ဆီဗီလာ |
| ဘီလ်ဘာအို | ၄ | - | ၃ | ဆဲလ်တာဗီဂို |

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၉၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၇၅၅၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြေပဲ ၃၄၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကလေးခရိုင်အတွင်း ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲဧက ၄၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ မြေပဲဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ ဆောင်းမြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်အောင် ဆောင်ရွက်နေပါတယ်။ မြေပဲစိုက်ပျိုးရာမှာလဲ တစ်ဧက အထွက်နှုန်းတိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းမြေပဲကို မြို့နယ်အလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၉၂၆ ဧက၊ ကလေးဝမြို့နယ်တွင် ၂၀၂ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၂၃၅၇ ဧက စုစုပေါင်း မြေပဲ ၃၄၉၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် ဆောင်းမြေပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၉၅၁၃ ဧက၊ ကလေးဝမြို့နယ်တွင် ၃၄၈၆ ဧက၊ မင်းကင်းမြို့နယ်တွင် ၂၄၅၅၈ ဧက စုစုပေါင်း ၄၇၅၅၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းမြေပဲစိုက် တောင်သူများကို ဆောင်းမြေပဲ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကလေးခရိုင်တွင် ဆောင်းမြေပဲစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ မြေပဲ ၄၇၅၅၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မြေပုံမြို့နယ် ကျောက်တန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြေပုံ နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း (CFW)ဖြင့် ပဲကောက်ကျေးရွာအုပ်စု ကျောက်တန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းနွယ်နှင့် စီမံကိန်းတာဝန်ခံများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျောက်တန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းနွယ်က ရေရရှိရေးလုပ်ငန်းကိုသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကျောက်တန်းကျေးရွာ၌ ရေရရှိရေးအတွက် အရှည်ပေ ၁၀၀၀၊ အမြင့် သုံးပေ ခြောက်လက်မရှိ မြေသားရေကန်တာပေါင် မြှင့်တင်ခြင်းလုပ်ငန်းကို လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း(CFW) ရန်ပုံငွေကျပ် သိန်း ၁၀၀ အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျောက်တန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေးသောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသန်း**

**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၆၅ | ၂၂၄၅ | ၂၃၄၅ | ၂၃၆၀ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၂၈၆၀ |
| 95 Ron | ၂၃၅၀ | ၂၄၀၀ | ၂၄၀၀ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၀ | ၂၄၀၅ | ၂၃၈၅ | ၂၄၈၀ | ၂၅၀၀ | ၂၃၉၀ | ၂၄၀၅ | ၂၄၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၆၇၀ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၆၅ | ၂၁၇၅ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၅ | ၂၄၄၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၂ | ၂၁၇၈ |
| 95 Ron | ၂၂၃၇ | ၂၃၁၅ |
| HSD (500 ppm) | ၂၀၁၈ | ၂၀၈၇ |
| HSD (50 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (10 ppm) | ၂၁၀၈ | ၂၁၇၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂


**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံခန်းမ





ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှမှတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း - ၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၁၊ ၀၉ ၆၇၈၉၉၉၉၂



ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ

PURE ARABICA COFFEE






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၃-၁၁-၂၀၂၃ ရက်နေ့ထုတ် ရတနာပုံသတင်းစာ၊ စာမျက်နှာ(၃၁) တွင် ဖော်ပြခဲ့သော **"အများသိစေရန် ကြေညာခြင်း"**မှ ဦးထွန်းကြည် (ခ) ဦးဝင်းဇော် ဟု ဖော်ပြခဲ့မှုအား **ဦးဝင်းကြည် (ခ) ဦးဝင်းဇော်** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **ဦးဝင်းကြည် (ခ) ဦးဝင်းဇော်**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်နေ ဒေါ်ဆန်းဆန်းတင် (ဘ) ဦးအောင်သန်း (၉/မလန(နိုင်)၁၂၆၉၂၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-402982)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၉၅၇၇၁၉၆၆**

### ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



### ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

**စာပေမြင့်မှ လူမျိုး တင့်မည်**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်မှာ ပညာရည်မြင့်မားမှုဖြစ်...

❖ မိမိတို့အစိုးရ၏ ပညာရေးမျှော်မှန်းချက်သည် ကျောင်းနေအရွယ်အားလုံး အနိမ့်ဆုံး KG+9 အောင်မြင်ရေးဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး ပညာရည်မြင့်မားရေး အလေးထား ဆောင်ရွက်ရန် မှာကြားလို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" ကျန်းမာပျော်ရွှင်လျက်ရှိမှုကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် အထီးကလေးတစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက"ဖြစ်ပြီး အဆိုပါဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊

**စာမျက်နှာ ၂၁ ကော်လံ ၁☆**

## ၂၀၂၃ ခုနှစ် အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

၂၀၂၃ ခုနှစ် အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် **(ယနေ့)** ညနေ ၃ နာရီ မိနစ် ၂၀ မှစ၍ နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပမှုများကို **MRTV HD Channel၊ MRTV Sports Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel**နှင့် **MWD Education, Knowledge & Sports Channel**၊ မြန်မာ့အသံရေဒီယိုနှင့်**MRTV App:** အပါအဝင် **Online** တို့မှလည်း တိုက်ရိုက်**(Live)**ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပင့်နှ)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ - ၁၆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

